မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၃)
အမှတ် (၃၇)

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၆ ရက်၊ ဗုဒ္ဓဟူးနေ့။

နိုင်ငံ့တာဝန် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဩစတြေးလျနေသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စ ကွင်တင်းဘရိုက်စ်နှင့်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ဩစတြေးလျစီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံ၌ ပိုမိုရင်းနှီးမြှုပ်နှံရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်၌ရောက်ရှိနေသော ဩစတြေးလျနေသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စ ကွင်တင်းဘရိုက်စ်နှင့်ခင်ပွန်း မစ္စတာ မိုက်ကယ်ဘရိုက်စ်တို့အား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ယနေ့နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် ဥပစာရှိမြက်ခင်းပြင်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဩစတြေးလျနေသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စ ကွင်တင်းဘရိုက်စ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။ ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ဩစတြေးလျနေသဟာယနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဩစတြေးလျနေသဟာယနိုင်ငံ ဘုရင်ခံချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကင်းထောက်လူငယ်မောင်မယ်များက နှစ်နိုင်ငံ အလံငယ်များဝှေ့ယမ်း၍ ဂုဏ်ပြုကြိုဆိုရာ ဩစတြေးလျနေသဟာယနိုင်ငံ ဘုရင်ခံချုပ်က ကင်းထောက် လူငယ်မောင်မယ်များအား ပြန်လည်၍ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❒

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲရေး တွေ့ဆုံဆွေးနွေးပွဲ နှစ်ဖက်ကိုယ်စားလှယ်များက ကျေနပ်အားရ သတင်းစာမျက်နှာ ➤ ၃

မန္တလေး – အင်ဖာလေယာဉ်လိုင်းသစ်ဖွင့်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

သတင်းနှင့်ဓာတ်ပုံ
CL ထန်းငါ

အင်ဖာ နိုဝင်ဘာ ၅

မန္တလေးမြို့တော်မှ မဏိပူရပြည်နယ် အင်ဖာမြို့သို့ တိုက်ရိုက်လေယာဉ် စင်းလုံးငှားခရီးစဉ်ကို နိုဝင်ဘာ ၂၁ ရက်မှစတင်၍ ပထမအကြိမ် ပြေးဆွဲမည်ဖြစ်ပြီး အဆိုပါလေယာဉ်လိုင်းသစ်ဖွင့်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် အိန္ဒိယနိုင်ငံအစိုးရက ယခုရက်ပိုင်းအတွင်း အင်ဖာလေယာဉ်ကွင်း **(ယာပုံ)** တိုးချဲ့ရေး၊ ပြင်ဆင်ရေးနှင့် လိုအပ်သည့်လုပ်ငန်းများ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လေယာဉ်လိုင်းသစ်ဖွင့်ပွဲကို နိုဝင်ဘာ ၂၁ ရက်မှ ၃၀ ရက်အထိ အင်ဖာမြို့တွင် ကျင်းပမည့် မဏိပူရပြည်နယ် တိုင်းရင်းသားရိုးရာပွဲတော်ဖြစ်သည့် Sangai ပွဲတော်ကာလအတွင်း *စာမျက်နှာ ၉ ကော်လံ ၅* ◆

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အီးဂါးဗားမင့်(န်) စီမံကိန်း

အီလက်ထရွန်နစ် ဆက်သွယ်ရေးနည်းပညာရပ်ဖြစ်သည့် အွန်လိုင်းဆက်သွယ်အသုံးပြုမှုသည် တဖြည်းဖြည်းကျယ်ဝန်း နက်ရှိုင်းလာလျက်ရှိသည်။ နယ်ပယ်စုံ၊ ကဏ္ဍစုံတို့တွင် အွန်လိုင်းဆက်သွယ်အသုံးပြုမှုသည် လူမှုအသိုက်အဝန်းများအကြား လျင်မြန်စွာ ဖွံ့ဖြိုးလာနေသည်။ သတင်းအချက်အလက် ဆက်သွယ်ရေးခေတ်ကြီးတွင် အင်တာနက်အသုံးပြုသူ များပြားလာခဲ့သည်။ ဤသို့ဖြင့် ကွန်ပျူတာ၊ အီးမေးလ်၊ အင်တာနက်ခေတ်စားလာမှုနှင့်အညီ ပြည်သူများအကြား၊ အစိုးရများအကြား အီးဂါးဗားမင့်(န်) (e-Government) စီမံကိန်း၏အခန်းကဏ္ဍသည် အရေးပါလာခဲ့ပြီဖြစ်ပါသည်။

e-Government ၏အဓိပ္ပာယ်သည် တစ်စတစ်စကျယ်ပြန့်လာသော ဝေါဟာရအသုံးအနှုန်းဖြစ်လာသည်။ e-Government ကို ရှုထောင့်မျိုးစုံမှ အဓိပ္ပာယ်ဖွင့်ကြပါသည်။ မည်သို့ပင်ဖြစ်စေ လက်ရှိအစိုးရဌာနများ၏ လုပ်ငန်းများ ယခုထက်ပိုမိုမြန်ဆန်သွက်လက်လာစေရန် ခေတ်မီအိုင်စီတီနည်းပညာကို ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲလာခြင်းဖြင့် e-Government ကို ဖော်ဆောင်သွားကြရမည်ဖြစ်ပါသည်။

e-Government ဟူသည်ကား အစိုးရနှင့်ဝန်ကြီးဌာနအသီးသီး၏ ဌာနဆိုင်ရာလုပ်ငန်းများကို အွန်လိုင်းမှတစ်ဆင့် လျင်မြန်စွာလုပ်ဆောင်ပေးနိုင်မည့် စီမံကိန်းဖြစ်ပါသည်။ ဤစီမံကိန်း အမှန်တကယ် ဖြစ်ထွန်းအောင်မြင်လာမည်ဆိုပါက အစိုးရနှင့်ဌာနဆိုင်ရာလုပ်ငန်းများ လျင်မြန်သွက်လက်စွာ ဆောင်ရွက်လာနိုင်ကာလုပ်ငန်းများ ပိုမိုမြန်ဆန်လာမည်ဖြစ်ပါသည်။ အချိန်ကုန်လူပန်းလုပ်ကိုင်ရမည့် လုပ်ငန်းများ အွန်လိုင်းပေါ်တွင် လုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။ ဤသို့ e-Government ကို ပီပြင်စွာဖော်ဆောင်လာနိုင်သည်နှင့်အမျှ အစိုးရဌာနဆိုင်ရာ လုပ်ငန်းများသာမက ၎င်းနှင့်ဆက်စပ်လုပ်ကိုင်ရသော ကုမ္ပဏီများ၊ လူမှုအဖွဲ့အစည်းများသည်လည်း ပိုမိုမြန်ဆန်ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် ပြည်သူတို့၏ လူမှုစီးပွားဘဝများလည်း လျင်မြန်စွာ တိုးတက်လာမည်ဖြစ်ပါသည်။

ယခုအခါ ပြည်ထောင်စုအစိုးရ၏ e-Government စီမံကိန်းကို အကောင်အထည်ဖော်နိုင်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ကွန်ပျူတာပညာရှင်များအသင်း၊ လုပ်ငန်းရှင်များပူးပေါင်း၍ ဒေသတွင်း e-Government ကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ ယင်း၏အစိတ်အပိုင်းအဖြစ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ e-Yangon ဝက်ဘ်ဆိုက်ကိုလည်း စတင်စမ်းသပ်လွှတ်တင်ထားပြီ ဖြစ်သည်။ ပြည့်စုံကောင်းမွန်သော e-Government စီမံကိန်းကို ၂၀၁၅ ခုနှစ်မတိုင်မီ အပြီးဆောင်ရွက်သွားရန်လည်း ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။ ဤစီမံကိန်းကြီးကို အောင်မြင်စွာအကောင်အထည်ဖော်လိုက်ခြင်းဖြင့် လုပ်ငန်းများ ပိုမိုမြန်ဆန်လာပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ယခုထက် ထိရောက်လျင်မြန်စွာ ဆောင်ရွက်လာနိုင်တော့မည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

လူစုလူဝေးအား စနစ်တကျထိန်းသိမ်းမှုလုပ်ငန်း သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၅

မြန်မာနိုင်ငံရဲတပ်ဖွဲ့ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ဥရောပသမဂ္ဂက ဖွင့်လှစ်ပေးသည့် ယခုသင်တန်းသည် နိုင်ငံတော်အကြီးအကဲ၏ ဥရောပနိုင်ငံများ ခရီးစဉ်အတွင်း ဥရောပသမဂ္ဂက တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုမှ ပေါ်ပေါက်လာရခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းကို ဥရောပသမဂ္ဂမှ တာဝန်ရှိသူများက အမှတ်(၈)ရဲတပ်ရင်းရှိ အရာရှိ၊ အခြားအဆင့်တပ်ဖွဲ့ဝင်များကို နိုင်ငံတကာနှင့်ဝင်ဆံ့နိုင်သည်အထိ တပ်ပါသင်ခန်းစာများကို သင်ကြားပို့ချပေးမည့်အပြင် အဓိကရုဏ်းချုပ်ဝတ်တန်ဆာများကိုပါ ထောက်ပံ့ပေးသည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က နိုဝင်ဘာ ၄ ရက် နံနက် ၁၁ နာရီက ရန်ကုန်မြို့ ကျွန်းတောလမ်းရှိမူးယစ်ပြတိုက်၌ ကျင်းပသည့် အဓိကရုဏ်းထိန်းချုပ်မှုသင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဒုတိယဝန်ကြီးက ဥရောပသမဂ္ဂအနေနှင့် အဓိကရုဏ်းထိန်းချုပ်မှုသင်တန်းကို အပိုင်းသုံးပိုင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနှင့်လည်း အဓိကရုဏ်းနှိမ်နင်းရေးနှင့် ပတ်သက်သည့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ခေတ်နှင့်အညီ ပြုစုပြင်ဆင်ထားပြီး EU Police ကိုယ်စားလှယ်များနှင့် အခြေခံအချက်များကို ပွင့်ပွင့်လင်းလင်း အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ပြီး ဖြစ်ကြောင်း။

သင်တန်းသားများ အနေဖြင့်လည်း သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ဖြစ်သည့် နိုင်ငံတကာ စံနှုန်းများနှင့်အညီ အကြမ်းဖက်လူအုပ်စုများကို ကိုင်တွယ်ထိန်းသိမ်းခြင်းကိုသာမက တရားဥပဒေစိုးမိုးရေးလုပ်ငန်းများတွင်ပါ လူထုအားကို အပြည့်အဝရယူအသုံးချပြီး ပြည်သူကိုဗဟိုပြုသည့် မိမိတို့၏ရဲလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် သင်ကြားလေ့ကျင့်မှုများကို အလေးအနက်ထားလေ့လာကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဥရောပသမဂ္ဂဆိုင်ရာ သံအမတ်ကြီး H.E.Mr. Roland Kobla က ဥရောပသမဂ္ဂအနေနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ဤစီမံကိန်းဖြင့် ပံ့ပိုးကူညီရသည့် အဓိကရည်ရွယ်ချက်မှာ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် လူထုအကြား ပိုမိုနီးစပ်ဝင်ဆံ့မှုရှိပြီး မှုခင်းကိစ္စရပ်များကို ကြိုတင်ကာကွယ်လာနိုင်ကာ တစ်ဦးနှင့်တစ်ဦး လူ့အခွင့်အရေးကိစ္စရပ်များကို လေးစားလိုက်နာပြီး နိုင်ငံတကာလက်ခံကျင့်သုံးနေသည့် ရဲလုပ်ငန်းစဉ်များ လုပ်ဆောင်လာနိုင်ရန် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ International Management Group (IMG) အထွေထွေမန်နေဂျာ Mr. Dino Bicciato က IMG အနေနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံတော်သမ္မတရုံး၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ လွှတ်တော်မှ ဥပဒေရေးရာကော်မတီ၊ လူမှုရေးအဖွဲ့အစည်းများ၊ သတင်းဌာနများနှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံသားများအားလုံးအကျိုးရှိမည့် ကိစ္စတစ်ရပ်ဆောင်ရွက်ရမှာဖြစ်၍ စွမ်းစွမ်းတမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် IMG အဖွဲ့ခေါင်းဆောင် Mr.Friedrich Schwindt က မည်သည့်နိုင်ငံမှာမဆို ရဲတပ်ဖွဲ့လုပ်ငန်းစဉ်ဆိုသည်မှာ အလွန်အရေးကြီးသည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များ၏ အဓိကရည်ရွယ်ချက်နှင့်တာဝန်မှာ လူတို့၏ လူ့အခွင့်အရေးကို လေးစားရမှာဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ အဓိကရုဏ်းထိန်းချုပ်မှုသင်တန်းကို နိုဝင်ဘာ ၅ ရက်မှ ၂၀ ရက်အထိ မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ရှိ အမှတ်(၈)ရဲတပ်ရင်း၌ သင်ကြားပို့ချမည်ဖြစ်ပြီး အရာရှိနှင့် အခြားအဆင့်တပ်ဖွဲ့ဝင် ၂၀၀ တက်ရောက်ကြမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ ပြည်သူ့လွှတ်တော်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် တာဝန်ရှိသူများ၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဥရောပသမဂ္ဂမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ မေတ္တာရပ်ခံချက်နှင့် ပြည်သူ့လွှတ်တော် တရားဥပဒေရေးရာကော်မတီ ဥက္ကဋ္ဌ၏ ထောက်ခံချက်အရ ဥရောပသမဂ္ဂမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ လူစုလူဝေးအား စနစ်တကျ ထိန်းသိမ်းမှုလုပ်ငန်းနှင့် လူထုပါဝင်သော ရဲလုပ်ငန်းတို့အား ပြန်လည်ပြင်ဆင်ရန် စွမ်းရည်မြှင့်တင်ရေးကဏ္ဍတွင် ပံ့ပိုးကူညီရန် သဘောတူခဲ့သည်။ စီမံကိန်းကာလမှာ ၁၈ လကြာမြင့်မည်ဖြစ်ပြီး စီမံကိန်းအတွက် ဥရောပငွေ ယူရို ၁၀ သန်း ထောက်ပံ့မည်ဖြစ်သည်။

(သတင်းစဉ်)

မြို့နယ်သတင်းထောက်များနှင့်စာမူပေးပို့သူများသို့ ပန်ကြားချက်

မြန်မာ့အလင်းသတင်းစာသည် ပြည်သူဗဟိုပြု သတင်းစာအဖြစ် အသွင်သဏ္ဌာန်နှင့်အနှစ်သာရကိုပါ ပြောင်းလဲဖော်ပြပေးလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ မြို့နယ်သတင်းထောက်များနှင့် အလွတ်သတင်းထောက်များသည် ပြည်သူ့အကျိုးပြုနှင့် ထူးခြားသတင်းဖြစ်စဉ်များ အားပေးပို့ကြရာတွင် မိမိတို့ကိုယ်တိုင်ရေးသားကြောင်းနှင့် အခြားမည်သည့်သတင်းဌာနများသို့ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ မြန်မာ့အလင်းသတင်းစာတိုက် အီးမေးလ်လိပ်စာ mmalin.npt @gmail. com နှင့် ဖက်စ်နံပါတ် ၀၆၇-၃၆၁၀၄၆ တို့သို့ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း။

စာတည်းအဖွဲ့

မ/ဒဂုံအိမ်ရောင်းမည်။
ရွှေပင်လုံအိမ်ရာ၊ ပေ(၈၀×၈၀)
ဂရန်အမည်ပေါက်၊ Line Phone, MBR 1, 4BR,1AC ,
ကျပ်သိန်း ၅၅၀၀ (2RC)
ဖုန်း-၀၉-၅၁၅၂၇၄၉၊ ၀၉-၅၁၁၈၁၄၉

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၅

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr.Hideo Watanabe နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ စီးပွားရေး အလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံမှ အကြံဉာဏ်နှင့် အကူအညီများရရှိရေး၊ မြန်မာပြည်သူများအတွက် ထိရောက်ပြီးလက်တွေ့ကျသည့် အထောက်အပံ့နှင့် အကူအညီများဖြစ်ပေါ်လာစေရေး၊ မြန်မာပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေနိုင်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းရှိသော တောင်သူလယ်သမားများ၏ အကျိုးစီးပွားဖြစ်ထွန်းစေရေးအတွက် အတိုးနှုန်းသက်သာသော ချေးငွေများရရှိရေး၊ နည်းပညာအကူအညီပေးရေး၊ လယ်ယာထွက်ကုန်များအတွက် ထိုက်သင့်သောဈေးနှုန်းနှင့် ဈေးကွက်ရရှိရေး၊ ဂျပန်နိုင်ငံမှအကူအညီ အထောက်အပံ့ပေးနေသော(ODA) အစီအစဉ်များရရှိရေး၊ မြန်မာ-ဂျပန် နှစ်နိုင်ငံ စီးပွားရေး၊ ချစ်ကြည်ရင်းနှီးမှုနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် သူရ ဦးအောင်ကို၊ ဦးသိန်းဆွေ၊ ဦးမောင်ဦး၊ ကော်မတီအတွင်းရေးမှူး ဦးကြည်သာ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr.Hideo Watanabe အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

(၆၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးဆိုင်ရာ စာမေးပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော(၆၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးဆိုင်ရာ စာမေးပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီက မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ သာသနာရေးဝန်ကြီးဌာန ရန်ကုန်ရုံးခွဲအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ အစည်းအဝေးသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ကျင်းပသွားမည်

အဆိုပါစာမေးပွဲကို ၁၃၇၅ ခုနှစ် နတ်တော်လဆန်း ၆ ရက်၊ (တနင်္ဂနွေနေ့)မှ ပြာသိုလဆန်း ၉ ရက်၊ (ကြာသပတေးနေ့) အထိ ၈-၁၂-၂၀၁၃ မှ ၉-၁-၂၀၁၄ ရက်အထိ ရက်ပေါင်း ၃၃ ရက်ကြာ ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ကျင်းပသွားမည်ဖြစ်ပြီး အာဂုံပြန်အပါး ၃၀၀နှင့် သဘောရေးဖြေ အပါး ၁၈၀ စုစုပေါင်း အပါး ၄၈၀ ဖြေဆိုသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုများရပ်စဲရေး တွေ့ဆုံဆွေးနွေးပွဲ နှစ်ဖက်ကိုယ်စားလှယ်များက ကျေနပ်အားရ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သတင်းထုတ်ပြန်ရေးအဖွဲ့

သတင်းထုတ်ပြန်ချက် (၁၇/၂၀၁၃)

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်

(၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုများရပ်စဲရေး တွေ့ဆုံဆွေးနွေးပွဲဆောင်ရွက်မှု သတင်းထုတ်ပြန်ချက်

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့တို့သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲရန် လက်မှတ်ရေးထိုးနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၄-၅ ရက်များတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မဂ္ဂလာခန်းမ၌ကျင်းပခဲ့သည်။ ယင်းဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဦးဆောင်သောအဖွဲ့နှင့် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အသီးသီးမှခေါင်းဆောင်များ၊ ကိုယ်စားလှယ်များတက်ရောက်ကြပါသည်။ လေ့လာသူများအဖြစ် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာ ဗီဂျေနမ်ဘီးယားနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ ဝမ်ရင်ဖန်းတို့လည်း တက်ရောက်ကြပါသည်။

၂။ အဆိုပါဆွေးနွေးပွဲတွင် လက်နက်ကိုင်တိုင်းရင်းသားခေါင်းဆောင်များကဖွဲ့စည်းသော **တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့**(Nationwide Ceasefire Coordination Team- NCCT) က ရေးဆွဲသည့် **လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး ဘုံသဘောထားရပ်တည်ချက်များ (လိုင်ဇာသဘောတူညီချက်)**ကို တင်ပြဆွေးနွေးပြီး **ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ**သို့ ပေးအပ်ပါသည်။

၃။ အလားတူ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီသည် ရေးဆွဲထားသည့် **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့်လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်စာချုပ်(မူကြမ်း)ကို တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့**(NCCT) သို့ ပေးအပ်ပါသည်။

၄။ အဆိုပါဆွေးနွေးပွဲမှ နိုင်ငံရေးသဘောတူညီချက်များ ရရှိသည်အထိ အောက်ပါအချက်များကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း သဘောတူညီကြပါသည်-

(က) တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေး၊

(ခ) နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးဆိုင်ရာ မူဘောင်များချမှတ်ရေး၊

(ဂ) နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ ကျင်းပရေး။

၅။ **တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့** (NCCT) သည် **တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်စာချုပ်** ချုပ်ဆိုနိုင်ရေးအတွက် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်းဆွေးနွေးပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း ကရင်ပြည်နယ် ဘားအံမြို့၌ **ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ**နှင့် တွေ့ဆုံဆွေးနွေးရန် သဘောတူညီကြပါသည်။

၆။ နှစ်ပေါင်း ၆၀ ကျော်ကြာ ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများအဆုံးသတ်နိုင်မည့် ညှိနှိုင်းဆွေးနွေးမှုများ စတင်ဆောင်ရွက်နိုင်ရန် ဦးတည်လျက် ယခုအစည်းအဝေး၏ ပူးပေါင်းဆောင်ရွက်မှုများအပေါ် နှစ်ဖက်ကိုယ်စားလှယ်များက ကျေနပ်အားရကြပြီး နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ အမြန်ဆုံးကျင်းပနိုင်ရန် သဘောတူညီထားကြကြောင်း ပူးတွဲသတင်းထုတ်ပြန်ထားသည်ကို အများပြည်သူသိရှိနိုင်ရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတကာသတင်း

ဆီးရီးယားပြည်သူ ၄၀ ရာခိုင်နှုန်း အထောက်အပံ့အကူအညီများ လိုအပ်နေ

ဝါရှင်တန် နိုဝင်ဘာ ၅

ဆီးရီးယားနိုင်ငံ၏ လူဦးရေ ၉ ဒသမ ၃ သန်း၊ တစ်နည်းအားဖြင့် ဆီးရီးယားနိုင်ငံသား ၄၀ ရာခိုင်နှုန်းတို့သည် ပြည်ပနိုင်ငံများမှ အထောက်အပံ့များလိုအပ်နေသည်ဟု ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုအကြီးအကဲ Valerie Amos က ပြောကြားခဲ့ကြောင်း နိုဝင်ဘာ ၅ ရက် ဘီဘီစီသတင်းတွင် ရေးသားထားသည်။

၎င်းအချက်အလက်သည် စက်တင်ဘာလက ကုလသမဂ္ဂကထုတ်ပြန်ထားသည့် ဒုက္ခသည်အရေအတွက် ဦးရေ ၆ ဒသမ ၈ သန်းမှ ၃၀ ရာခိုင်နှုန်းထပ်တိုးလာခြင်းပင်ဖြစ်သည်။

ဆီးရီးယားနိုင်ငံ၏ အကျပ်အတည်းသည် ရှောင်လွှဲမရဘဲ အလျင်အမြန်ဖြင့် ဆက်လက်ဆိုးရွားနေဆဲဖြစ်သည်ဟု Ms. Amos ကဆိုသည်။

အဆိုပါ အထောက်အပံ့လိုအပ်နေသည့် ဦးရေထက်ဝက်ကျော်တို့သည် ပြည်တွင်းစစ်ကာလ အိမ်ရာစွန့်ခွာထွက်ပြေးရသူ ဆီးရီးယားနေပြည်သူများဖြစ်ကြပြီး စုစုပေါင်း ၆ ဒသမ ၅ သန်းရှိသည်။

ပြီးခဲ့သည့်လက ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆီးရီးယားနိုင်ငံသားတို့၏ လူ့အခွင့်အရေးဆိုးရွားနစ်နာမှုမှာ အလျင်အမြန် ဆိုးရွားလာနေပြီး အထောက်အပံ့များ အမြန်လိုအပ်နေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ၎င်းအခြေအနေသည် ဆီးရီးယားခါတုလက်နက်ဖယ်ရှားရှင်းလင်းရေးပြီးလျှင် နောက်ထပ်ဖြေရှင်းရမည့် အကြောင်းအရာတစ်ခုဖြစ်သည်။

ထောက်ပံ့ကူညီမှုလိုအပ်သူ ဆီးရီးယားပြည်တွင်းနေ လူဦးရေ ၂ ဒသမ ၅ သန်းကျော်မှ အများစုမှာ အစားရေစာ မလုံလောက်မှု၊ လျှပ်စစ်မီးမရရှိမှုနှင့်ဆေးဝါးအထောက်အပံ့ကင်းမဲ့မှုရှိနေရာများတွင် နေထိုင်နေကြရသည်။

အကူအညီ အထောက်အပံ့ပေးအေဂျင်စီများက ဆီးရီးယားအစိုးရသည် ပြည်ဝင်ခွင့်ဗီဇာကို ဟန့်တားထားပြီး နိုင်ငံတွင်းသို့ ပြည်ပအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်မှုအရေအတွက်ကို ကန့်သတ်ထားသည်ဟု ဆိုကြသည်။ ဂျော်ဒန်ကဲ့သို့သော အိမ်နီးချင်းနိုင်ငံများသည်လည်း ဆီးရီးယားဖြတ် ကျော်ပြည်ပြေးဒုက္ခသည်များ အစုအပြုံလိုက်ဝင်ရောက်မှုကို ၎င်းတို့အနေဖြင့် မဖြေရှင်းပေးနိုင်ပါဟု သတိပေးထားကြသည်။

ကုလသမဂ္ဂမှ တွက်ချက်မှုအရ ၂၀၁၁ ခုနှစ် မတ်လကစတင်ခဲ့သော လူထုအုံကြွမှု ပဋိပက္ခပြဿနာများအတွင်း ထွက်ပြေးဒုက္ခသည် ၂ သန်းကျော်ခဲ့ပြီး သေဆုံးသူဦးရေ တစ်သိန်းကျော်ခဲ့သည်ဟု ဖော်ပြထားသည်။ **(ဘီဘီစီ)**

ဒမတ်စကတ်မြို့၌ ကလေးငယ်တစ်ဦးအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးစဉ်။

အီရန်က ဆီးရီးယားတွင် စစ်ရေးကြားဝင်နေ
ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး ပြောကြား

တီဟီရန် နိုဝင်ဘာ ၅

အီရန်နိုင်ငံသည် ဆီးရီးယားနိုင်ငံအတွင်း စစ်ရေးကြားဝင်နေကြောင်း ဆော်ဒီအာရေဗျ နိုင်ငံခြားရေးဝန်ကြီး ဆော့အယ်လ်ဖိုင်ဇယ်က စွပ်စွဲပြောကြားလိုက်သည်။ အီရန်က ဆီးရီးယားနိုင်ငံအတွင်း တပ်များဖြန့်ကြက်ချထားကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် ဖိုင်ဇယ်က ပြောကြားလိုက်ခြင်းဖြစ်သည်။ ဆော်ဒီအာရေဗျနိုင်ငံအနေဖြင့် ဆီးရီးယားအစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသော ပြည်ပကျောထောက်နောက်ခံ စစ်သွေးကြွများအား လက်နက်နှင့်ငွေကြေးများ အဓိကထောက်ပံ့နေကြောင်း သတင်းထွက်ပေါ်လာပြီးနောက် ဆော်ဒီအာရေဗျနိုင်ငံခြားရေးဝန်ကြီး၏ အထက်ပါမှတ်ချက်ထွက်ပေါ်လာခြင်း ဖြစ်သည်။

ဆီးရီးယားစစ်သွေးကြွများ အသုံးပြုသော လက်နက်များသည် ဆော်ဒီအာရေဗျက ယူကရိန်းနှင့် ဘူလ်ဂေးရီးယားနိုင်ငံ မှောင်ခိုဈေးကွက်များမှ ဝယ်ယူကာ ပေးပို့နေကြောင်း ပြင်သစ်သတင်းစာ Le Figaro က ဖော်ပြသည်။ **(ဘီဘီစီ)**

ပါကစ္စတန်ခေါင်းဆောင်ဟောင်း မူရှာရက်ဖ် အာမခံဖြင့် လွတ်မြောက်ဖွယ်ရှိ

အစ္စလမ္မာဘတ် နိုဝင်ဘာ ၅

ပါကစ္စတန်တရားရုံးက စစ်အုပ်ချုပ်ရေးခေါင်းဆောင်ဟောင်း ပါဗက်ဇ် မူရှာရက်ဖ်အား အစ္စလမ္မာဘတ် ဗလီနီမှ စစ်သွေးကြွများကို ဖယ်ရှားရန် ၂၀၀၇ စစ်ဆင်ရေးအပေါ် စွဲဆိုထားသည့်အမှုနှင့် စပ်လျဉ်း၍ ဖမ်းဆီးထားခြင်းကို အာမခံဖြင့် လွှတ်ရန် သဘောတူလိုက်ကြောင်း နိုဝင်ဘာ ၄ ရက် ဘီဘီစီ၌ ဖော်ပြသည်။ တရားရုံးက မစ္စတာ မူရှာရက်ဖ်အနေဖြင့် အာမခံငွေဒေါ်လာ ၂၀၀၀ ပေးရန် သဘောတူလိုက်သည်။ ၎င်းကိုစွဲဆိုထားသည့် အမှုအားလုံး အာမခံရရှိသွားပြီဖြစ်၍ မကြာမီ နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ဖွယ်ရှိသည်။

သို့ရာတွင် ဗိုလ်ချုပ်ကြီးဟောင်း မူရှာရက်ဖ်သည် အစိုးရက ကန့်သတ်ချုပ်ချယ်ထားသည့် စာရင်းတွင် ရှိနေဆဲဖြစ်၍ ပြည်ပသို့ထွက်ခွာခွင့်ပြုလိမ့်မည်မဟုတ်ဟု ဆိုသည်။ မစ္စတာမူရှာရက်ဖ်သည် ပါကစ္စတန်မှထွက်ခွာရန် ရည်ရွယ်ချက်မရှိကြောင်း မြို့တော်တရားရုံးချုပ် အပြင်ဘက်၌ ၎င်း၏ရှေ့နေက ပြောသည်။

အဆိုပါ ဗလီနီကို စစ်တပ်ဖြင့် ဝိုင်းပြီး စစ်ဆင်ရေးပြုလုပ်ရန် ဗိုလ်ချုပ်ကြီး မူရှာရက်ဖ်က အမိန့်ပေးခဲ့သဖြင့် ဗလီဆရာတစ်ဦးအပါအဝင် လူ ၁၀၀ ကျော်သေဆုံးခဲ့ရသည်။ ထိုနေ့တွင် ပါကစ္စတန်နိုင်ငံအတွင်း စစ်သွေးကြွများ၏ အကြမ်းဖက်တိုက်ခိုက်မှုများလည်း ဖြစ်ပွားခဲ့သည်။ **(ဘီဘီစီ)**

ကိုလံဘီယာ၌ ဘတ်စ်ကားတစ်စီး ချောက်ထဲထိုးကျ၊ ၁၃ ဦး သေဆုံး

ဘိုဂိုတာ နိုဝင်ဘာ ၅

ကိုလံဘီယာနိုင်ငံအနောက်တောင်ပိုင်း၌ ဘတ်စ်ကားတစ်စီး မီတာ၈၀ အနက်ရှိ လျှိုတစ်ခုအတွင်းထိုးကျမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၃ ဦးသေဆုံးခဲ့ပြီး အခြား ၆၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ရေးသားထားသည်။

အဆိုပါ မတော်တဆမှုဖြစ်သည့်ဘတ်စ်ကားမှာ ခရီးသွားများစွာအပြည့် အကျပ် တင်ဆောင်လာခြင်းဖြစ်ပြီး အများစုမှာ ဒေသခံများဖြစ်ကာနာမည်ကြီး မင်္ဂလာပွဲတစ်ခုသို့ သွားကြခြင်းဖြစ်သည်။

ပြောကြား

ဒဏ်ရာရသူများအနက် ၁၅ ဦးမှာ စိုးရိမ်ဖွယ်အခြေအနေရှိသည်ဟု အာဏာပိုင်များက ပြောကြားထားသည်။

ဖြစ်ပွားစဉ်က ရာသီဥတုကောင်းမွန်လျက်ရှိပြီး မည်သို့မည်ပုံကြောင့် မတော်တဆဖြစ်ရကြောင်း စစ်ဆေးစုံစမ်းနေဆဲဖြစ်သည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်းမှာပင် ကိုလံဘီယာနိုင်ငံ၌ ယာဉ်မတော်တဆမှု သုံးခုရှိခဲ့ပြီး ၂၁ ဦးသေဆုံးခဲ့သည်ဟု သိရသည်။ ကိုလံဘီယာ အမြန်လမ်းရဲတပ်ဖွဲ့က ယာဉ်မတော်တဆမှုများသည် စက်ချွတ်ယွင်းမှုတို့ကြောင့် ဖြစ်ရကြောင်း ပြောကြားသည်။

(ဆင်ဟွာ)

စက်ရုပ်အာကာသယာဉ်တစ်စင်း အင်္ဂါဂြိုဟ်သို့ အိန္ဒိယနိုင်ငံက လွှတ်တင်

နယူးဒေလီ နိုဝင်ဘာ ၅

အိန္ဒိယနိုင်ငံသည် ဂြိုဟ်နီကြီးခေါ် အင်္ဂါဂြိုဟ်ပေါ်သို့ စက်ရုပ်အာကာသယာဉ်စေလွှတ်လိုက်ပြီဖြစ်ကြောင်း၊ ယင်းမှာ တောင်အာရှနိုင်ငံတစ်ခုအတွက် ပထမဆုံးဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါ စက်ရုပ်အာကာသယာဉ်သည် အင်္ဂါဂြိုဟ်ကို လှည့်ပတ်ပြီး စမ်းသပ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အိန္ဒိယအာကာသအေဂျင်စီအကြီးအကဲက ပြောသည်။

အင်္ဂါဂြိုဟ် လှည့်ပတ်လေ့လာရေးမစ်ရှင်(အမ်အိုအမ်)ကို ဂရင်းနစ်စံတော်ချိန် ၀၉ နာရီ ၀၈ မိနစ်တွင် ဆရီဟာချိုကိုတာမှ အိန္ဒိယလုပ်ဒုံးပျံဖြင့် နိုဝင်ဘာ ၅ ရက်တွင် လွှတ်တင်လိုက်ပြီဖြစ်ကြောင်း ၎င်းကပြောသည်။ ၎င်းစက်ရုပ် အာကာသယာဉ်သည် ဂြိုဟ်နီကြီး ရောက်ရှိရန် ရက်ပေါင်း ၃၀၀ ကြာမြင့်အောင် သွားရလိမ့်မည်ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် အင်္ဂါဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အဆိုပါ စက်ရုပ်အာကာသယာဉ် အင်္ဂါဂြိုဟ်ပေါ်သို့ စေလွှတ်ခြင်းသည် အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ ဂျပန်နှင့် တောင်ကိုရီးယား၊ အခြားနိုင်ငံများအကြား အာကာသနည်းပညာ ပြိုင်ဆိုင်မှုလည်းဖြစ်ကြောင်း လေ့လာမှုများက သုံးသပ်ထားသည်။ ၎င်းစက်ရုပ်အာကာသယာဉ်သည် အင်္ဂါဂြိုဟ်လေထုအတွင်း မီသိန်းဓာတ်ငွေ့ရှာဖွေရေးအစီအစဉ်လည်းပါဝင်သည်ဟုဆိုသည်။ ယခင်က နာဆာမှလွှတ်တင်ခဲ့သော ကျူရီယိုစီတီ အာကာသယာဉ်သည် ၎င်းဓာတ်ငွေ့ကို ရှာဖွေရာ မအောင်မြင်ခဲ့ဟုဆိုသည်။ **(ဘီဘီစီ)**

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်စိုး ၁၂/အစန(နိုင်)၁၅၈၃၅၅ အမည်ပေါက်ကားပါမစ်မူရင်းနှင့် အခွန်ကြေညာလွှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၃၁၅၂၈၄၃

စာအုပ်စာပေ လူ့မိတ်ဆွေ

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ Tender 2013-B-OVS အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရုံးချုပ်အခြေစိုက်ပြည်ပဆက်သွယ်ရေးစခန်းမှ အောက်ဖော်ပြပါ လုပ်ငန်းများအပ်နှံခြင်း၊ စက်ပစ္စည်းများဝယ်ယူခြင်းတို့အတွက် မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့်လည်းကောင်း ဆောင်ရွက်လိုပါ၍ ဈေးပြိုင်အိတ်ဖွင့်တင်ဒါတင်သွင်းမည့် လုပ်ငန်းရှင်များကို ဖိတ်ခေါ်အပ်ပါသည်။

စဉ်	အကြောင်းအရာ	အရေအတွက်	မှတ်ချက်
၁	IGW Softswitch Expansion စက်ပစ္စည်းများ ဝယ်ယူခြင်း	1 Lot	နိုင်ငံခြားငွေ
၂	40 G DWDM စက်ပစ္စည်းများဝယ်ယူခြင်း	1 Lot	ကျပ်ငွေ
၃	100G DWDM စက်ပစ္စည်းများဝယ်ယူခြင်း	1 Lot	ကျပ်ငွေ
၄	ရန်ကုန် ပုသိမ် International Backhaul Link UG Fiber Cable ဆက်ကြောင်းတည်ဆောက်ခြင်း	1 Lot	ကျပ်ငွေ
၅	ဂြိုဟ်တုမြေပြင်စခန်းဆိုင်ရာစက်ပစ္စည်းများဝယ်ယူခြင်း	1 Lot	ကျပ်ငွေ
၆	နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း	1 No	ကျပ်ငွေ

၂။ တင်ဒါပုံစံများအား ပြည်ပဆက်သွယ်ရေးရုံးချုပ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ၈ မိုင်လမ်းဆုံအနီး၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်းထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများ (Technical and requirement Proposal) ကို ၂၉-၁၁-၂၀၁၃ရက် ၉း၃၀ နာရီ မှ ၁၆း၃၀ နာရီအတွင်း ပြည်ပဆက်သွယ်ရေးရုံးချုပ်တွင် ပေးသွင်းပါရန်နှင့် သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၄၅၀၀၀၀၁၄၂၊ ၀၁-၆၅၀၁၁၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၃။ ဈေးနှုန်းတင်ပြလွှာများအား ဈေးနှုန်းစိစစ်ရန် ခေါ်ယူသောနေ့မှသာ တစ်ပါတည်းယူဆောင်လာ၍ တင်သွင်းရပါမည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ပြည်တွင်းသတင်း

ပေါင်းလောင်းအဆုံး စစ်တောင်းအစက ရေလွှမ်းခံရသူများ

သတင်းဆောင်းပါး-သူရဇော်၊ ထွန်းဝင်းနိုင်

ယခုနှစ်တွင် အချိန်အခါမဟုတ် မိုးကြီးရေလျှံမှုများနှင့်အတူ ဥတုရာသီဖောက်ပြန်မှုများကြောင့် နိုင်ငံတစ်ဝန်း နေရာဒေသအနှံ့၌ မကြားဖူးအတွေ့အကြုံများကို ပြောမဆုံးအောင်တွေ့မြင်ခဲ့ရသည်။ မြစ်ရေကြီးခြင်းနှင့် ချောင်းရေလျှံမှုတို့ကို အများအားဖြင့် မြစ်ဝကျွန်းပေါ်ဒေသနှင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင်သာ အများဆုံးကြုံတွေ့ရသည်။

ယနေ့ပြောင်းလဲလာသည့် ရာသီဥတုအခြေအနေများကြောင့် လွန်ခဲ့သောနှစ်ပေါင်း ၃၀/၄၀ အတွင်း တစ်ကြိမ်တစ်ခါလောက်သာ ကြုံတွေ့ရသည့် ရေကြီးရေလျှံမှုမှာ ယခုအခါ တစ်နှစ်ခြားတစ်ခါ ကြုံတွေ့နေရသည့်အပြင် မိုးနည်းရပ်ဝန်းဒေသများတွင်ပင် ရက်တိုရက်ရှည် မိုးကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုများကို မီဒီယာများမှတစ်ဆင့် သိရှိနေရသည်။

၎င်းတို့အနက် အောက်တိုဘာ ၂၇၊၂၈ရက်တို့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်နှင့်ကျေးရွာများ၌ ပေါင်းလောင်းမြစ်ရေလျှံခြင်းများနှင့် စစ်တောင်းမြစ်ဖျားဒေသရှိ ကျေးရွာများတွင် မြစ်ရေကြီးမှုကြောင့် ကျေးရွာနေပြည်သူများ လယ်ယာမြေများ သုံးလေးရက်မျှ ထိခိုက်ခံစားခဲ့ရကြောင်း ကြားသိရသဖြင့် မျက်မြင်သိရှိလိုသဖြင့် ယခုလို သွားရောက်မေးမြန်းခဲ့ပါသည်-

ဦးမြင့်သန်း ဟေမာန်ကျေးရွာ အုပ်ချုပ်ရေးမှူး လယ်ဝေးမြို့နယ်

၂၈ ရက် နံနက်ပိုင်းလောက်ကစပြီး ရေတက်တာကို သတိပြုမိပါတယ်။ စတက်တုန်းကတော့ မဲဟော်တောင်ကျချောင်းရေ ဖြစ်ပါတယ်။ ညနေပိုင်းလောက်မှာ ပေါင်းလောင်းမြစ်ရေတိုးပြီး စစ်တောင်းမြစ်ထဲမစီးဝင်နိုင်တော့ဘဲ ရွာတွေဘက်ကို ရေတိုးလာပါတယ်။ ညပိုင်းမှာတော့ တစ်ရွာလုံးကို ရေလွှမ်းသွားပါတယ်။ ရေက အနိမ့်ပိုင်းမှာ ခြောက်ပေလောက်နဲ့ ကုန်းမြင့်ပိုင်းမှာ နှစ်ပေလောက် တက်ပါတယ်။

ရေစတက်ချိန်ကစပြီး ညနေ ၃ နာရီမှာ ရွာတွေထဲက သက်ကြီးရွယ်အိုတွေ၊ မကျန်းမာသူတွေနဲ့ ကလေးတွေကို ရေလွတ်ကုန်းမြင့်ဒေသဖြစ်တဲ့ ဗောဓိကုန်းရွာ ဘုန်းတော်ကြီးကျောင်းကို ပို့ပါတယ်။ ရွာမှာ လူဦးရေအားလုံးပေါင်း ၁၃၈၇ ဦးရှိပါတယ်။

ဒီလို ဘေးလွတ်ရာပို့နိုင်တာက ကျွန်တော်တို့ရွာတွေက ပေါင်းလောင်းနဲ့ စစ်တောင်းမြစ်ဆုံရာဒေသမှာရှိတဲ့အတွက် နှစ်တိုင်း မိုးကြီး ရေလျှံတာကို ကြုံတွေ့နေကျမို့ အတွေ့အကြုံရှိပြီးသားဖြစ်လို့ပါ။

လွန်ခဲ့တဲ့ နှစ် ၃၀ လောက်ကတော့ တစ်ကြိမ်ဆိုးဆိုးရွားရွား ရေကြီးရေလျှံတာ ကြုံရပါတယ်။ အရင်ကဆိုရင် အခုလိုကယ်ဆယ်ရေး လာရောက်တဲ့ အဖွဲ့တွေက အချိန်အတော်ကြာမှရောက်ပါတယ်။ လမ်းပန်းဆက်သွယ်ရေး မကောင်းတဲ့အတွက်ကြောင့်ပါ။ အခုကတော့ ၂၀၀၄ ခုနှစ်မှာ ပေါင်းလောင်းမြစ်ကူးတံတား တည်ဆောက်ပြီးတဲ့အတွက် အများကြီး အဆင်ပြေသွားတယ်။ ဒီနှစ်မှာပျက်စီးမှုအနေနဲ့က ပထမတောင်ကျချောင်းရေတက်ပြီးနောက် မြစ်ရေတိုးတဲ့အတွက် လယ်ဧက ၅၀၀ လောက်နဲ့ ယာ ၁၉ ဧကလောက် ရေမြုပ်ပြီး အချို့ ပျက်စီးဆုံးရှုံးနိုင်ပါတယ်။

ရေဘေးသင့်ခံရချိန်မှာ နေပြည်တော်ကောင်စီ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကနေပြီး စားနပ်ရိက္ခာနဲ့ လိုအပ်သောဆေးဝါးထောက်ပံ့မှုတွေ ပံ့ပိုးပေးပါတယ်။ ပြီးတော့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းစတဲ့ NGO တွေက လိုအပ်တဲ့ပစ္စည်းတွေကို ပံ့ပိုးပေးပါတယ်။ ယခုလက်ရှိအောက်တိုဘာ ၃၁ ရက်မှ စခန်းရုပ်သိမ်းသွားတဲ့အချိန်ထိ ပံ့ပိုးမှုတွေဆက်တိုက်လုပ်ပေးနေပါတယ်။

လယ်ဝေးမြို့နယ် စိုက်ပျိုးရေးရုံးကလည်း ရေဘေးကြောင့် ထိခိုက်ပျက်စီးမှုရှိတဲ့လယ်နဲ့ယာစာရင်းကို တောင်းထားပါတယ်။ ကျွန်တော်တို့ကလည်း အခုစာရင်းပြုစုနေတုန်းပဲရှိပါတယ်။ ပြီးရင် မြို့နယ်ရုံးကို ပေးပို့ပြီး တင်ပြသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးရုံးက မျိုးနဲ့ဓာတ်မြေဩဇာတွေ ပံ့ပိုးပေးမယ်လို့ ကြားမိပါတယ်။

ရေဘေးသင့်ပြည်သူများအတွက် မြို့နယ်ဘက်ကနေ ၂၈ ရက်မှ ၃၁ ရက်အထိ ထမင်းထုပ်ပေါင်း ၄၅၀၀၊ ဆန်အိတ်ပေါင်း ၄၆ အိတ်၊ ဆီ ၁၅ ပိဿာ၊ ရေသန့်ဘူး ၃၀၀၀ ကျော်၊ မာမားခေါက်ဆွဲထုပ် ၁၆၀၀နဲ့ ဒီဇယ်ဆီ ၂၆ ဂါလန်ကို ဝိုင်းဝန်းပံ့ပိုးပေးပါတယ်။ တခြားသောအဖွဲ့အစည်းများကလည်း ပံ့ပိုးမှုတွေ မပြတ်ခဲ့ပါဘူး။

ဦးမြင့်သန်း ဟေမာန်ကျေးရွာ အုပ်ချုပ်ရေးမှူး လယ်ဝေးမြို့နယ်။

ဦးထွန်းဝေ(လယ်လုပ်) ဟေမာန်ကျေးရွာ လယ်ဝေးမြို့နယ်။

ဦးထွန်းဝေ(လယ်လုပ်) ဟေမာန်ကျေးရွာ လယ်ဝေးမြို့နယ်

လွန်ခဲ့တဲ့တစ်နှစ်ကျော်လောက်ကလည်း ရေတစ်ခါကြီးဖူးပါတယ်။ ဒီနှစ်မှာတော့ ရေကပိုကြီးပါတယ်။ အဲဒီလိုရေကြီးတဲ့အခါ မီးသတ်တပ်ဖွဲ့ဝင်တွေ၊ ရဲတပ်ဖွဲ့ဝင်တွေနဲ့ အုပ်ချုပ်ရေးအဖွဲ့တွေပါဝင်တဲ့ ကယ်ဆယ်ရေးအဖွဲ့တွေက ကျွန်တော်တို့ကို မော်တော်ယာဉ်တွေနဲ့ ကယ်ဆယ်ရေးစခန်းဖွင့်ထားတဲ့ ဗောဓိကုန်းကျေးရွာကို ပို့ဆောင်ပေးပါတယ်။ ကယ်ဆယ်ရေးစခန်းကိုလည်း တာဝန်ရှိသူတွေ တော်တော်များများလာပါတယ်။ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တို့၊ နေပြည်တော်ကောင်စီတို့လည်း လာကြပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုအတွက်လည်း ဆေးခန်းတွေ ဖွင့်ပေးထားပါတယ်။ စားရေးအတွက် ထမင်းထုပ်တွေ ဝေပေးတာတို့၊ အလှူရှင်တွေကနေပြီးတော့ ဆန်အိတ်တို့၊ ဆီတို့၊ အသုံးအဆောင်တို့ လာလှူတာတွေလည်းရှိပါတယ်။ အဲဒီလိုလာလှူတဲ့ပစ္စည်းတွေကိုလည်း သက်ဆိုင်ရာအဖွဲ့တွေက စနစ်တကျနဲ့ ဝေပေးပါတယ်။ ရေကြီးမှုကြောင့် စိုက်ပျိုးမြေတွေ တော်တော်များများ ထိခိုက်ပျက်စီးမှုတွေ ရှိခဲ့တယ်လို့ သိရပါတယ်။

ကျွန်တော်ကတော့ လယ်နှစ်ဧက ပျက်စီးထိခိုက်ခဲ့ပါတယ်။ ရေပြန်ကျသွားပေမယ့် အနိမ့်ပိုင်းမှာရှိနေတဲ့ လယ်တွေကတော့ ပြန်မကောင်းလာပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရိတ်သိမ်းခါနီးတွေဖြစ်နေလို့ပါ။

ကယ်ဆယ်ရေးစခန်းမှာ နေထိုင်ရတုန်းကလည်း အားလုံး အစစအရာရာ အဆင်ပြေပါတယ်။ လိုအပ်တာမရှိပါဘူး။ ကျေနပ်ပါတယ်၊ ခုလို ရွာပြန်ရောက်တဲ့အထိ ပြန်လည်ပို့ဆောင်ပေးတဲ့အပြင် အိမ်ထောင်စုလူဦးရေအလိုက် ဆန်တွေ ဝေပေးတာတို့၊ ဆီတွေ ဝေပေးတာတို့၊ အိုးခွက်ပန်းကန်တွေနဲ့ အဝတ်အစားတွေခွဲဝေပေးတာတို့ လုပ်ပေးပါတယ်၊ ခုလိုရေကြီးတော့ အများကိုယ်စား စိတ်တော့မကောင်းပါဘူး။ ဒါပေမယ့် ရေကြီးတဲ့အချိန်ကစပြီး ရေပြန်ကျလို့ ကိုယ့်အိမ်ကိုယ်ပြန်ရောက်တဲ့အထိ ကူညီဆောင်ရွက်ပေးခဲ့သူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ကျေနပ်ပါတယ်။

မနီလာထွန်း သစ်ကြိမ်းကျေးရွာအုပ်စု ဟေမာန်ကျေးရွာ လယ်ဝေးမြို့နယ်

ရေက အောက်တိုဘာ ၂၈ ရက် နံနက် ၅ နာရီလောက်က တက်လာပါတယ်၊ ရေတက်လာတော့ မီးသတ်ဦးစီးဌာနက ကားတွေနဲ့ကယ်ဆယ်ရေးစခန်းရှိတဲ့ ဗောဓိကုန်းကျေးရွာကို ပြေးရပါတယ်။ ပြေးတဲ့အခါ ကျွန်မနဲ့အတူ မိသားစု လေးယောက် ပါပါတယ်။ ကယ်ဆယ်ရေးစခန်းမှာနေရတဲ့အတောအတွင်းမှာလည်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့၊ ကြက်ခြေနီအသင်းတို့က လာပြီးတော့ စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်ရေးတို့အတွက် အစစအရာရာ ကူညီထောက်ပံ့ဆောင်ရွက်ပေးတဲ့အပြင် အဝတ်အထည်တွေနဲ့ အသုံးအဆောင်တွေကိုလည်း ထောက်ပံ့ပေးပါတယ်၊ ကယ်ဆယ်ရေးစခန်းမှာနေခဲ့ရတဲ့ သုံးရက်စလုံး အားလုံးအဆင်ပြေပါတယ်၊ ရေပြန်ကျသွားတဲ့အခါမှာလည်း နေထိုင်တဲ့ ကျေးရွာတွေအရောက်စနစ်တကျပြန်ပို့ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်၊ အစစအရာရာကူညီထောက်ပံ့မှုတွေပေးခဲ့တဲ့သူအားလုံးကို ကျေးဇူးအလွန်တင်ပါတယ်။

အင်တာနက်မှ မဲပေးသူများကြောင့် People's Choice Award ဆုအတွက် တစ်ပြေးနေပြီး ကြိုးစားယှဉ်ပြိုင်နေသည့် မြန်မာမယ်စကြာဝဠာ မိုးစက်ဝိုင်

ရန်ကုန် နိုဝင်ဘာ ၅

ရုရှားနိုင်ငံ မော်စကိုမြို့တွင် ကျင်းပမည့် ၂၀၁၃ ခုနှစ် မယ်စကြာဝဠာပြိုင်ပွဲ (Miss Universe 2013 Contest) ကျင်းပရန် လေးရက်သာလိုတော့သည့် ယခုအချိန်တွင် အင်တာနက်မှတစ်ဆင့် မဲပေးသည့်စနစ်ဖြင့် ရရှိမည့် ဆုများအတွက် နှစ်ပေါင်း ၅၀ ကျော်အတွင်း ပထမဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်သူ မိုးစက်ဝိုင်က နံပါတ် (၁) နေရာ ရရှိလျက်ရှိနေကြောင်း အင်တာနက်စာမျက်နှာများပေါ်ရှိ သတင်းများအရ သိရသည်။

ရုရှားနိုင်ငံ မော်စကိုမြို့တွင် ကျင်း ပ မည့် ၂၀၁၃ ခုနှစ် မယ် စကြာဝဠာ ပြိုင် ပွဲ ဝင် မြန်မာ အ လှ မယ် မိုးစက်ဝိုင်။

Miss Universe 2013 People's Choice Award ဆုဖြစ်သည့် အင်တာနက်မှတစ်ဆင့်မဲပေးသည့်စနစ်ဖြင့် ပရိသတ်များရွေးချယ်ပေးရသည့်ဆုအတွက်အလှမယ်ပေါင်း ၈၇ ဦးအနက် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ်မိုးစက်ဝိုင်မှာ နံပါတ်(၁) နေရာတွင် ရပ်တည်လျက်ရှိနေပြီး ယခုသတင်းရေးသားဖော်ပြသည့် ည ၁၂ နာရီအထိ မဲအရေအတွက် ၆၂၂၅၄၃ မဲရရှိထားပြီး ပရိသတ်စိတ်ဝင်စားမှုမြင့်တက်လျက်ရှိကြောင်း အဆိုပါပြိုင်ပွဲ၏ တရားဝင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ပြည်တွင်းပြည်ပမှ မြန်မာနိုင်ငံသားများ၏ အားပေးမှုကြောင့် အဆိုပါ Choice Award ဆုအပြင် အခြားသော အင်တာနက်မှတစ်ဆင့်မဲပေးနိုင်သည့် ဆုသေးအများစုတွင်လည်း နိုင်ငံတကာအလှမယ်များထက် မြန်မာအလှမယ်က တစ်ပြေးလျက်ရှိနေကြောင်း မယ်စကြာဝဠာပြိုင်ပွဲနှင့် ဆက်စပ်သည့် အင်တာနက်စာမျက်နှာများတွင် ဖော်ပြထားသည်။

ထို့အပြင် မိုးစက်ဝိုင်၏ လက်ရှိအခြေအနေကို ဆက်သွယ်မေးမြန်းကြည့်ရာ “နောက်ဆုံး ဆန်ခါတင်ပြိုင်ပွဲဝင် ၁၆ ဦးထဲမှာ ပါဝင်ခွင့်ရဖို့အတွက် အစွမ်းကုန်ကြိုးစားလျက်ရှိပါတယ်။ အားပေးကြတဲ့ ပရိသတ်ကြီးကို အများကြီးကျေးဇူးတင်တဲ့အပြင် အားပေးတဲ့ခွန်အားတွေကြောင့် အကောင်းဆုံးကြိုးစားသွားပါ့မယ်။ အားပေးကြပါလို့လည်း ပြောချင်ပါတယ်။ ဆက်လက်ပြီး မဲပေးကြပါဦးလို့လည်း ပရိသတ်ကြီးကို မေတ္တာရပ်ခံချင်ပြီး မိုးစက်အနေနဲ့ အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်” ဟု ပြန်လည်ဖြေကြားသည်။

မြန်မာအလှမယ် မိုးစက်ဝိုင်က ၎င်းအနေနှင့်ကျန်းမာရေးကောင်းမွန်စေရန် အထူးဂရုပြုနေထိုင်လျက်ရှိနေပြီး အခြားနိုင်ငံတကာအလှမယ်များနှင့်လည်း ဆက်ဆံမှုအဆင်ပြေကြောင်း ဗွီအိုအေသတင်းဌာနနှင့်တွေ့ဆုံစဉ် ဖြေကြားခဲ့သည်ကို အင်တာနက်စာမျက်နှာတွင် တွေ့ရှိရသည်။

မြန်မာအလှမယ် မိုးစက်ဝိုင်က “ရန်ကုန်မှာတုန်းက ပွဲမှာ ဘာ Title ဆုတွေရှိလဲဆိုတာ ကြားသိရပါတယ်။ ဒီဘက်မှာက ဘာ Title ဆုတွေ ရှိလဲဆိုတာ မိုးစက်မသိပါဘူးပေါ့နော်။ အဲဒီတော့ ဘာဆုကိုမှန်းရမယ်ဆိုတာ မသိဘူးပေါ့။ လောလောဆယ်ကတော့ အလိုချင်ဆုံး Miss Universe ဆုကြီးကအကြီးဆုံး၊ Miss Congeniality ဆုဆိုပြီးတော့ ရှိရင်လည်း ရှိလိမ့်မယ်ပေါ့နော်။ မိုးစက်က ရှိ၊ မရှိတောင် မသေချာဘူးဖြစ်နေတာ။ သူတို့က လည်း ဒါတွေမပြောဘူး။ အဲဒီတော့ ဘာ Title တွေ ရှိမှန်းတောင် မသိဘူး။ မိုးစက်က ဘာဖြစ်ဖြစ် ၂၅ နှစ်ရှိပြီဆိုတော့ ဒီအခွင့်အရေးရတဲ့အခါမှာ အလွန်ဝမ်းသာတယ်၊ အလွန်လည်း ကျေးဇူးတင်တယ်၊ ဒီဟာက ဘုရားပေးတဲ့ အခွင့်အရေးလို့လည်း ယူဆတယ်ပေါ့နော်။ အဲဒီအတွက် အလွန်တန်ဖိုးထားတယ်။ အတတ်နိုင်ဆုံး ကြိုးစားပြီးတော့ဖြစ်စေချင်တဲ့ အဓိကဆန္ဒကတော့ မြန်မာကို လူတွေပိုသိစေချင်တယ်။ ကမ္ဘာကပေါ့နော်။ အဲဒါ နိုင်ငံခြားသွားတဲ့သူတွေ ကြုံဖူးမယ်။ နိုင်ငံခြားမှာ စာသင်နေတဲ့သူတွေ ကြုံဖူးလိမ့်မယ်။ မြန်မာလို့ ပြောလိုက်လို့ရှိရင် မသိကြတဲ့သူတွေ ရှိကြတယ်။ အဲလိုမျိုးအထိ လူတွေကိုထပ်ပြီးတော့ နောင်မျိုးဆက်တွေက ဒီလိုမျိုး ထပ်ပြီး မကြုံစေချင်ဘူးပေါ့နော်။ ဒါကတော့ Miss Universe Myanmar 2013 အနေနဲ့ ပါဝင်ရတဲ့ အဓိကရည်ရွယ်ချက်ပါ။ နိုဝင်ဘာ ၉ ရက်ကျရင် ဘယ်မှာပဲဖြစ်ဖြစ် နောက်ဆုံး ၁၆ ယောက်ထဲ ပါပါ မပါပါပေါ့။ မြန်မာဆိုပြီးတော့ ကမ္ဘာက Stage ပေါ်မှာ တွေ့ရမယ်။ ပြီးရင် “မြန်မာ” ဆိုပြီးတော့လည်း အော်ရမယ်။ ကိုယ့်နိုင်ငံကိုပေါ့နော်၊ အဲလိုအကျယ်ကြီး အော်ရမယ်။ အဲဒီကျရင် မိုးစက်အသံအကျယ်ကြီးနဲ့အော်မယ်။ အားလုံးကလည်း နားစွင့်ထောင်ကြပါလို့ အဲလိုပြောချင်ပါတယ်”ဟု ဗွီအိုအေရုပ်မြင်သံကြားလိုင်းမှတစ်ဆင့် လက်ရှိ၎င်း၏ အနေအထားကို ပြောကြားသည်။

ထို့ပြင် အခြားသောဆုများဖြစ်သည့် MISS UNIVERSE WOMEN. RU ဝက်ဘ်ဆိုက်ဖြစ်သော ရုရှားနိုင်ငံ၏ အကြီးဆုံးသတင်းစာတိုက်မှ ပေးအပ်သည့် အင်တာနက်မဲပေးနိုင်သည့် ဆု၊ Beauty Pageant Grand က ချီးမြှင့်သော People Choice Award ဆုများ အပါအဝင် အခြားဆုငယ်များ အတွက်လည်း မြန်မာအလှမယ် မိုးစက်ဝိုင်က မဲအများဆုံးရရှိသူများ စာရင်းဝင်လျက်ရှိသည်။

Miss Universe ၏ တရားဝင်မဲပေးခွင့်ရရှိသည့် စာမျက်နှာပေါ်သို့လည်း မြန်မာမှမဲပေးသူ ဆက်တိုက်များပြားလာလျက်ရှိနေပြီး အဆိုပါဝက်ဘ်ဆိုက်အတွင်း ရေးသားချက်အရ မဲအများဆုံးရရှိသူမှာ နောက်ဆုံးဆန်ခါတင် ၁၆ ဦးအဆင့်သို့ ပါဝင်နိုင်ပြီး မဲပေးသူများသည် http: // www. missuniverse. com/ members / profile/ 657643/ year: 2013 သို့ ဝင်ရောက်မဲပေးနိုင်ကြောင်း သိရသည်။

ခင်ရတနာ

❖ ***ကျောဖုံးမှ***

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့်တာဝန်ရှိသူများနှင့်အတူ ညနေ ၅ နာရီ ၁၅ မိနစ်တွင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ရှိ ဗြိတိသျှခေတ်နေသဟာယစစ်သင်္ချိုင်းသို့ ရောက်ရှိကြပြီး ဓနသဟာယစစ်သင်္ချိုင်းကော်မရှင်မှ တာဝန်ရှိသူက စစ်သင်္ချိုင်းနှင့်စပ်လျဉ်းသည်များကို လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဧည့်သည်တော် ဩစတြေးလျဓနသဟာယနိုင်ငံ ဘုရင်ခံချုပ်နှင့်ခင်ပွန်းတို့သည် ဓနသဟာယစစ်သင်္ချိုင်းရှိ ဩစတြေးလျနိုင်ငံစစ်သည်များ၏ ဂူဗိမာန်ရှေ့၌ လွမ်းသူ့ပန်းခွေချ အလေးပြုပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကာ စစ်သင်္ချိုင်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

● ***ကျောဖုံးမှ***

ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်နေသည့် ပဏာမလက်ရွေးစင်ကစားသမားများထဲမှ အမျိုးသားကစားသမား ၁၄ ဦးကို မေလမှ ဇူလိုင်လအထိ တူရကီနှင့်အဇာဘိုင်ဂျန်နိုင်ငံတို့တွင်လည်းကောင်း၊ အမျိုးသမီးကစားသမား ခုနစ်ဦးကို ဇူလိုင်လမှ ဩဂုတ်လအထိ ထိုင်းနိုင်ငံတွင် လည်းကောင်း လေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။ ဆီးဂိမ်းနပန်းပြိုင်ပွဲကို အိမ်ရှင်မြန်မာအသင်းအပါအဝင် ထိုင်း၊ စင်ကာပူ၊ ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာနပန်းအဖွဲ့၏ ပြင်ဆင်မှုအနေအထားကြိုးစားအားထုတ်ဆောင်ရွက်မှုအခြေအနေတို့ကြောင့် ဆီးဂိမ်းပထမဆုံးရွှေတံဆိပ်မှာ လက်တွေ့ဖြစ်လာနိုင်ပါကြောင်း။ **(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

ပညာရေးစနစ်ကောင်းမွန်ရန်အတွက် ရှေးကဖြစ်ခဲ့သည်များကိုသင်ခန်းစာယူပြီး ယနေ့လုပ်နိုင်သည်များကို စတင်လုပ်ဆောင်

နေပြည်တော် နိုဝင်ဘာ ၅

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေး ခန်းမဆောင်၌ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီမှ ကျင်းပသည့် အမျိုးသား ပညာရေး ဥပဒေ(မူကြမ်း)ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကအဖွင့်အမှာစကားပြောကြား ရာတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍသည် အလွန်အရေး ကြီးပါကြောင်း၊ သို့ရာတွင် ပညာရေး ကဏ္ဍ အရေးကြီးသည်ဟု အမွှမ်းတင် ပြောဆိုနေကြသော်လည်း အားပေးမှု၊ ဝိုင်းဝန်းကူညီမှုနှင့် လုပ်ဆောင်ချက် အပိုင်း၊ အကောင်အထည်ဖော်သည့် အပိုင်းများတွင် အားနည်းလျက်ရှိနေ သေးပါကြောင်း၊ အချို့ကိစ္စရပ်များတွင် ဥပဒေများ ပြောင်းလဲပြုပြင်ပြီးမှ ဆောင်ရွက်ရမည့်ကိစ္စများ ရှိမှာဖြစ် သကဲ့သို့ ဥပဒေများမပြုပြင်နိုင်သေးမီ လုပ်ဆောင်နိုင်သည့် ကိစ္စများအား တာဝန်ရှိသူများက ပြင်ဆင်ဆောင် ရွက်ရမည်ဖြစ်ပါကြောင်း၊ လွှတ်တော် ဘက်မှပါဝင်ကူညီရမည့် ကိစ္စရပ်များ ရှိသကဲ့သို့ အုပ်ချုပ်ရေးအဖွဲ့အစည်း နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ အလိုက် ပြင်ဆင်ဆောင်ရွက်ရမည့် ကိစ္စရပ်များကိုလည်း လျင်လျင်မြန်မြန် သွက်သွက်လက်လက် လုပ်ဆောင်ရ မည်ဖြစ်ပါကြောင်း၊ လွှတ်တော်ဘက်မှ ပါဝင်ကူညီရန်ကိစ္စရပ်များကိုလည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါ ကြောင်း၊ ပညာရေးစနစ်ကောင်းသည် ဟု ပြောကြသည့်အချိန်တွင် မိမိတို့ သည် ကျောင်းသားဘဝတွင်ရှိခဲ့ပြီး ပညာရေးစနစ်မကောင်းဘူးဟု ပြော ဆိုနေသော ယနေ့အချိန်အခါတွင် မိမိတို့အနေဖြင့် ပညာရေးဆိုင်ရာ ဆရာ ဆရာမကြီးများအပိုင်းနှင့် ပညာရေးဆိုင်ရာ စီမံခန့်ခွဲသူများ အပိုင်းသို့ ရောက်ရှိနေကြပြီဖြစ်သဖြင့် ပညာရေးစနစ် ကောင်းမွန်ရန်အတွက် ရှေးကဖြစ်ပေါ်ခဲ့သည်များကို သင်ခန်း စာရယူပြီး ယနေ့ လုပ်နိုင်သည်များကို စတင်လုပ်ဆောင်ရန် လိုအပ်ပါ ကြောင်း၊ ထိုကဲ့သို့ မလုပ်ဆောင်ပါက မိမိတို့အနေဖြင့် တာဝန်မကျေပွန်သူ၊ အရည်အချင်းမရှိသူများဖြစ်သွားမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် စေတနာ ထား၍ လက်တွေ့ကောင်းအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သင ကြားရေးအပိုင်း လိုအပ်ချက်များကို စိစစ်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ လိုအပ်ချက်များ ကူညီထောက်ပံ့ပေး ရေးကိစ္စများကိုလည်း လက်တွေ့ကျကျ ဆောင်ရွက်ပေးပြီး စိတ်ဓာတ်၊ စည်း ကမ်းနှင့် ပညာကို အမှန်တကယ် မြှင့်တင်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌ များ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန် ရှိသူများ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခ များ၊ ပညာရေးကဏ္ဍတွင် လက်တွေ့ ဆောင်ရွက်နေသည့်အဖွဲ့အစည်းများ မှ ပုဂ္ဂိုလ်များ တက်ရောက်ကြ သည်။

(သတင်းစဉ်)

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲ အောင်မြင်စွာကျင်းပပြီးစီး

မြစ်ကြီးနား နိုဝင်ဘာ ၅

သဘောတူညီချက်မူကြမ်းကို တင်ပြပြီးဖြစ်သည့်အတွက် ပြင်ဆင် စရာများရှိပါက ပြင်ဆင်ပြီး တစ်နိုင်ငံ လုံးအပစ်အခတ်ရပ်စဲရေး စာချုပ် ချုပ်ဆိုနိုင်မည် ဖြစ်ပါကြောင်း၊ လွှတ်တော်တွင်လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေ လေ့လာဆန်းစစ်ရေး ကော်မတီဖွဲ့စည်းထားပြီး ပြင်ဆင် စရာများရှိသည်များ ပြင်ဆင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု မိမိတို့ ဆောင်ရွက်ရာတွင် တပ်မတော်၊ အစိုးရနှင့်လွှတ်တော် များက ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖွဲ့စည်းရေး ဆွေးနွေးလျက် ရှိသည့်အပြင် တိုင်းရင်းသားအဖွဲ့ အစည်းများကိုလည်း လွှတ်တော် ပြင်ပမှ ပါဝင်ခွင့်ရရှိအောင် ဆောင် ရွက်ပေးလျက်ရှိပါကြောင်း၊ အခွင့် အလမ်းအားလုံးကို ပေးထားပြီးဖြစ်ပါ ကြောင်းဖြင့် ပြည်ထောင်စုငြိမ်းချမ်း ရေးဖော်ဆောင်ရေး လုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌအဖွဲ့ ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ယနေ့ နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မဂ္ဂလာ ခန်းမ၌ကျင်းပသည့် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များ နှင့် တွေ့ဆုံဆွေးနွေးပွဲ **(အပေါ်ယာပုံ)** ဒုတိယနေ့တွင် ဆွေးနွေးပြောကြားခဲ့ သည်။

အလားတူ တိုင်းရင်းသားအဖွဲ့ အစည်းများမှ အဖွဲ့ခေါင်းဆောင် မွန်ပြည်သစ်ပါတီအထွေထွေအတွင်း ရေးမှူး ဦးနိုင်ဟံသာက ယမန်နေ့ ညနေပိုင်းက ပြည်ထောင်စုငြိမ်းချမ်း ရေးဖော်ဆောင်ရေး လုပ်ငန်း ကော်မတီက ပေးထားသည့်စာတမ်း ကို မိမိတို့ ဆွေးနွေးသုံးသပ်ကြည့် သည့်အခါ ချက်ချင်းဆုံးဖြတ်ပေးနိုင် သည့် အနေအထားမရှိပါကြောင်း၊ မိမိတို့ခေါင်းဆောင်များထံ တင်ပြ ညှိနှိုင်းဆွေးနွေးပြီးမှသာ အဖြေပေး နိုင်မည်ဖြစ်ပါကြောင်း။

လိုင်ဇာကွန်ဖရင့်၏ သဘော တူညီချက်အရ ရေးဆွဲထားသော စာတမ်းကိုလည်း အစိုးရအဖွဲ့သို့ ပေး ထားပြီးဖြစ်ပါကြောင်း၊ အားသာချက်၊ အားနည်းချက်များကို သုံးသပ်ပြီး၊ ပြန် လည်ရှင်းလင်းပြောကြားပြီး အားလုံး နားလည်မှုဖြင့် တစ်နိုင်ငံလုံး အပစ် အခတ်ရပ်စဲရေး အကောင်အထည် ဖော်နိုင်မည်ဟု ယုံကြည်ပါကြောင်း ဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ကေအိုင်အိုအဖွဲ့မှ ဗိုလ်ချုပ်ဂွမ်မော်က လိုင်ဇာကွန်ဖရင့် တွင် စာတမ်းဖတ်ပွဲကျင်းပပြီး Technical Team အဖွဲ့များက အကြံပြုစာတမ်းများရှိ ခေါင်းစဉ်များ အောက်တွင်ပါရှိသော သဘောထား များမှာ နှစ်ဖက်ရေးဆွဲထားသော အချက်များပါဝင်ပါကြောင်း၊ အပစ် အခတ်ရပ်စဲရေးအတွက် စာချုပ် ချုပ်ဆိုနိုင်ရေးကို ခေါင်းဆောင်များ အားလုံးက Mandate ချထားပေးပြီး ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြား ခဲ့သည်။

အစည်းအဝေး အပြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော် ဆောင်ရေး လုပ်ငန်းကော်မတီနှင့် လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့ အစည်းများ၏ တစ်နိုင်ငံလုံးအပစ် အခတ်ရပ်စဲမှုများ ရပ်စဲရေးတွေ့ဆုံ ဆွေးနွေးပွဲ ပူးတွဲထုတ်ပြန်ကြေညာ ချက်ကို ထုတ်ပြန်နိုင်ခဲ့သည်။

ယနေ့ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးက "ဒီနေ့ ဆွေးနွေးတာ ပထမအဆင့်လို့ ပြော လို့ရတာပေ့ါ။ ဒီကနေ့ ကျွန်တော်တို့ ပြောလိုက်တဲ့အချက်တွေ ရှိပါတယ်။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး အဆင့်ရောက်ဖို့အတွက် ပြုစုထားတဲ့ မူကြမ်းပေ့ါ။ အဲဒါကို သူတို့ပြန်လည် ဆွေးနွေးသုံးသပ်ပြီးတော့ ဒုတိယ အဆင့်မှာ သူတို့ဘယ်ဟာကိုသဘော တူတယ်။ သဘောမတူဘူးဆိုတာ ဆွေးနွေးမယ်။ အားလုံးသဘောတူ ပြီးရင်တော့ လက်မှတ်ရေးထိုးတဲ့ အဆင့် ရောက်သွားမှာပေ့ါ။ ဒီနေ့ ဆွေးနွေးပွဲကတော့ တစ်နိုင်ငံလုံး အနေအထားနဲ့ အပစ်အခတ်ရပ်စဲ ရေးအတွက် အဓိကအဆင့်တစ်ဆင့် ကိုရောက်သွားတယ်လို့ ပြောလို့ရတာ ပေ့ါ" ဟု ပြောပြခဲ့သည်။

ထို့ပြင် "ဒီနေ့ဆွေးနွေးပွဲ အနေ အထားရော၊ မနေ့က ဆွေးနွေးပွဲ အနေအထားကို ကြည့်ရင်တော့ အပစ်အခတ် ရပ်စဲရေးအတွက် အဖွဲ့တွေကလည်း စိတ်ဆန္ဒအပြည့် အဝရှိတယ်လို့ သုံးသပ်ပါတယ်။ ကျွန်တော်တို့ တပ်မတော်ကလည်း အပစ်အခတ်ရပ်စဲချင်လို့ အထူး သဖြင့်တော့ တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းအားလုံးနဲ့ တစ် နိုင်ငံလုံးအတိုင်းအတာနဲ့ လက်မှတ် ရေးထိုးနိုင်ဖို့ကို ထဲထဲဝင်ဝင်ဆောင် ရွက်ပြီး ငြိမ်းချမ်းရေး ရရှိအောင်လို့ ဆောင်ရွက်နေပါတယ် " ဟု ၎င်းက ဆက်လက်ပြောပြခဲ့သည်။

"လိုင်ဇာ ဆုံးဖြတ်ချက်တွေကို အစိုးရဘက်က လေ့လာမယ်။ ပြန်ပြီးတင်ပြတဲ့ သဘောတူညီချက် မူကြမ်းကို တိုင်းရင်းသားတွေက ပြန်လေ့လာပြီးတော့ ပြန်တွေ့ကြ မယ်။ ဒါကလည်း ဒီဆွေးနွေးပွဲက အင်မတန်ကောင်းပါတယ်။ လွတ် လွတ်လပ်လပ် ဆွေးနွေးလို့ရပါတယ်။ သေနတ်နဲ့ပစ်မယ့်အစား ပါးစပ်နဲ့ ဆွေးနွေးတာ ပိုကောင်းတာပေ့ါ။ ကျွန်တော်ပြောချင်တာကတော့ လူထု ရော၊ ကမ္ဘာမှာရော အားလုံးက လောကြီးစရာ မလိုဘူး ထင်ပါတယ်။ သူတို့မျှော်လင့်တာ မြန်မြန်မလုပ် ဆောင်နိုင်လို့ စိတ်မပျက်စေချင်ပါ ဘူး"ဟု ရှမ်းပြည် ပြန်လည်ထူထောင် ရေးကောင်စီမှ အကြံပေးဖြစ်သူ ဦးခွန်ဆိုင်ကလည်း ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ပြောပြခဲ့သည်။

"၂၀၁၁ခုနှစ် ဩဂုတ်လကစပြီး ငြိမ်းချမ်းရေးဖိတ်ခေါ်ခဲ့တယ်။ ဖိတ် ခေါ်ပြီးနောက်ပိုင်းမှာ တစ်ဖွဲ့ပြီးတစ် ဖွဲ့ ငြိမ်းချမ်းရေးဆွေးနွေးတယ်။ အပစ်အခတ်ရပ်စဲရေးဆွေးနွေးတယ်၊ အဖွဲ့ (၁၄)ဖွဲ့နဲ့အပစ်အခတ်ရပ်စဲခဲ့ပြီး ကျန်တဲ့နှစ်ဖွဲ့နဲ့လည်း ဆွေးနွေးနေပါ တယ်၊ ဒီဆွေးနွေးပွဲတွေရဲ့ ရလဒ်က နေပြီးတော့ တိုင်းရင်းသား လက်နက် ကိုင် အဖွဲ့အစည်းတွေ စုစည်းပြီးတော့ အစည်းအဝေးပွဲ လုပ်ခွင့်ပေးခဲ့တယ်၊ အဲဒီအစည်းအဝေးပွဲ ရလဒ်ကနေပြီး တော့လည်း ဒီမှာပြန်ပြီးဆွေးနွေး နိုင်ခဲ့တယ်၊ တင်ပြလိုတာကတော့ လွတ်လပ်ရေးရပြီး နောက်ပိုင်း ၆၅ နှစ် အတောအတွင်းမှာ ပဋိပက္ခကို လက်နက်နဲ့ဖြေရှင်းခဲ့တဲ့ တိုင်းရင်း သားတွေနဲ့တာဝန်ရှိတဲ့သူတွေ ပထမ ဦးဆုံးဆွေးနွေးနိုင်ခဲ့တဲ့အတွက် နိုင်ငံ အတွက် ရလဒ်ကောင်းတွေ ရလိမ့် မယ်လို့မျှော်လင့်ပါတယ်၊ တစ်ဖက်နဲ့ တစ်ဖက် ပွင့်ပွင့်လင်းလင်းဆွေးနွေးခဲ့ တာတွေလည်း Statement တစ်ခု ထုတ်ပြန်နိုင်ခဲ့ပါတယ်၊ ဆက်တော့ ဆွေးနွေးဖို့လိုလိမ့်မယ်၊ အခုလိုနှစ် ဖက်ပူးပေါင်း ဆွေးနွေးတာကိုလည်း နှစ်ဖက်လုံး အသိအမှတ်ပြုတယ်၊ ဒီဇင်ဘာလမှာလည်း ဘားအံမှာ ဆွေးနွေးပြီးတော့ သိပ်အကြာကြီး မဟုတ်ဘဲ မြန်မြန်လက်မှတ်ရေးထိုးဖို့ လုပ်ပါ့မယ်လို့ပြောတဲ့အတွက် အားလုံး ပါဝင်တဲ့ နိုင်ငံရေး ဆွေးနွေးပွဲကြီး မကြာခင်ဖြစ်လာလိမ့်မယ်လို့ ယုံကြည် ပါတယ်"ဟု မြန်မာငြိမ်းချမ်းရေးစင် တာ (Myanmar Peace Center) မှ ဦးလှမောင်ရွှေက ပြောပြခဲ့သည်။

ညှိနှိုင်းလုပ်ဆောင်

"အခုလို ပထမဦးဆုံးအကြိမ် စုံစုံညီညီတွေ့ဆုံတာဖြစ်လို့ လက်မှတ် ထိုးတဲ့အဆင့်ကို မရောက်သေးသော် လည်း ကျွန်တော်တို့ရှေ့ဆက် ဆောင် ရွက်ရမယ့် လုပ်ငန်းတွေအတွက် အားလုံး လမ်းပွင့်သွားတာပေ့ါ။ ရှေ့ မှာ အားလုံးပူးပေါင်း လုပ်ဆောင်သွား မယ်ဆိုရင် တစ်နိုင်ငံလုံးအတိုင်းအတာ နဲ့ အပစ်အခတ်ရပ်စဲရေးကိုညှိနှိုင်းပြီး လုပ်ဆောင်သွားနိုင်လိမ့်မယ်လို့ ယုံ ကြည်ပါတယ်"ဟု ရခိုင်ပြည်လွတ် မြောက်ရေးပါတီမှ ဦးခိုင်သုခက ပြောပြခဲ့သည်။

(သတင်းစဉ်)

ဆန္ဒတွေ .. မျှော်လင့်ချက်တွေ ..

* ကမ်းလင့်
လှမ်းဆင့်
ပန်းပွင့်ဖို့ ချိန်တန်ပြီ…။
* ယမ်းခိုးဝေရာ
ပန်းမိုးစွေရှာ
လွှမ်းဖြိုး ပြည်မြန်မာ…။
* ညီအောင်သာ
ရည်ဆောင်ပါ
ပြည်ထောင်သာယာစေဖို့…။
* သွေးနံ့ကင်း
မွှေးပျံ့ခြင်း
(ကွယ်…)
အတွေးဆန့်ရင်းပျော်ပါရစေ။ ။

မျိုးမြတ်မြတ်မြင့်မောင်

(ငြိမ်းချမ်းပန်းခင်း ရည်မှန်းရင်း ရေးခဲ့သော ကဗျာများမှ…)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ရှမ်းပြည်နယ်တစ်ခုလုံးဆိုလျှင် ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များထက် နယ်မြေကျယ်ပြန့်မှုအရ ဘတ်ဂျက်ပိုများပြီး အချိုးညီမှုရှိ

နေပြည်တော် နိုဝင်ဘာ ၅

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်း၏ ရငွေ သုံးငွေများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၁၈)ဦး၏ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းက ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု၏ ရှမ်းပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နယ်မြေကျယ်ပြန့်မှုအတွက် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နှိုင်းယှဉ်လျှင် အချိုးညီဆောင်ရွက်ပေးနိုင်ရန် ဆွေးနွေးမှုနှင့်ပတ်သက်၍ တင်ပြရလျှင် ရှမ်းပြည်နယ်အတွင်း ကိုးကန့်၊ ပလောင်၊ ပအိုဝ်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ် (တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း) အတွက် ဘတ်ဂျက်အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်းပေါင်း (၄၁၉၂၀ ဒသမ ၁၂၃) ဖြစ်ပါကြောင်း၊ ၎င်းနယ်မြေအလိုက်ခွဲဝေချထားခြင်းဖြစ်သည့်အတွက် ကျန်တိုင်းဒေသကြီး၊ ပြည်နယ်နှင့်နှိုင်းယှဉ်လျှင် အချိုးမညီဟု ယူဆနိုင်သော်လည်း ရှမ်းပြည်နယ်တစ်ခုလုံးဆိုလျှင် ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များထက် နယ်မြေကျယ်ပြန့်မှုအရ ဘတ်ဂျက်ပိုများပြီး အချိုးညီမှုရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ် (China EXIM Bank) မှ ချေးငွေဒေါ်လာသန်း(၁၀၀) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သို့ ရောက်ရှိလာသည့်အခါ မြန်မာ့စီးပွားရေးဘဏ်သို့ လွှဲပြောင်းပြီး မြန်မာ့စီးပွားရေးဘဏ်မှ ပေါက်ဈေးနှင့်ညီမျှသော မြန်မာကျပ်ငွေကို သမဝါယမဝန်ကြီးဌာန ဌာနဆိုင်ရာငွေစာရင်းသို့ ပေးသွင်းမည်ဖြစ်ပါကြောင်း၊ ၎င်းမှတစ်ဆင့် သမဝါယမလမ်းကြောင်းအတိုင်း သမဝါယမအဆင့်ဆင့်၏ ကွပ်ကဲတာဝန်ယူမှုနှင့် တောင်သူလယ်သမားများကို ထုတ်ချေးပေးသွားမည်ဖြစ်ပါကြောင်း။

ချေးငွေဒေါ်လာသန်း(၁၀၀)ရယူသည့်အခါ ပထမအကြိမ် ဒေါ်လာ သန်း(၅၀)ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ၊ ဒီဇင်ဘာလတွင် ရယူမည်ဖြစ်ပြီး ဒုတိယအကြိမ်ချေးငွေဒေါ်လာသန်း(၅၀)ကို ၂၀၁၄ ခုနှစ် မေ၊ ဇွန်လတွင် ရယူမည်ဖြစ်ပါကြောင်း၊ ရရှိလာသည့်ငွေများကို သမဝါယမအသင်းအဆင့်ဆင့်က တင်ပြလာသည့် Farmer Report အတိုင်း ထုတ်ချေးပေးသွားမည်ဖြစ်ပါကြောင်း။

ချေးငွေများကိုထုတ်ပေးရာတွင် လယ်ပိုင်ရှိသူ၊ ဆန်စပါးနှင့် စီးပွားဖြစ်သီးနှံများကို အဓိကစိုက်ပျိုးသူ၊ အမှန်တကယ်အလုပ်လုပ်သူ၊ ၎င်းတို့အချင်းချင်း ဆန္ဒအရ (၅)ဦးစီအဖွဲ့ ဖွဲ့နိုင်သူ၊ သမဝါယမအသင်းဝင်ဖြစ်သူများကိုသာ ထုတ်ချေးပေးသွားမည်ဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ်သို့ (၁၀)နှစ်ပြည့် ပြန်ဆပ်သည့်ကာလတွင် အမေရိကန် ဒေါ်လာ (၁၅၅) သန်းပြန်လည်ပေးဆပ်ရမည်မဟုတ်ပါကြောင်း၊ အမှန်တကယ်မှာ China EXIM Bank သို့ ပြန်လည်ပေးဆပ်ရာတွင် ချေးငွေလုပ်ငန်းစည်းမျဉ်းစည်းကမ်းအရ စတင်ချေးယူသည်မှ ဆိုင်းငံ့ကာလ(၂)နှစ်ကို အတိုးပေး၍ ပြန်ဆပ် ကာလ(၈)နှစ်တွင် တစ်ကြိမ်လျှင် အရင်း(၁၆)ပုံ(၁)ပုံနှင့် ကျသင့် အတိုးကို (၆)လတစ်ကြိမ် ပြန်ဆပ်ရမည်ဖြစ်သည့်အတွက် အရင်းငွေကျပ်သန်း (၉၈၀၀၀)နှင့် (၁၀) နှစ်တာကာလအတွက် အတိုးငွေပေါင်း ကျပ်သန်း (၂၇၅၆၂ ဒသမ ၅၀)ပေးဆပ်ရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ချေးငွေဒေါ်လာသန်း ၁၀၀ (ကျပ်သန်း ၉၈၀၀၀)အတွက် သတ်မှတ်ကာလ (၁၀)နှစ် ပြည့်သည်အထိ စုစုပေါင်း ပြန်လည်ပေးဆပ်ရမည့်ပမာဏမှာ ချေးငွေအရင်း ဒေါ်လာသန်း ၁၀၀ (ကျပ်သန်း ၉၈၀၀၀)၊ စီမံခန့်ခွဲမှုစရိတ် ဒေါ်လာ ၁ သန်း (ကျပ်သန်း ၉၈၀)၊ (၁၀)နှစ်တာကာလအတွက် အတိုးဒေါ်လာ ၂၈ ဒသမ ၁၂၅သန်း (ကျပ်သန်း ၂၇၅၆၂ ဒသမ ၅၀) စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၂၉ ဒသမ ၁၂၅သန်း (မြန်မာငွေအားဖြင့် ကျပ် ၁၂၆၅၄၂ ဒသမ ၅)သန်းသာ ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းတင်ပြခဲ့သည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ၏ ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ ဒိုက်ဦးမြို့နယ် အေးသုခကျေးရွာအဝင်လမ်းသည် အရှည်(၄)မိုင်ရှိပြီး မူလကတ္တရာလမ်းပျက် (၁)မိုင် (၇) ဖာလုံ ကတ္တရာလမ်း ပြုပြင်ခြင်းနှင့် မူလဂဝံလမ်း (၂)မိုင် (၁)ဖာလုံအား ကျောက်ချောလမ်းအဆင့်မြှင့်ဆောင်ရွက်ရန် ကျပ် (၄၂၅ ဒသမ ၉၃၅)သန်း တင်ပြတောင်းခံခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းလမ်းသည် ကျေးလက်လမ်းဖြစ်ပြီး ကျေးရွာအုပ်စု(၂)အုပ်စု၊ ကျေးရွာ(၇)ရွာမှ အိမ်ခြေ (၁၂၉၁)အိမ်၊ လူဦးရေ(၅၆၇၆)ဦးတို့ အသုံးပြုလျက်ရှိသော လမ်းဖြစ်သဖြင့် အဆိုပါကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ တောင်းခံခဲ့ခြင်းဖြစ်ပါကြောင်း။

ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု၏ဆွေးနွေးမှုနှင့်ပတ်သက်၍ ကျေးလက်ဦးစီးဌာန၏ ဖြည့်စွက်ဘတ်ဂျက်များကို စိစစ်ရာတွင် တိုင်းဒေသကြီး တောင်းခံငွေသည် ပြည်နယ်(၇)ခု၏ တောင်းခံငွေထက်(၃) ဆခန့် ပိုမိုများပြားနေခြင်းသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဘတ်ဂျက်ရေးဆွဲရေးမူဝါဒအပေါ် အခြေခံ၍ ဘတ်ဂျက်ကန့်သတ်ချက်အရ ဦးစားပေးအစီအစဉ်များအပေါ် မူတည်ရွေးချယ်လျာထားခဲ့ခြင်းကြောင့် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်က သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း၏ ဆွေးနွေးချက်နှင့်ပတ်သက်၍ စက်မှုစီမံကိန်းဦးစီးဌာနတွင် အိန္ဒိယသမ္မတ

နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံအထောက်အပံ့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသော စက်မှုသင်တန်းကျောင်း(မြင်းခြံ)အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ရောက်ရှိခဲ့ပြီးဖြစ်သော စက်ပစ္စည်းများအနက် စာရင်းတင်ဆောင်ရွက်ရန် ကျန်ရှိနေသေးသည့် စက်ပစ္စည်း တန်ဖိုးငွေ ရူပီး (၉၅၁၉၆၇၆၃ ဒသမ ၀၀)အတွက် ထပ်မံလိုအပ်ငွေကျပ် (၁ ဒသမ ၆၅၄)ဘီလီယံကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရငွေ (ပြည်ပအကူအညီရငွေ) စက်နှင့်စက်ပစ္စည်းတွင်လည်းကောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် စက်နှင့် စက်ပစ္စည်းတွင်လည်းကောင်း တင်ပြတောင်းခံရခြင်းဖြစ်ပါကြောင်း။

မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း၏ ဆွေးနွေးချက်နှင့်ပတ်သက်၍ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းက အကောင်အထည်ဖော်ဆောင်ရွက်နေသော Heavy Diesel Engine Manufacturing Project (သာဂရ)၏ တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး စက်နှင့်စက်ပစ္စည်းများအားလုံး ရောက်ရှိပြီးဖြစ်ပါကြောင်း၊ စက်မှုဆိုင်ရာ အဆောက်အအုံများကိုလည်း တည်ဆောက်ပြီးဖြစ်ပါကြောင်း၊ မကြာမီကာလအတွင်းတွင် စက်ရုံဖွင့်ပွဲကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့သော် စီမံကိန်းလိုအပ်ချက်အရ ထပ်တိုးလုပ်ငန်းများဖြစ်သည့် Partition ကာရံခြင်း၊ Installation နှင့် Foundation လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထပ်မံလိုအပ်ငွေ ၉၂၆ ဒသမ ၆၃၀ကျပ်သန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် တင်ပြတောင်းခံခဲ့သော်လည်း စိစစ်ဖြတ်တောက်ခဲ့သဖြင့် GDP Ratio ကို မထိခိုက်စေရေးအတွက် ငွေ ၅၂၆ ဒသမ ၆၃၀ ကျပ်သန်းကိုသာ တင်ပြတောင်းခံခဲ့ခြင်းဖြစ်ပါကြောင်း။

Technical Transfer Fees အတွက် ငွေ ၉၅၁ ဒသမ ၁၂၈ ကျပ်သန်း တင်ပြတောင်းခံရခြင်းနှင့်ပတ်သက်၍ တင်ပြရလျှင် တရုတ်ပြည်သူ့သမ္မတနိုင်ငံချေးငွေဖြင့် ဆောင်ရွက်ခဲ့သော Heavy Diesel Engine Manufacturing Project (သာဂရ)အတွက် ချေးပေးရမည့် Technical Fees အမေရိကန်ဒေါ်လာ (၉၇၀၄၃၆ ဒသမ ၇၅) နှင့်ညီမျှသည့်ငွေကို တောင်းခံထားခြင်းဖြစ်ပါကြောင်း၊ စက်ပစ္စည်းများ အားလုံးရောက်ရှိနေပြီဖြစ်သည့်အတွက် စီမံကိန်းစာချုပ်အရ ပေးချေဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ယခုအခါ ၂၀၁၃ ခုနှစ်အတွင်း ကျေးလက်ကျန်းမာရေးဌာနများ ဆောက်လုပ်ခြင်းနှင့် ပစ္စည်းဖြည့်တင်းခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ၂၀၁၁ ခုနှစ် အောက်တိုဘာလက ရေလွှမ်းမိုးခံခဲ့ရသော မြို့နယ်များဖြစ်သည့် ပခုက္ကူ၊ ဆိပ်ဖြူ၊ ပေါက်၊ မြိုင်၊ စလင်း၊ ဆော၊ နတ်မောက်၊ ရေစကြိုနှင့် စေတုတ္တရာမြို့နယ်များ၌ ကျေးလက်ကျန်းမာရေးဌာန(၃၃)ခုကို တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ စုစုပေါင်း ၇၆ ခုတွင် ကျန်းမာရေးလုပ်ငန်းသုံးပစ္စည်းများ ဖြည့်တင်းပေးမည်ဖြစ်ပါကြောင်းနှင့် ဖော်ပြပါလုပ်ငန်းများ ၂၀၁၄ ခုနှစ် မတ်လတွင် ပြီးစီးမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာအောင်ကျော်မြတ်က အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနမှ ကျပ် ၂၀၇၁ ဒသမ ၄၂၇ သန်းနှင့် စက်မှုနှင့်သက်မွေးပညာဦးစီးဌာနမှ ကျပ် ၈၇၆ ဒသမ ၁၈၃သန်းတို့သည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်များအဆင့်မြှင့်တင်ခြင်း၊ ဘာသာရပ်များ တိုးချဲ့ဖွင့်လှစ်ခြင်းတို့အတွက် လိုအပ်သောအဆောက်အအုံနှင့် သင်ထောက်ကူပစ္စည်းများအတွက် တောင်းခံရခြင်းဖြစ်ပါကြောင်း၊ အဆင့်မြင့်နည်းပညာတက္ကသိုလ်များတွင် သင်ကြားပြသပေးမည့် ဘာသာရပ်သင် ဆရာ၊ ဆရာမ လိုအပ်ချက်မြင့်တက်လာမည်ဖြစ်ရာ ၎င်းတို့အတွက် လစာ၊ စရိတ်များကိုလည်း နှစ်စဉ် တစ်နှစ်ထက်တစ်နှစ် စီမံကိန်းအလိုက် တိုးမြှင့် တောင်းခံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ အစိုးရစက်မှုလက်မှုသိပ္ပံများကို သီးခြားဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ ယခုပညာသင်နှစ်တွင် စက်မှုလက်မှုသိပ္ပံ(၉) ခုဖွင့်လှစ်သွားနိုင်မည်ဖြစ်ပါကြောင်း၊ လက်တွေ့သင်ကြားပြသရန်လိုအပ်သော နည်းပညာသုံး သင်ထောက်ကူပစ္စည်းများကို အစိုးရစက်မှုလက်မှုသိပ္ပံများအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ်(၃)ဘီလီယံခန့် ဝယ်ယူသွားမည်ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်လည်း ရန်ပုံငွေများစီမံချက်ရေးဆွဲပြီး တောင်းခံသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက် ရသုံးမှန်းခြေငွေစာရင်းကို ရေးဆွဲသည့်အခါ တစ်မျိုးသားလုံး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ဦးစွာလျာထားပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကိုလည်း လျာထားပါကြောင်း၊ နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုကို လျာထားရာတွင် ပြည်တွင်းပြည်ပငွေကြေးစုစည်းရရှိနိုင်မှု၊စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဖြစ်သင့်ဖြစ်ထိုက်သော ရင်းနှီးမြှုပ်နှံမှုအချိုးရရှိရေး၊ ဘတ်ဂျက်လိုငွေနှင့် ဂျီဒီပီအချိုးလျော့နည်းစေရေး စသည်တို့ဖြင့် ချိန်ဆပြီးညှိနှိုင်းလျာထားပါကြောင်း၊ ယခုနှစ် BE ကို လေ့လာကြည့်ပါက နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှု အသုံးစရိတ်သည် ကျပ် (၄ ဒသမ ၅) ထရီလီယံရှိခဲ့ပြီး RE တွင် (၄ ဒသမ ၉)ထရီလီယံသို့ တိုးတက်လာခဲ့သည့်အတွက် ရင်းနှီးမြှုပ်နှံမှု (၀ ဒသမ ၄)ထရီလီယံတိုးတက်ပြီး ဘတ်ဂျက်လိုငွေနှင့်ဂျီဒီပီအချိုးမှာ BE တွင် (၄ ဒသမ ၉၄)ရာခိုင်နှုန်းမှ RE တွင် (၄ ဒသမ ၈၇)ရာခိုင်နှုန်းသို့ လျော့ကျသွားခဲ့ပါကြောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအနေဖြင့် မူလခွင့်ပြုသုံးငွေမှာ ကျပ် ၈၁ ဒသမ ၃ ဘီလီယံရှိပြီး ဖြည့်စွက်ရန်ပုံငွေတောင်းခံမှုမှာ ကျပ် (၀ ဒသမ ၇၂)ဘီလီယံရှိသည့်အတွက် မူလခွင့်ပြုသုံးငွေ၏ (၀ ဒသမ ၈၉) ရာခိုင်နှုန်းသာ ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ထို့ပြင် ပြင်ဆင်ချက်အဆိုပါရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့၏ အသုံးစရိတ်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ် ရယူဆောင်ရွက်ခဲ့သည်။

ဥပဒေကြမ်း၏ ဇယား(၂)၊ အမှတ်စဉ်(၁)ပါ **ပြည်ထဲရေးဝန်ကြီးဌာန**၏ နောက်ထပ်တောင်းခံသည့် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်း (၁၇၈၉၀ ဒသမ ၈၅၃) အနက်မှ ကျပ်သန်း ၄၂၅ ဒသမ ၁၀၀ ကို လျှော့၍ ခွင့်ပြုရန်အဆို နှင့်ပတ်သက်၍ ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အကျဉ်းထောင်များတိုးချဲ့ဆောက်လုပ်ခြင်းဖြင့် အကျဉ်းသားများ၏အခွင့်အရေးကို ဖော်ဆောင်ပေးရာ ရောက်သည့်အတွက် အဆိုပြန်လည်ရုပ်သိမ်းခဲ့သဖြင့် နောက်ထပ်တောင်းခံသည့် ငွေလုံးငွေရင်း အသုံးစရိတ် ကျပ်သန်း(၁၇၈၉၀ ဒသမ ၈၅၃)ကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး ဦးဝင်းမြင့်က "မိုးညှင်းနဲ့ မော်လမြိုင်အကျဉ်းထောင်မှာ လုပ်ငန်းသစ်လုပ်ဖို့ တင်ပြထားတာနဲ့ပတ်သက်ပြီး အလွန်အရေးကြီးတဲ့ကိစ္စ မဟုတ်ဘူးလို့ ယူဆခဲ့ပါတယ်။ ဒါကြောင့် ၂၀၁၄-၂၀၁၅ ကျမှပဲ တင်ပြတောင်းခံဖို့ သတ္တမပုံမှန်အစည်းအဝေးမှာ အဆိုတစ်ရပ်တင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မတီတို့နဲ့ ပြန်လည်တွေ့ဆုံညှိနှိုင်းတဲ့အခါ အမှန်တကယ်လိုအပ်နေတဲ့ကိစ္စဖြစ်ပြီး နေရာအခက်အခဲဖြစ်နေတဲ့ အကျဉ်းသားတွေအတွက် လူ့အခွင့်အရေးအရ ကျပ်ကျပ်တည်းတည်း မနေရအောင် အဆိုကို ပြန်လည်ရုပ်သိမ်းခဲ့တာဖြစ်ပါတယ်"ဟု ပြောပြခဲ့သည်။

ဥပဒေကြမ်း၏ ဇယား(၂)၊ အမှတ်စဉ်(၁၈)ပါ **အားကစားဝန်ကြီးဌာန**၏ နောက်ထပ်တောင်းခံသည့် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်း (၂၄၃၃၇ ဒသမ ၄၀၂)အနက်မှ ကျပ်သန်း ၁၉၅၃၆ ဒသမ ၂၉၀ကို လျှော့၍ ခွင့်ပြုရန်အဆိုနှင့်ပတ်သက်၍ ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဆီးဂိမ်းအားကစားကွင်းများ ဆောက်လုပ်ခြင်းဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန်အတွက် အဆိုပြန်လည်ရုပ်သိမ်းခဲ့သဖြင့် နောက်ထပ်တောင်းခံသည့် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်း (၂၄၃၃၇ ဒသမ ၄၀၂)ကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

အဆောက်အအုံဆောက်လုပ်ပြီးမှ ဘဏ္ဍာငွေတောင်းခံခြင်းနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်နာယကက ဘဏ္ဍာရေးကော်မရှင်၊ ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနက တင်ပြလာသော ဘတ်ဂျက်ကိစ္စများနှင့်ပတ်သက်၍ ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းနှင့်အညီ စိစစ်ဆောင်ရွက်၍ နောင်တွင်ဤသို့မဖြစ်ရန်လိုကြောင်းကို လွှတ်တော်တွင် မှတ်တမ်းတင်ကြောင်း အသိပေးကြေညာခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး၏ ဥပဒေကြမ်း၏ဇယား (၅)၊ အမှတ်စဉ် (၁)ပါ **နေပြည်တော်ကောင်စီ** ၏ နောက်ထပ်တောင်းခံသည့် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်း (၂၆၂၆၃ ဒသမ ၄၃၅)အနက်မှ ကျပ်သန်း (၁၃၀၉ ဒသမ ၅၈၀)ကိုလျှော့၍ခွင့်ပြုရန် အဆိုနှင့်ပတ်သက်၍ ထောက်ခံမဲများသည့်အတွက် လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း တစ်ရပ်လုံးကို လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်သည့်အတိုင်း လွှတ်တော်က အတည်ပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့ ကိုယ်စားဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

၂၀၁၃ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေပါ သီးသန့်ရန်ပုံငွေမှ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက သုံးစွဲခဲ့သည့် ကျပ်သန်းပေါင်း (၁၆၉၀ ဒသမ ၁၁၃)နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက သုံးစွဲခဲ့သည့် ကျပ်သန်းပေါင်း (၁၀ ဒသမ ၁၀၀)တို့ကို ဥပဒေနှင့်အညီ သုံးစွဲခြင်းအတွက် ကျိုးကြောင်းဖော်ပြချက်ပါရှိသော နိုင်ငံတော်သမ္မတထံမှ ပြည်ထောင်စု လွှတ်တော်နာယကထံသို့ ပေးပို့သည့်သဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်ခဲ့သည်။

လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေး စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာ အပိုင်း(၁)၊ (၂)၊ (၃) ပါ အမှုကိစ္စများအပေါ် အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်၏ ဖြေရှင်းဆောင်ရွက်ပြီးစီးမှုများနှင့် စပ်လျဉ်းသည့်သဝဏ်လွှာကို နိုင်ငံတော်သမ္မတထံမှ ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ပေးပို့ထားပြီး အဆိုပါသဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ပထမ(၆) လ နိုင်ငံတော်၏ အရအသုံးစာရင်းများကို စစ်ဆေးရာတွင် စစ်ဆေးတွေ့ရှိချက်များ၊ စာရင်းစစ်ကန့်ကွက်ချက်များ၊ အရေးယူဆောင်ရွက်ပြီးစီးမှုများနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ (၇/၂၀၁၃) ကို ပူးပေါင်းကော်မတီဝင် ဦးနုက ဖတ်ကြားရှင်းလင်းပြီး လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခဲ့သည်။

ယနေ့အစည်းအဝေးကို ညနေပိုင်းတွင်ရပ်နားလိုက်ပြီး အစည်းအဝေး ဒသမနေ့ကို နိုဝင်ဘာ ၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ငြိမ်းချမ်းရေးတည်ဆောက်နေမှုတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်နေမှုများ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်များ အကောင်အထည်ဖော်ရေးတို့အတွက် ကူညီပံ့ပိုးရန်ဆွေးနွေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဩစတြေးလျနေသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စ ကွင်တင်း ဘရိုက်စ်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

❒ ရှေ့ဖုံးမှ

ဂုဏ်ပြုကြိုဆိုပွဲ အပြီးတွင် နိုင်ငံတော်သမ္မတအား ဩစတြေးလျ နေသဟာယနိုင်ငံ ဘုရင်ခံချုပ်ကအတူ လိုက်ပါလာကြသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော်သမ္မတကလည်း မြန်မာနိုင်ငံဘက်မှ ကြိုဆိုနှုတ်ဆက်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး ဒေါ်လင်းလင်းတင်၊ ဦးသိန်းညွန့်၊ ဒေါက်တာမြင့်အောင်၊ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့်ခင်ပွန်း၊ ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမင်းသိမ်းနှင့်ဇနီးတို့နှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဩစတြေးလျ နေသဟာယနိုင်ငံ ဘုရင်ခံချုပ်တို့သည် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတနှင့် ဩစတြေးလျနိုင်ငံ ဘုရင်ခံချုပ်တို့သည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ဩစတြေးလျနိုင်ငံက ပူးပေါင်းကူညီဆောင်ရွက်ရေး၊ တက္ကသိုလ်နှင့်နည်းပညာတက္ကသိုလ်များသို့ တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများအား

ဩစတြေးလျနေသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စကွင်တင်း ဘရိုက်စ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကင်းထောက် လူငယ်မောင်မယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပညာသင်ဆုများ ချီးမြှင့်ပေးရေး၊ တက္ကသိုလ်ဆရာ ဆရာမများ အရည်အသွေး မြင့်မားရေးအတွက် သင်တန်းများ ပို့ချပေးရေးနှင့် နည်းပညာအကူအညီများ ပေးအပ်ရေး၊ ထူးချွန် အခြေခံပညာကျောင်းသားကျောင်းသူများအား ဩစတြေးလျနိုင်ငံတွင် ပညာသင်ကြားခွင့်ရရှိရေး၊ အခြေခံပညာကျောင်းများတွင် သင်ထောက်ကူပစ္စည်းများရရှိရေး၊ ဆရာဆရာမများအား ခေတ်မီသင်ကြားရေးစနစ်များ လေ့လာခွင့်ရရှိရေး၊ ကျေးလက်နှင့် နယ်စပ်ဒေသရှိ စာသင်ကျောင်းများအတွက် လိုအပ်သော အဆောက်အအုံများ တည်ဆောက်ပေးရေး၊ အမျိုးသမီးများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်နေမှုတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်နေမှုများ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်များ အကောင်အထည်ဖော်ရေးတို့အတွက် ကူညီပံ့ပိုးရေး၊ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ဩစတြေးလျစီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံ၌ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဒေါက်တာဖေသက်ခင်၊ ဒေါက်တာမြင့်အောင်၊ ခေတ္တပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးမြင့်၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ ဒေါ်စန္ဒာခင်၊ ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဩစတြေးလျ နေသဟာယနိုင်ငံ ဘုရင်ခံချုပ်နှင့်အတူ ဘုရင်ခံချုပ်၏ ခင်ပွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျ သံအမတ်ကြီးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

မွန်းတည့် ၁၂ နာရီတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးတို့က ဩစတြေးလျနေသဟာယ နိုင်ငံဘုရင်ခံချုပ်နှင့်ခင်ပွန်းနှင့်အဖွဲ့ဝင်များအား နိုင်ငံတော်သမ္မတ အိမ်တော်ရှိခန်းမဆောင်၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုနေ့လယ်စာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့နှင့်အတူ ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံနှင့်ဩစတြေးလျနိုင်ငံတို့မှ သံအမတ်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်း ဩစတြေးလျနေသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စ ကွင်တင်း ဘရိုက်စ်နှင့် ခင်ပွန်း မစ္စတာ မိုက်ကယ် ဘရိုက်စ်နှင့်အဖွဲ့ဝင်များအား ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန် နယူးဆောက်သ်ဝေးပြည်နယ်ဘုရင်ခံနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင် ကူညီပံ့ပိုးပေးရေးဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဩစတြေးလျနေသဟာယနိုင်ငံ နယူးဆောက်သ်ဝေးပြည်နယ် ဘုရင်ခံ မစ္စ မာရီယာဘာရှားနှင့်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲ၌ မြန်မာနိုင်ငံနှင့် နယူးဆောက်သ်ဝေးပြည်နယ်တို့ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရေး၊ မြန်မာနိုင်ငံ ဆေးတက္ကသိုလ်များမှ ထူးချွန်ကျောင်းသား ကျောင်းသူများအား နယူးဆောက်သ်ဝေးပြည်နယ်ရှိ ဆေးတက္ကသိုလ်များတွင် ပညာတော်သင်များအဖြစ် လက်ခံသင်ကြားပေးရေး၊ မြန်မာနိုင်ငံ၏ ကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင် ကူညီပံ့ပိုးပေးရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဒေါက်တာဖေသက်ခင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျနေသဟာယနိုင်ငံ နယူးဆောက်သ်ဝေးပြည်နယ် ဘုရင်ခံ မစ္စမာရီယာဘာရှားအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

❍ ကျောဖုံးမှ

ရေဘေးသင့်ခံခဲ့ရပြီး ရေဘေးသင့်အိမ်ထောင်စုများ ယာယီနေထိုင်စားသောက်ရေးအတွက် အောက်တိုဘာ ၂၉ ရက်ကစ၍ ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ခဲ့ရာ နိုဝင်ဘာ ၁ ရက်အထိ ယာယီကယ်ဆယ်ရေးစခန်း ၇၂ ခုထိ ဖွင့်လှစ်၍ နေထိုင်စားသောက်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ မြို့နယ်အလိုက် ရေဘေးသင့် အိမ်ထောင်စုများနှင့် ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်မှုအသေးစိတ်အခြေအနေအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

စဉ်	မြို့နယ်	ရပ်ကွက်/ကျေးရွာ	အိမ်ထောင်စု	လူဦးရေပေါင်း	ကယ်ဆယ်ရေးစခန်း
၁	ရေတာရှည်	၁၈	၅၀၄၁	၁၉၀၅၉	၂၈
၂	တောင်ငူ	၁၇	၃၉၅၃	၁၅၈၃၀	၃၃
၃	အုတ်တွင်း	၁	၂၁၇၀	၈၈၃၈	၁၁
၄	ထန်းတပင်	၁၂	၂၅၁၀	၆၁၂၁	
	စုစုပေါင်း	၄၈	၁၃၆၇၄	၄၉၈၄၈	၇၂

နိုဝင်ဘာ ၂ ရက်ကစ၍ ရေပြန်လည်ကျသွားသည့်အတွက် နိုဝင်ဘာ ၄ရက်အထိ ကယ်ဆယ်ရေးစခန်း ၃၃ ခု၊ လူဦးရေ ၁၅၈၃၀၊ အိမ်ထောင်စု ၃၉၅၃စုသာ ကျန်ရှိခဲ့ပြီး နိုဝင်ဘာ ၆ ရက်နေ့တွင် မိမိတို့နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့သွားမည်ဖြစ်ကြောင်း သိရှိရသည်။

တောင်ငူခရိုင် အတွင်း စစ်တောင်းမြစ်ရေ ဝင်ရောက်မှုကြောင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် လက်အောက်ခံတပ်များမှ အရာရှိ/စစ်သည်များသည် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ရေတာတမံကျိုးပေါက်၍ ပြုပြင်ရေးလုပ်ငန်းနှင့် ထောက်ပံ့ရေးလုပ်ငန်းများကို ဂွန်ဆင်စက်လှေ အသုံးပြု၍ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးခဲ့သည်။ အောက်တိုဘာ ၂၉ ရက်တွင် တောင်ငူမြို့နယ် ကမ်းနီကျေးရွာအုပ်စုရှိ ရေတာတမံကျိုးပေါက်ခြင်း၊ အောက်တိုဘာ ၃၀ရက်တွင်တောင်ငူမြို့နယ် အရှေ့ဆင်ကျေးရွာအုပ်စု ကမ္ဘာ့နီကျေးရွာရှိ ရေတာတမံ ကျိုးပေါက်ခြင်း၊ အောက်တိုဘာ ၃၀ ရက်တွင် တောင်ငူမြို့နယ် သဖန်းပင်ကျေးရွာအုပ်စုရှိ ရေတာတမံ သုံးနေရာ ကျိုးပေါက်ခြင်း စုစုပေါင်း ငါးနေရာ ကျိုးပေါက်ခြင်းတို့ကို အလျင်အမြန် ပြုပြင်ဆောင်ရွက်ပေးခြင်း၊ နိုဝင်ဘာ ၁ ရက်တွင် ထန်းတပင်မြို့နယ် ဆိပ်ကြီးရွာနှင့် ချောင်းဝရွာ ဆက်သွယ်ထားသော မြေသားတမံ သုံးနေရာ ကျိုးပေါက်ခြင်းများအား အမှတ်(၃၃၀) အမြောက်တပ်ရင်း၊ အမှတ်(၆၀၄) ဒုံးတပ်ရင်း၊ အမှတ် (၃၉) ခြေလျင်တပ်ရင်း၊ အမှတ်(၇၃) ခြေလျင်တပ်ရင်း မှ အရာရှိ/စစ်သည်များ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့၊ မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့သည်။

အောက်တိုဘာ ၂၉ ရက်တွင် ရေတာရှည်မြို့နယ် အင်ဒိုင်းကျေးရွာအုပ်စုရှိ ပေ ၁၂၀၀ ခန့်ရှိသော တာရိုးအပေါ် စစ်တောင်းမြစ်ရေလျှံတက်မှုအား သဲအိတ်ဖို့ခြင်း၊ ငုတ်ရိုက်ခြင်းများအား အမှတ်(၃၃၀) အမြောက်တပ်ရင်းမှ အရာရှိ/စစ်သည်များ၊ အမှတ်(၆၀၄) ဒုံးတပ်ရင်းမှ အရာရှိ/စစ်သည်များ၊ မြို့နယ်အထောက်အကူပြုအဖွဲ့၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်း ဆောင်ရွက်ပေးခဲ့သည်။ အောက်တိုဘာ ၃၁ ရက်တွင် စစ်တောင်းမြစ်ရေလျှံမှုကြောင့် အုတ်တွင်းမြို့နယ်အတွင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့် ပြည်သူများအား အမှတ်(၆) တပ်မတော် တန်းမြှင့်သင်တန်းကျောင်းမှ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများအား မြို့မိမြို့ဖများ၊ ဒေသခံများနှင့်ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးခဲ့သည်။ တောင်ငူခရိုင်တွင် မြစ်ရေကြီးသည့်မြို့နယ်များသို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် လက်အောက်ခံတပ်နယ်များသည် ဆန်အိတ်၊ ရေသန့်ဘူး၊ ခေါက်ဆွဲခြောက်နှင့်ထမင်းထုပ်များ ဝေငှပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများအား ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိသည်။

မြစ်ရေ တက်လာမှုကြောင့် အောက်တိုဘာ ၃၀ရက်တွင် ရေဘေးသင့်ဖြစ်ပွားရာနေရာများသို့ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးတင်စိုးသည် လည်းကောင်း၊ အောက်တိုဘာ ၃၁ ရက်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် အတွင်းရေးမှူး ဦးမောင်မောင်သန်းသည် လည်းကောင်း၊ တောင်ငူ၊ ရေတာရှည်၊ အုတ်တွင်းမြို့နယ်များရှိ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ဆန်၊ ဆီနှင့်ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ဆောင်ရွက်ပေးခဲ့သည်။ နိုဝင်ဘာ ၁ ရက်တွင် တိုင်းဒေသကြီး သစ်တော၊ သတ္တုဝန်ကြီး ဦးကျော်ဌေးသည် ထန်းတပင်မြို့နယ်သို့ သွားရောက်၍ လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

နိုဝင်ဘာ ၄ ရက်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် တောင်ငူမြို့ရှိ အမှတ်(၈)ရပ်ကွက် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ယာယီကယ်ဆယ်ရေးစခန်း၊ အမှတ်(၁၉)ရပ်ကွက်ရှိ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ယာယီကယ်ဆယ်ရေးစခန်း၊ အမှတ်(၂၀) ရပ်ကွက်ရှိ လောကုတ္တရာစေတီ ယာယီကယ်ဆယ်ရေး စခန်းများရှိသော ရေဘေးသင့်ပြည်သူများအား လည်းကောင်း၊ အုတ်တွင်းမြို့နယ် သာဂရကျေးရွာဘုန်းကြီးကျောင်းရှိ ယာယီကယ်ဆယ်ရေး စခန်းတွင်ရှိသော ရေဘေးသင့်ပြည်သူများအား လည်းကောင်း သွားရောက်တွေ့ဆုံအားပေးပြီး ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးခဲ့သည်။

နိုဝင်ဘာ ၄ ရက်အထိ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ ကုမ္ပဏီများနှင့် အလှူရှင်များက ဆန်၊ ဆီနှင့် အိမ်သုံးပစ္စည်းများ စုစုပေါင်းတန်ဖိုး ၂၅၆၉၉၃၃၁၁ ကျပ်အား အောက်ပါအတိုင်း လှူဒါန်းထောက်ပံ့ခဲ့သည်-

(က) **တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းခြင်း**
၃၅၉၄၉၅၉၉ ကျပ်
(ခ) **ရေဘေးကယ်ဆယ်ရေးစခန်းများသို့ WFP က လှူဒါန်းခြင်း**
၈၂၇၆၉၂၀၀ ကျပ်
(ဂ) **အသင်းအဖွဲ့နှင့် အလှူရှင်များက လှူဒါန်းခြင်း**
၁၃၈၂၇၄၅၁၂ ကျပ်

စုစုပေါင်း = ၂၅၆၉၉၃၃၁၁ ကျပ်

နိုဝင်ဘာ ၄ ရက်တွင် တောင်ငူမြို့၏ စစ်တောင်းမြစ်ရေသည် စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာ အောက် ၅၆၅ စင်တီမီတာသို့ ပြန်လည်ကျဆင်းလာခဲ့သဖြင့် အချို့ကယ်ဆယ်ရေးစခန်းရှိ မိသားစုများနှင့် ရေဘေးလွတ်ကင်းရာသို့ ပြောင်းရွှေ့နေထိုင်ကြသော မိသားစုဝင်များသည် ၄င်းတို့၏နေရပ်သို့ ပြန်လည်နေထိုင်ကြပြီဖြစ်ပြီး ခေတ္တပိတ်ထားသည့် စာသင်ကျောင်းများကိုလည်း ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းပိတ်ရက်များ ပြန်လည်အစားထိုး သင်ကြားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

စစ်တောင်းမြစ်ရေကြီးမှုကြောင့် ရေလွှမ်းခံခဲ့ရသော စပါးခင်းအများစုမှာ ရင့်မှည့်၍ ရိတ်သိမ်းခါနီးဆဲဆဲ အခြေအနေတွင်ရှိသည်။ စပါးအနှံ့အထိ ရေမလွှမ်းဘဲ ရေဝင်ရောက်သော ဧရိယာများသည် ပျက်စီးမှုမရှိနိုင်သော်လည်း စပါးရင့်မှည့်ပြီး တစ်ပင်လုံးမြုပ်သွားသော စပါးခင်းများနှင့် ရေထွက်ရန်ခက်သောအနိမ့်ပိုင်းလယ်မြေများရှိ စပါးခင်းအနည်းငယ်မှာ ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးနိုင်ပြီး အချို့လယ်များမှာ အထွက်နှုန်းကျဆင်းခြင်း၊ ဆန်အရည်အသွေးကျဆင်းခြင်းတို့ ဖြစ်ပေါ်နိုင်သည်။ တောင်ငူခရိုင်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စစ်တောင်းမြစ်ရေကြီးခဲ့ပြီး ရိတ်သိမ်းခါနီး မိုးစပါးစိုက်ခင်း ၅၇၃၉၅ ဧက ရေလွှမ်းခံခဲ့ရသည်။ ရေတာရှည်မြို့နယ် ကျေးရွာအုပ်စု ၂၉ အုပ်စုရှိ လယ်မြေ ၁၃၅၈၃ ဧကမှာ ခြောက်ရက်မှ ခုနစ်ရက်ခန့်၊ တောင်ငူမြို့နယ် ကျေးရွာအုပ်စု ၁၄ အုပ်စုရှိ လယ်မြေ ၁၁၅၄၆ ဧကမှာ လေးရက်မှ ငါးရက်ခန့်၊ အုတ်တွင်းမြို့နယ် ကျေးရွာအုပ်စု ၂၂ အုပ်စုရှိ လယ်မြေ ၁၄၅၃၂ ဧကမှာ နှစ်ရက်မှ ခြောက်ရက်ခန့်၊ ထန်းတပင်မြို့နယ် ကျေးရွာအုပ်စု ၃၂ အုပ်စုရှိ လယ်မြေ ၁၅၂၇၉ ဧကမှာ နှစ်ရက်မှ ခြောက်ရက်ခန့်နှင့် ဖြူးမြို့နယ် ကျေးရွာအုပ်စု ရှစ်အုပ်စုမှ လယ်မြေ ၂၄၅၅ ဧကမှာ တစ်ရက်သာ ရေဝင်နစ်မြုပ်မှုဖြစ်ပေါ်ခဲ့သည်။

နိုဝင်ဘာ ၄ ရက်အထိ စပါးစိုက်လယ်မြေ ၅၄၉၈၈ ဧကမှာ ပြန်ပေါ်ခဲ့ပြီး ရေလွှမ်းဆဲ ၂၄၀၇ ဧကသာကျန်ရှိသည်။ ရေလွှမ်းခံခဲ့ရသော စပါးခင်းများမှာ ထိခိုက်နိုင်ပြီး အထွက်နှုန်းကျဆင်းခြင်း၊ ဆန်အရည်အသွေးကျဆင်းခြင်းတို့ ဖြစ်ပေါ်နိုင်သည်။ ရေလွှမ်းခံရသော လယ်မြေဧက ၅၀၀၀၀ကျော်အနက်တွင် ဧကသုံးသောင်းကျော်ခန့် ထိခိုက်ပျက်စီးမှုရှိနိုင်ပြီး ၄င်းအနက် ဧက ၁၅၀၀၀ ခန့်မှာပျက်စီးဆုံးရှုံးနိုင်ကြောင်း ခန့်မှန်းရသည်။ အထက်ပါစာရင်းမှာ နိုဝင်ဘာ ၄ ရက်နေ့ အခြေအနေဖြစ်ပြီး ယနေ့တွင် ရေထပ်ကျမည်ဖြစ်၍ ရေလွှမ်းဧကများပြန်ပေါ်လာနိုင်မည်ဖြစ်သည်။ ထိခိုက်ပျက်စီးမှုစာရင်း အတိအကျရရှိရန် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၊ စိုက်ပျိုးရေးနှင့်မြေစာရင်းဌာနမှ ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ဆဲ ဖြစ်သည်။ ထိခိုက်ပျက်စီးသော လယ်များအား ဆောင်းသီးနှံဖြစ်သော မတ်ပဲအစရှိသော ပဲမျိုးစုံအသုံးပြု၍ အစားထိုးစိုက်ပျိုးနိုင်ရန် စီမံဆောင်ရွက်သွားမည် ဖြစ်သည်။ [illegible]

ပြိုကျမှုများဖြစ်ပေါ်ခဲ့ရမှု အခြေအနေကို သုံးသပ်ရာတွင် စစ်တောင်းမြစ်သည် မြစ်ကြောင်းကွေ့ကောက်မှုများ ခြင်းကြောင့်လည်းကောင်း၊ စစ်တောင်းမြစ်အတွင်းစီးဝင်သော ချောင်းများမှ သဲနုန်းများကြောင့် လည်းကောင်း၊ မိုးသည်းထန်စွာရွာသည့်အခါ မြစ်ကြောင်း အကွေ့အကောက်များစွာဖြင့် စီးဆင်းရခြင်းကြောင့် မြစ်ရေများ အလွယ်တကူ စီးဆင်းနိုင်ခြင်းမရှိဘဲ မြစ်ရေ မြင့်တက်မှုများဖြစ်ပေါ်ခဲ့သည်ဟု တွေ့ရှိရသည်။

စစ်တောင်းမြစ်ရေမြင့်တက်မှုကို ကာကွယ်နိုင်ရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဝေါမြို့နယ် သူရဲသူမိန် စစ်တောင်းမြစ်ကွေ့ဖြတ်ဖောက်ခြင်းလုပ်ငန်းနှင့် မြစ်ကွေ့ဖြတ်တူးမြောင်း အထောက်အကူပြု ရေကာတမံကို စီမံဆောင်ရွက်သွားမည်ဖြစ်သည်။ စစ်တောင်းမြစ်အတွင်း ရေကြီးမှုများဖြစ်ပေါ် [illegible]

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း တောင်ငူမြို့ အမှတ်(၂၀) ရပ်ကွက် လောကုတ္တရာစေတီ ယာယီကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ ထောက်ပံ့လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးခန့်အပ်

နေပြည်တော် နိုဝင်ဘာ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကူဝိတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကိုကိုလတ်အား ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

◆ ရှေ့ဖုံးမှ

Tulihal airport ဟု ခေါ်သော အင်ဖာလေယာဉ်ကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း မဏိပူရပြည်နယ် သတင်းစာဖြစ်သည့် Sangai Express က ရေးသားဖော်ပြထားသည်။

မန္တလေး-အင်ဖာ လေယာဉ်လိုင်းကို Golden Myanmar (A-230) လေယာဉ်ဖြင့်ပြေးဆွဲရန် စီစဉ်လျက်ရှိပြီး ယင်းပွဲတော်အပြီးတွင် ပုံမှန်ခရီးစဉ်ပြေးဆွဲသွားမည် ဖြစ်ကြောင်း၊ ခရီးသည်တစ်ဦးလျှင် အသွားအပြန် အမေရိကန်ဒေါ်လာ ၆၀ ဈေးနှုန်း သတ်မှတ်ထားကြောင်း သိရသည်။

မန္တလေး-အင်ဖာ လေကြောင်း ပျံသန်းမှုအကွာအဝေးမှာ ၂၃၇ မိုင်ရှိပြီး ခရီးစဉ်မှာ ၅၈ မိနစ် ကြာမြင့်မည်ဖြစ်သည်။

အဆိုပါ လေယာဉ်လိုင်းသစ်ဖွင့်ပွဲနှင့်Sangai ပွဲတော်တွင် အိန္ဒိယနိုင်ငံ အစိုးရ အဆင့်မြင့်လူကြီးများ အပြင် မြန်မာနိုင်ငံမှ သက်ဆိုင်ရာ ဝန်ကြီးချုပ်များနှင့် ဝန်ကြီးများ၊ ကုန်သည်များနှင့် ယဉ်ကျေးမှုအနုပညာရှင်များ၊ တရုတ်နိုင်ငံမှ Zheijiang Vice-Governor နှင့် အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့မှ ယဉ်ကျေးမှုအနုပညာရှင်များတက်ရောက်ရန် ဖိတ်ကြားကြောင်း Sangai သတင်းစာတွင် ဖော်ပြထားသည်။

မြန်မာ-အိန္ဒိယလေယာဉ်လိုင်းသစ်ဖွင့်လှစ်ရန် စီစဉ်ရခြင်းသည် ၂၀၁၂ ခုနှစ် မေလအတွင်း မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် မြန်မာအစိုးရတို့ ဆွေးနွေးခဲ့သည့် နှစ်နိုင်ငံ လေကြောင်းဝန်ဆောင်မှု မြှင့်တင်ရေးအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ယင်းအပြင် အင်ဖာ-မန္တလေး ဘတ်စ်ကားလိုင်းပြေးဆွဲရန်လည်း စီစဉ်လျက်ရှိကြောင်း သိရသည်။

✻ ကျောဖုံးမှ

အမှတ်(၁၄၁)အဆန်	သာစည်-ရွှေညောင်	၀၇း၀၀	၁၇း၀၀
အမှတ်(၁၄၂)အစုန်	ရွှေညောင်-သာစည်	၀၈း၀၀	၁၉း၀၀
အမှတ်(၁၄၃)အဆန်	သာစည်-ရွှေညောင်-ရပ်စောက်	၀၅း၀၀	၁၈း၃၀
အမှတ်(၁၄၄)အစုန်	ရပ်စောက်-ရွှေညောင်-သာစည်	၀၆း၀၀	၂၀း၄၅

၂။ အမှတ်(၁၄၇) အဆန် ပျဉ်းမနား-လွိုင်ကော်ခရီးစဉ်နှင့် အမှတ်(၁၄၈)အစုန် လွိုင်ကော်-ပျဉ်းမနား ခရီးစဉ်တို့အား ယခင်အချိန်အတိုင်း ဆက်လက်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့မီးရထား)

ပြည်တွင်းသတင်း

မန္တလာသီရိအားကစားကွင်း မီးဘေးလုံခြုံရေးဆောင်ရွက်

မန္တလေး နိုဝင်ဘာ ၅

မန္တလေး ချမ်းမြသာစည်မြို့နယ် မြို့သစ် အမှတ်(၁)ရပ်ကွက်ရှိ တည်ဆောက်ပြီးစီးနေသည့် မန္တလာသီရိ အဆင့်မြင့် နိုင်ငံတကာအားကစားကွင်းသစ်၌ မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ဖယ်ထုတ်ရေး ဆောင်ရွက်ထားရှိမှုကို မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးက အောက်တိုဘာ ၃၁ ရက်က လာရောက်ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမ၌ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန တိုင်းဦးစီးမှူး ဦးကြည်တိုးက ကွင်းအတွင်း ဆောင်ရွက်ထားရှိသော မီးဘေးလုံခြုံရေးအစီအစဉ်များနှင့် ရှာဖွေကယ်ဆယ်ရေးအစီအစဉ်များကို အသေးစိတ်ရှင်းလင်းတင်ပြခဲ့သည်။ **(ယာပုံ)**

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် အားကစားကွင်းအတွင်း တပ်ဆင်ထားသော ဓာတ်လှေကားများ၊ မီးစက်ထားရှိသော အခန်းများ၊ ပွဲကြည့်စင်များနှင့် အထူးတန်း ပွဲကြည့်စင်များကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ နိုင်ငံတကာအဆင့်မီ မန္တလာသီရိ အားကစားကွင်းသစ် သည် အပြည်ပြည်ဆိုင်ရာ အားကစား ကွင်းဖြစ်ပြီး အထူးတန်း ပွဲကြည့်စင်ပါ အာရ်စီ သံကူကွန်ကရစ် သုံးထပ် အဆောက်အအုံ အမျိုးအစားဖြစ်ကာ သံပေါင်အမိုးခုံး တစ်ခု၊ လူဝင်ပေါက် သုံးပေ လေးပေါက်၊ အရေးပေါ် ထွက်ပေါက် ပေ ၂၀ အကျယ် နှစ်ပေါက်၊ ကွင်းအတွင်း မီးသတ်ယာဉ် ဝင်ထွက်နိုင်သော ပေ ၂၀ အကျယ် ဝင်ပေါက် လေးပေါက်ပါရှိပြီး ပြိုင်ပွဲကျင်းပနေစဉ် ကွင်းအတွင်း မီးသတ်ယာဉ် ခြောက်စီး၊ လူနာတင်ယာဉ် လေးစီး ထားရှိပေးမည်ဖြစ်ကာ မီးသတ်တပ်ဖွဲ့ဝင် ၄၀၀ တို့ကလည်း မီးဘေးလုံခြုံရေး၊ ရှာဖွေကယ်ဆယ်ရေး၊ လုံခြုံရေးနှင့် အလံတင်အခမ်းအနားတွင် ပါဝင်တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

အားကစားကွင်းနှင့် ကွင်းပတ်လည်တွင် ရေတွင်း၊ ရေပိုက်ခေါင်း ၁၂ ခု၊ မီးသတ်ရေပိုက်ခွေ ၅၄ ခု၊ မီးသတ်ရေပိုက်စင် ၂၁ ခု၊ မီးသတ်ဆေးဘူး ၁၆၀၊ မီးလှန့်အချက်ပေးကိရိယာ ၃၂ ခု၊ အပူထောက်လှမ်းရေးကိရိယာ ၂၈ ခု၊ မီးခိုးအချက်ပေးကိရိယာ ၅၂ ခု၊ လုံခြုံရေးကင်မရာ ၂၆ ခု တပ်ဆင်ထားရှိကြောင်းနှင့် အဆင့်မြင့် အားကစားကွင်း၌ မန္တလေးခရိုင်အတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင်များက အုပ်စုအဖွဲ့လိုက်အားကစားကွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် ကြိုတင်လေ့ကျင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝ၄ဝ)

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၅

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၃) ဒုတိယနေ့ကို တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၁၂ ဦး တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များမေးမြန်းသော မေးခွန်းတစ်ခုအား ပြန်လည်ရုပ်သိမ်းခြင်း၊ ကျန်မေးခွန်းများအား ဖြေကြားခြင်းနှင့် လွှတ်တော်သို့တင်သွင်းသော အဆိုသုံးရပ်အနက် မှတ်တမ်းတင်ခြင်းတစ်ရပ်၊ အတည်ပြုခြင်းနှစ်ရပ် ဆောင်ရွက်ကြသည်။

ရပ်နားခဲ့

ယင်းနောက် ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၃) ဒုတိယနေ့ကို မွန်းလွဲ ၂ နာရီတွင် ရပ်နားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် လွှတ်တော်အထူးစည်းဝေး

နေပြည်တော် နိုဝင်ဘာ ၅

ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၃) ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းမေးမြန်းဖြေကြားခြင်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး လွှတ်တော်၏အတည်ပြုချက်ရယူခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် နိုဝင်ဘာ ၅

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ၂၁၀၊ ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အောင်ဆန်း ပင်လုံစာဖတ်ခန်း) မှ အဖွဲ့ဝင် ၅၀နှင့် လွှတ်တော်ကိုယ်စားလှယ် မိသားစုဝင်သုံးဦးတို့သည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပနေပုံများကို လာရောက်လေ့လာကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကုန်စည်ပြပွဲ ပြင်ဆင်နေစဉ် ငြမ်းစင်အမြင့်မှ ဝန်ထမ်းနှစ်ဦးပြုတ်ကျ၍ အတွင်းလူနာအဖြစ် ကုသနေရ

ရန်ကုန် နိုဝင်ဘာ ၅

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက် မင်းဓမ္မလမ်းရှိ (MCC) ခန်းမဝင်းအတွင်း နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ကုန်စည်ပြပွဲအတွက် ယာယီအဆောက်အအုံပြင်ဆင်နေစဉ် နိုဝင်ဘာ ၄ ရက် ည ၈နာရီက လုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်နေသော မလေးရှား(ကေစီ) KC ကုမ္ပဏီမှ အလုပ်သမားနှစ်ဦး ၁၅ ပေ ငြမ်းစင်အမြင့်မှ ပြုတ်ကျကြောင်း ဖုန်းသတင်းရရှိသည်။

ပေးပို့ကုသ

ဖြစ်စဉ်မှာ လှိုင်သာယာမြို့နယ် (၆)ရပ်ကွက် ဘုရားလမ်း(ကျန်စစ်သားအိမ်ရာ) တိုက်(၉၂) အခန်းအမှတ် (၁၀၂)နေ ကိုမြင့်ကိုကို(၃၅နှစ်)နှင့် ငါ့သရောက်မြို့နယ် အိုရင်းရွာနေ (စတာလီလျံဟိုတယ်)တွင် ခေတ္တတည်းခိုနေသူ ကိုနေမျိုးအောင် (၂၂နှစ်)တို့သည် လုပ်ငန်းခွင်အတွင်း ဝင်ရောက်လုပ်ကိုင်နေစဉ် ငြမ်းစင်အမြင့် ၁၅ ပေမှ ခြေချော်ပြုတ်ကျသဖြင့် တာဝန်ရှိသူတို့က နီးစပ်ရာ ဝိတိုရိယဆေးရုံ အရေးပေါ်ဌာနကုသဆောင်သို့ ပေးပို့ကုသခဲ့ကြောင်း သိရသည်။

ကုသခံယူလျက်ရှိ

ယင်းအလုပ်သမားနှစ်ဦးအနက် ကိုမြင့်ကိုကိုဆိုသူမှာ ငြမ်းပြုတ်ကျပိမိသဖြင့် ယာခြေရောင်ရမ်းဒဏ်ရာသာရရှိပြီး ကိုနေမျိုးအောင်မှာ ဝဲပေါင်ခြေကျိုးကြေဒဏ်ရာ (မစိုးရိမ်ရ)ဖြင့် အလုံမြို့နယ် အကယ်ဒမီဆေးရုံသို့ အတွင်းလူနာအဖြစ် ပြောင်းရွှေ့ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

(ဝ၁၅)

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (ပထမနေ့)မှ ရရှိသည့် သတင်းများ

ကျောက်ဆည်

➢ ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့သန့်ရှင်းရေးလုပ်ငန်းများအား အမှိုက်သိမ်းယာဉ်ငါးစီးဖြင့် ဆောင်ရွက်လျက်ရှိရာ လုံလောက်မှုမရှိသည့်အတွက် SKAT အမျိုးအစား ထော်လာဂျီတစ်ပါ ယာဉ်နှစ်စီးဖြင့် အားဖြည့်ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါယာဉ်များအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဝယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

➢ ကျောက်ဆည်မြို့နယ် နွားတက်မြောင်းမှ ရေသောက်တောင်သူများ စိုက်ပျိုးရေလုံလောက်စွာရရှိရေးနှင့် လေလွင့်ရေများ လျော့နည်းအောင်ထိန်းသိမ်းပေးနိုင်ရေးကိစ္စအတွက် ဆည်မြောင်းဦးစီးဌာနမှ နွားတက်မြောင်းဆိုင်ရာ တူးမြောင်းများ သဲနုန်းတူးဖော်ခြင်းလုပ်ငန်း၊ နွားတက်မြောင်းထိပ်ရေတံခါးပြုပြင်ခြင်းလုပ်ငန်း၊ တိုက်ရိုက်ရေပေးပြွန် ခြောက်လုံး ထိန်းချုပ်ရေတံခါးတပ်ဆင်ခြင်းလုပ်ငန်းနှင့် ရေကျအဆောက်အအုံ သုံးလုံးပြုပြင်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ရေလေလွင့်ဆုံးရှုံးမှု နည်းပါးစေရန်နှင့် စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် တိုက်ရိုက်ရေပေးပြွန်များတွင် ထိန်းချုပ်ရေတံခါးများ တပ်ဆင်ခြင်း၊ ရေကျအဆောက်အအုံများပြုပြင်ခြင်းနှင့် မကြာခဏ ကျိုးပေါက်လေ့ရှိသော နေရာများတွင် မြေထိန်းကျောက်နံရံများတည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ရန် လျာထားပြီးဖြစ်ကြောင်း၊ ဆည်မြောင်းဦးစီးဌာနမှ သက်ဆိုင်ရာကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များနှင့် ပူးပေါင်း၍ စိုက်ပျိုးရေလုံလောက်စွာရရှိရေး၊ ရေလေလွင့်ဆုံးရှုံးမှုနည်းပါးစေရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စဉ့်ကိုင်

➢ စဉ့်ကိုင်မြို့မဈေးကြီးသည် လွန်ခဲ့သောနှစ်ပေါင်း ၃၀ ခန့်က တည်ဆောက်ခဲ့ခြင်းကြောင့် ဟောင်းနွမ်းနေပါသဖြင့် ဈေးသူဈေးသားများ၏ ဆန္ဒနှင့်အညီ ပြန်လည်တည်ဆောက်နိုင်ရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြစ်သား

➢ မြစ်သားမြို့နယ် သစ်တက်ကုန်းရေလွှဲဆည်မှ စမုံမြစ်နှင့် ပန်းလောင်မြစ်တို့ ဆုံတွေ့သည့်နေရာ (ကြောင်ပန်းကုံးတံတား)အထိ ခန့်မှန်းမိုင် ၂၀ ခန့်ရှိပြီး မြစ်တစ်လျှောက်သစ်ပင်ချုံနွယ်များ ပိတ်ဆို့နေခြင်းနှင့် သဲနုန်းဖို့မှုများကြောင့် ရေစီးဆင်းမှုနှေးကွေးခြင်းဖြစ်ပေါ်လျက်ရှိကြောင်း၊ မိုင် ၂၀ ခန့်ရှိစမုံမြစ်ကြောင်းတစ်လျှောက် စက်ယန္တရားများဖြင့် မြစ်ကြောင်းအား ပြုပြင်ပေးနိုင်ပါက ကျေးရွာများရေကြီးနစ်မြုပ်မှုအန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်တွင် ဦးစားပေးထည့်သွင်းရေးဆွဲ၍ ရန်ပုံငွေတောင်းခံကာ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

➢ မြစ်သားမြို့နယ် ရေဝန်းလမ်းခွဲမှ ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမကြီးအထိ လမ်းပိုင်းကောင်းမွန်မှုများ မရှိသဖြင့် ပြုပြင်ရေးအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကျောက်ဆည်ခရိုင် အင်ဂျင်နီယာရုံးအား တာဝန်ပေးအပ်ပြီး အမြန်ဆုံး (၄၂/၀-၅၆/၂)မိုင်အား ပြုပြင်ပြီးစီးရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မတ္တရာ

➢ မတ္တရာမြို့နယ် ကံဘဲ့ကျေးရွာအုပ်စု ပေါက်တောရေလွှဲ ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းအား အောက်တိုဘာ ၁၈ ရက်တွင် စတင်ဆောင်ရွက်နေပြီး ၂၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ မိုးရွာသွန်းသဖြင့် လုပ်ငန်းများ ခေတ္တရပ်နားထားခြင်းဖြစ်ပြီး လုပ်ငန်းကိုပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

➢ မတ္တရာမြို့နယ်ရှိ အလက(ခွဲ)စကားပင်ကို အလယ်တန်းကျောင်းအဖြစ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အဆင့်တိုးရန် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းထားပြီးဖြစ်ကြောင်း သိရသည်။

မလှိုင်

➢ မလှိုင်မြို့နယ် ရုံးတောကျေးရွာအုပ်စု ကျောင်းစုကျေးရွာ ကျောင်းစုကြာအင်းဆည်ရေလွှဲမှ ထွက်ရှိသောရေများကြောင့် ရုံးတောကျေးရွာနှင့် ကျောင်းစုကျေးရွာတို့တွင် ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့ကြောင်း၊ ကန်အတွင်း ရေလျှံသည့်အချိန် ရေလွှဲမှရေကျော်ကျသည့်အခါ ရေစီးတစ်လျှောက်ရှိ ကျေးရွာများအတွင်း ရေဝင်ရောက်မှုမှ ကာကွယ်နိုင်ရန် မြေသားရေကာတာပေါင် ဆောက်လုပ်ပေးရန်လိုအပ်ကြောင်း၊ ကွင်းဆင်းတိုင်းတာ၍ ဖြစ်မြောက်နိုင်စွမ်းရှိပါက ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာနှစ်တွင် လုပ်ငန်းစာရင်း ထည့်သွင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သပိတ်ကျင်း

➢ သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာအုပ်စု ကြက်ရိုးပင်တဲ့ဖက်မူလတန်းကျောင်း အဆင့်တိုးမြှင့်နိုင်ရန် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မန္တလေး

➢ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်တွင်ရှိသော သားဖွားဆေးခန်းသည် မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်းဖြစ်ကြောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ အပတ်စဉ် အင်္ဂါနေ့တိုင်း ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ဆရာဝန်တစ်ဦး အမြဲတာဝန်ချထားပြီး မြို့နယ်ဒေသန္တရနှင့် ပဲဖြူကုန်း၊ တမ္ပဝတီ၊ ဧရာထွန်း ဒေသန္တရခွဲများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိရာ ဖော်ပြပါသားဖွားဆေးခန်းကို ကျန်းမာရေးဆေးခန်းအဖြစ် ဆောင်ရွက်ရန် လောလောဆယ် အစီအစဉ်မရှိသေးကြောင်း သိရသည်။ **ဒီစီအီး(မန္တလေး)**

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် အော်ဂဲနစ်စိုက်ခင်းများကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၅

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် နိုဝင်ဘာ ၃ ရက် မွန်းလွဲပိုင်းတွင် ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက်စနစ် တစ်ဆက်တစ်စပ်တည်း စက်မှုလယ်ယာမြေစနစ် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တစ်ဆက်တစ်စပ်တည်း ဧက ၉၀၀ စိုက်ကွင်း၌ ဓာတုကင်းလွတ်စိုက်ပျိုးထားသော ငရုတ်၊ ခရမ်း၊ ပဲတိုင်ထောင်၊ ခရမ်းချဉ်၊ ဖရဲအမျိုးမျိုး၊ ဖရုံအမျိုးမျိုး၊ မုန်ညင်း၊ ဂေါ်ဖီ၊ ကိုက်လန်၊ ဆလတ်နှင့် နာနတ်စိုက်ခင်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဓာတုကင်းလွတ်စပ်မျိုး သခွားစိုက်ခင်း၌ သက်တမ်း ၃၀ ရက်သားရှိ သခွားပင်များ စိမ်းစိုဖြစ်ထွန်း အောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို (Sea Games)အမီ အားကစားသမားများအား အချိန်ကိုက် စျေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဧက ၉၀၀ စိုက်ကွင်းအတွင်း ပုလဲသွယ်စပ်မျိုးစပါးများကို ကိုရီးယားနိုင်ငံထုတ် ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုများကို ကြည့်ရှုအားပေးကာ ဒေသခံတောင်သူများနှင့်အတူ စပါးများ အရည်အသွေး ကောင်းမွန်စွာ တလင်းပျောက်စနစ်ဖြင့် ခေတ်မီစက်အသုံးပြုရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးပြီး စပါးရိတ်သိမ်းပြီးသည့်နောက် ဝင်ငွေရသီးနှံများ ရွေးချယ်စိုက်ပျိုးကြရန် တောင်သူလယ်သမားများအား ဆွေးနွေးမှာကြားသည်။

ယင်းနောက် စက်စက်ယိုရေလှောင်ဆည်အနီးရှိ အော်ဂဲနစ် ထိုင်ဝမ် မူရင်းမျိုး သင်္ဘောပျိုးဥယျာဉ်သို့ ရောက်ရှိကြပြီး စိုက်ကွင်းတာဝန်ခံ ပညာရှင် ဦးသန်းဝင်းက မြေချစိုက်ပျိုးရန် အသင့်ဖြစ်နေသော သင်္ဘောပျိုး Sun Queen, Sun Lady,Sun Princess, Yellow King, TN(2) ပျိုးပင်များ မျိုးအလိုက် အသင့်ဖြစ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပျိုးပင်များကို ဆက်လက်ပျိုးထောင်ပြီး တောင်သူများထံ ဖြန့်ဖြူးပေးရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် မြေချစိုက်ပျိုးထားသည့် သက်တမ်း ၃၅ ရက်သားအရွယ်ရှိ ထိုင်ဝမ်မူရင်းမျိုး သင်္ဘောပင်များ စိုက်ပျိုးထားမှုများကို ကြည့်ရှုအားပေးပြီး ဇေယျာသီရိမြို့နယ် စည်ပင်ကြီးကျေးရွာအုပ်စု၌ အခါမဟုတ် မိုးရွာပြီး ပေါင်းလောင်းချောင်း ရေတက်မှုကြောင့် ရေကြီးနစ်မြုပ်သွား၍ ယာသီးနှံများ ပျက်စီးကြရသော စည်ပင်ကြီး၊ ရွာသစ်ကြီး၊ ညောင်ပင်ကြီးနှင့် ချောင်းကန်ကြီး ကျေးရွာတို့မှ တောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ကျေးရွာသူ ကျေးရွာသားများအား နိုင်ငံတော်အစိုးရက ရာသီသီးနှံ အစားထိုးစိုက်ပျိုးရန် ကူညီပေးသည့် အစီအစဉ်များကို ဆွေးနွေးပြောကြားသည်။ အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ပေါင်းလောင်းချောင်း ရေမြင့်တက်၍ စည်ပင်ကြီးကျေးရွာအုပ်စုရှိ ကျေးရွာလေးရွာမှ တောင်သူများစိုက်ပျိုးထားသော ယာသီးနှံဧက ၄၅၀ ပျက်စီးခဲ့ကြောင်း သိရသည်။

ထို့နောက် ဇေယျာသီရိမြို့နယ် သပြေပင်ကျေးရွာရှိ အထူးအထွက်တိုး တောင်သူပညာပေး တစ်ဧကတန် ၆၀ ထွက်ရှိသည့် တောင်သူပညာပေး ကြံစိုက်ခင်း၌ ရိတ်သိမ်းရန် အသင့်ဖြစ်နေသော ကြံစိုက်ခင်းကိုလည်းကောင်း၊ သိပ္ပံနည်းကျ ကြံတစ်ဆစ်ချင်း ပျိုးထောင်စိုက်ပျိုးရန် ကြံပျိုးဆစ်များကို စနစ်တကျ ပျိုးထောင်နေသော လုပ်ငန်းခွင်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ပြင်ဦးလွင်မြို့၏သင်္ကေတ ရထားလုံးများစီးရေ ထက်ဝက်ကျော်လျော့နည်းလာ

ပြင်ဦးလွင် နိုဝင်ဘာ ၅

ပင်လယ်ရေမျက်နှာပြင်အထက် ၃၅၃၈ ပေတွင် တည်ရှိသော ပြင်ဦးလွင်မြို့သည် တောင်ကုန်းတောင်စွယ်များနှင့် သာယာလှပသော တောင်စခန်း အပန်းဖြေမြို့တစ်မြို့ဖြစ်သည်။ မူဆယ်-လားရှိုး-မန္တလေး လမ်းမကြီးပေါ်တွင် တည်ရှိနေခြင်းကြောင့် စည်ကားလှ၍ စီးပွားရေးအချက်အချာကျသော မြို့တစ်မြို့လည်းဖြစ်သည်။ ထို့အတူ ပြင်ဦးလွင်မြို့ကို မေမြို့၊ ပြင်ဦးလွင်၊ တောင်လှေကားမြို့တော်၊ နှင်းမြို့တော်၊ ပန်းမြို့တော်ဟူ၍ အမည်ငါးမျိုးနှင့်လည်း နိုင်ငံတစ်ဝန်းလူသိများသော မြို့ပင်။ ပြင်ဦးလွင်မြို့သည် တောင်စခန်းမြို့ဖြစ်၍ နိုင်ငံတစ်ဝန်းပြည်တွင်း ဧည့်သည်များသာမက နိုင်ငံခြားဧည့်သည်များပါသဘောကျ၊ နှစ်ခြိုက်လှသော မြို့တစ်မြို့ပင်ဖြစ်သည်။ ဤကဲ့သို့ အပန်းဖြေ အနားယူကြရာတွင် ပွဲကောက်ရေတံခွန်၊ ကန်တော်ကြီး စသော အထင်ကရနေရာများနှင့် နိုင်ငံခြားဧည့်သည်များသည် ကိုလိုနီခေတ် အဆောက်အအုံများကို လေ့လာလို၍သော် လည်းကောင်း၊ သွားရောက် ကြည့်ရှုကြရာတွင် ရထားလုံးကိုသာ ငှားစီးကြသည်။ ပြင်ဦးလွင်ဟု ဆိုလိုက်သည်နှင့် နာရီစင်နှင့် ရထားလုံးကို **(ယာပုံ)** မြင်ယောင်မိသည်မှာ အမှန်ပင်။ ပြင်ဦးလွင်နှင့် ရထားလုံးသည် ခွဲခြား၍မရပေ၊ အဆိုပါ ရထားလုံးများသည် ယခင်ကအစီးရေ ရာကျော်ရှိခဲ့ရာမှ ယခုအခါ ထက်ဝက်ခန့် လျော့နည်းလာနေပြီဖြစ်ကြောင်း သိရသည်။

သတင်း-မောင်မောင်စိုး(မြစ်ငယ်) ၊ ဓာတ်ပုံ-စိန်မြင့်

"ရထားလုံးဟာ ကျွန်တော်တို့ ပြင်ဦးလွင်မြို့ရဲ့ သင်္ကေတတစ်ခုပါ။ ရထားလုံးရှိတဲ့ မြန်မာနိုင်ငံရဲ့ တစ်ခုတည်းသောမြို့ပါ။ အရင်က အစီးရေ ၁၅၃ စီးရှိခဲ့ရာက အခုအချိန်မှာ အစီးရေ ၇၀ သာ ရှိတာကို တွေ့ရပါတယ်။ အခုဆို သုံးဘီး ဆိုင်ကယ်တွေ၊ နှစ်ဘီး ဆိုင်ကယ်တွေက မြို့ထဲမှာ နေရာယူ နာရီစင်၊ ဒဂုံဓာတ်ပုံတိုက်၊ စျေးလေး မီးပွိုင့်မှာ အလှည့်သင့်သလို ရပ်ကြရတယ်။ အခုလို ဆောင်းရာသီနဲ့ နွေရာသီမှာ ဧည့်လာတော့ တစ်ရက်ကို ရှစ်ထောင်နဲ့ တစ်သောင်းဝင်ငွေရှိတယ်၊ မိုးတွင်းဆိုအလုပ်မဖြစ်ဘူး၊ မြင်းစာဖိုးက တစ်နေ့သုံးထောင်ကျွေးရတယ်၊ အိတ်စိုက်ကျွေးပဲ၊ မြို့ထဲနဲ့ ကန်တော်ကြီး အသွားအပြန်ငွေကျပ် ၆၀၀၀ ယူပြီး ရထားလုံးက ခရီးသည် လေးဦးဆံ့

ကုန်ကြပြီ၊ များလာပြီ၊ ရထားလုံးက တဖြည်းဖြည်း လျော့နည်းလာနေပြီ၊ ပြီးတော့လည်း ရထားလုံးကို မြို့ထဲမှာ နေရာ သိပ်မပေးချင်တော့ဘူး။ စျေးကြီးရှေ့မှာ သုံးစီးပဲရပ်ခွင့် ရတယ်၊ ဂိတ်ထိုးတာကတော့ စျေးကြီး၊ တယ်" ဟု ရထားလုံးမောင်းသူတစ်ဦးက ဆိုသည်။ အဆိုပါရထားလုံးများသည် ယခုအခါ ဆိုင်ကယ်ကယ်ရီ များပြားလာခြင်းကြောင့် ရထားလုံးများ နည်းပါးလာကြောင်း မြို့ခံတစ်ဦးက ပြောကြားသည်။

ချောင်းအတွင်းရပ်နားထားသည့် သင်္ဘောကျောက်ကြိုးတွင် ငြိတွယ်နေသည့် လူသေအလောင်း အမည်၊ နေရပ် စုံစမ်းလျက်ရှိ

မော်လမြိုင် နိုဝင်ဘာ ၅

မော်လမြိုင်ကျွန်းမြို့နယ် အမှတ် (၃)ရပ်ကွက် ရာဇူဒိုင်ချောင်းအတွင်း၌ နိုဝင်ဘာ ၁ ရက် ညနေ ၅ နာရီခန့်က လူသေအလောင်း မျောပါလာကြောင်းသတင်းအရ မော်လမြိုင်ကျွန်းမြို့မရဲစခန်းမှ ဒုရဲအုပ်အောင်နိုင်ထွန်းနှင့်အဖွဲ့သည် အခင်းဖြစ်ရာသို့ သွားရောက်စစ်ဆေးကြည့်ရှုရာ ရာဇူဒိုင်ချောင်းအတွင်း ကျောက်ချရပ်နားထားသော ငွေတိုးကျော်သင်္ဘော၏ ပဲ့ပိုင်း ကျောက်ကြိုးတွင် အသက် (၄၀) ခန့် အမျိုးသားအလောင်း ငြိတွယ်နေခြင်းဖြစ်ကြောင်း၊ ပြင်ပဒဏ်ရာမရှိ လွန်ခဲ့သော ၁၀ ရက်ခန့်က သေဆုံးခဲ့သည်ဟု ယူဆရပြီး အမည်၊ နေရပ်မသိ စုံစမ်းလျက်ရှိကြောင်း ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် သိရှိရန် အခင်းဖြစ်နေ့ ည ၈ နာရီ ၅ မိနစ်တွင် ဒုရဲအုပ် အောင်နိုင်ထွန်း၏ တိုင်တန်းချက်အရ မော်လမြိုင်ကျွန်း မြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ပုသိမ်(လှကြည်)

လူကုန်ကူးမှု တားဆီးရေး အားလုံးပါဝင် ဆောင်ရွက်ပေး

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ကိုအောင်စိုး ၆/မအရ(နိုင်)၀၂၈၃၄၃၏ နိုင်ငံကူးလက်မှတ်မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူမှ အကြောင်းကြားပေးပါက ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၂၅၀၂၆၅၅၇၈**

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ တိုက်အမှတ်၂၇၀၊ ၁၀ထပ်အဆောက်အအုံ၊ အခန်းအမှတ်(9-A)၊ နဝမထပ်ဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းဖြင့်ဆက်နွှယ်ပတ်သက်သည့် အကျိုးခံစားခွင့်များအရပ်ရပ်အားလုံးတို့အား ဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဒေါ်အာလေ ၁၃/လရန(နိုင်)၀၉၄၁၉၈၏ကိုယ်စား ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတော်၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်၂၄၄၄၃/၂၀၁၁အရ တရားဝင်ဝယ်ယူပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ပြောဆိုလာသူ ဒေါ်လီကွေလန် ၉/မနမ(နိုင်)၀၇၇၉၅၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ သုံးရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ဝင်း(စဉ်-၆၀၈၂) B.A, H.G.P, C.B.L, D.B.L, D.M.L ဥပဒေအကျိုးဆောင်
အမှတ်၁၀/၁၂၊ ပထမထပ်(အေ-၅)၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅

အမည်ပြောင်း

တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်နေ (ဘ) ဦးလင်းလင်းနိုင်၏သား အထက(၂)စတုတ္ထတန်း(A)မှ မောင်အောင်မျိုးမင်းအား မောင်မင်းသင့်မြတ်ဟု ပြောင်းလဲခေါ်ပါရန်။

အမည်မှန်

Great Light ကိုယ်ပိုင်အထက်တန်းကျောင်း၊ မရမ်းကုန်းမြို့နယ် တက္ကသိုလ်ဝင်တန်း(B)မှ မောင်ဖွဲ့မာန်၏ အမည်မှန်မှာ မောင်ဖွဲ့မာန်ဦး ဖြစ်ပါသည်။
မောင်ဖွဲ့မာန်ဦး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ် ၄၁၃ဟု ခေါ်တွင်သည့် အကျယ်(အလျား ပေ၄၀×အနံ ပေ ၆၀)ရှိ နှစ်၆၀ ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ် ၄၁၃ ဟုခေါ်တွင်သည့် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို မြို့မြေစာရင်းတွင် အမည်ပေါက်ထားသူဦးစိုးသွင် ၅/မရန(နိုင်)၀၀၁၄၉၄၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၅၀၈/၂၀၁၃)ရရှိသူ ဦးသူရထွန်း ၁၂/ဗဟန(နိုင်)၀၈၇၃၂၀ထံမှ ၂၃-၉-၂၀၁၃ရက်စွဲပါ စာချုပ်ဖြင့် တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်ထားသူ ဦးမြင့်ထွေး ၁၂/တမန(နိုင်)၀၂၆၉၀၄ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် အတွက် မြေကွက်တန်ဖိုးငွေ၏စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း(LL.B, D.B.L)အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
Fax-၀၁-၉၆၆၉၀၀၄၊ ဖုန်း-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ ပဏ္ဍိတလမ်း၊ အမှတ် ၉၊ (သုံးလွှာ ခေါင်းရင်းခန်း)အကျယ်အဝန်း ပေ(၁၂.၅×၅၀)ရှိ တိုက်ခန်းဥပစာနှင့်တကွ ယင်းတိုက်ခန်းနှင့် ပတ်သက်ဆက်စပ်သမျှသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ထားရှိပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းဥပစာနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမြင့်အောင် LL.B	**ဦးအေးမင်းသူ LL.B**
(စဉ်-၂၅၁၆၅)	(စဉ်-၂၆၁၉၉)

ရိုးမဘဏ်ဥပဒေအကြံပေး၊ အထက်တန်းရှေ့နေများ
မြန်မာ့ခနေအောင် အကျိုးဆောင်လုပ်ငန်း
ရတနာမြိုင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂/ခ၊လူနေရပ်ကွက်အမှတ် (ကံဘဲ့)၊ မြေကွက်အမှတ် ၂/c°- A၊ ဧရိယာ ၀ ဒသမ ၀၅၈ ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်ဥပစာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သန်းသန်းစိုး ၁၂/ရကန(နိုင်)၀၆၄၈၇၇ ထံမှ ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းအထောက်အထားနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်စိန်လွင် LL.B	**ဦးနိုင်ဝင်း** LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၀၉၇)	**အထက်တန်းရှေ့နေ(စဉ်-၃၁၁၁၁)**

အမှတ် ၂၇/ဘီ၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၄၁၆၁၂၂၊ ၀၉-၄၄၂၀၇၄၇၉၀

ပြည်တွင်းသတင်း

ကျောက်မဲ၌ မျိုးမြေပဲများ လှိုင်လှိုင်ပေါ်

ကျောက်မဲ နိုဝင်ဘာ ၅

ယခု ရက်ပိုင်းများအတွင်း ကျောက်မဲမြို့နယ်တွင် မျိုးမြေပဲများ လှိုင်လှိုင်ပေါ်ထွက်လျက်ရှိပြီး ယခင်နှစ်များကထက် ယခုနှစ်တွင် အထွက်နှုန်းကောင်းမွန်သည်ဟု သိရသည်။

ကျောက်မဲမြို့နယ်အတွင်းရှိ စခန်းသာ၊ နောင်ပိန်၊ ခေးနှင်း၊ မော်မာ၊ ပင်တိန်၊ ပင်တီး၊ ကျောင်းကုန်း၊ ကွဲကုန်း၊ နောင်ပိန်လေး၊ နားပုံ၊ နားပြိန်း၊ မိုင်းတင်း စသည့်ကျေးရွာများမှ မျိုးမြေပဲစိုက် ရှမ်းတောင်သူများထံ မန္တလေး၊ စစ်ကိုင်း၊ မြင်းခြံ၊ ပခုက္ကူ၊ နွားထိုးကြီး၊ ဝေါ၊ ညောင်လေးပင် စသည့် မြို့နယ်များမှ မြေပဲစိုက်တောင်သူများသည် ယခုရက်များအတွင်း ကိုယ်တိုင်လာရောက်ဝယ်ယူလျက်ရှိကြသည်ကို တွေ့ရသည်။

မျိုးမြေပဲဈေးနှုန်းများမှာ ဆီထွက်နှုန်းကောင်းမွန်သည့် နှစ်ဆင့်မြေပဲ တစ်တင်းလျှင် ငွေကျပ် ၆၅၀၀ ဈေးနှုန်းရှိသည်။ အချို့တောင်သူများသည် ဈေးနှုန်းပိုမိုရရှိသည့် မန္တလေးပွဲရုံများသို့ ရောင်းချကြသည်။

သီပေါမြို့နယ်၊ နမ့်လန်မြို့နယ်များမှ မြေပဲစိုက်တောင်သူများကမူ ရောင်းချခြင်းမပြုကြဘဲ ဆီကြိတ်ကြသည်ကို သိရသည်။

(ဝ၉ဝ)

မြိတ်မြို့၌ ကွမ်းရွက်ဈေး နှစ်ဆမြင့်တက်နေ

မြိတ် နိုဝင်ဘာ ၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ယခုရက်ပိုင်းအတွင်း ကွမ်းရွက်ဈေးနှုန်း ထက်ဝက်ကျော်မြင့်တက်နေကြောင်း ကွမ်းရွက်တစ်ဆင့်ပြန်ရောင်းချသူများထံမှ သိရသည်။ မိုးတွင်းကွမ်းရွက်ပေါက်ဈေးမှာ ငွေကျပ် ၃၀၀ သာရှိပြီး ယခုမိုးနှောင်းပိုင်းတွင် ငွေကျပ် ၆၀၀မှ ၈၀၀အထိ ပေါက်ဈေးရှိ၍ ယခင်နှစ်က ကွမ်းရွက်ပေါက်ဈေးနှင့်နှိုင်းယှဉ်ပါက ထက်ဝက်ကျော် မြင့်တက်နေသည်။

မြင့်တက်

ယင်းသို့ ကွမ်းရွက်ဈေး အဆမတန်မြင့်တက်ရခြင်းမှာ ကွမ်းရွက်စိုက်ပျိုးကြသော တောင်သူများက ကွမ်းရွက်စိုက်ပျိုးရာတွင် ကုန်ကျစရိတ် အရင်းအနှီးများပြားပြီး ပြုစုပျိုးထောင်စိုက်ပျိုးမှု အလွန်အလုပ်များသည့်အပြင် ကွမ်းရွက်များ ပိုးကိုက်ပျက်စီးခဲ့ရာ ဆုံးရှုံးမှုများပြားလာပြီး ကွမ်းရွက်စိုက်ပျိုးသူ နည်းပါးလာခြင်းကြောင့် ယခုလိုကွမ်းဈေး အဆမတန်မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

မြိတ်မြို့နယ် ကလွင်ကျေးရွာအုပ်စု၊ စန္ဒဝတ်ကျေးရွာအုပ်စု၊ ကွဲကူး၊ ကျောက်ဖြူတောင်၊ မရင်းငယ်ဖျား၊ ကရက်၊ ကွမ်းသီးချောင်းကျေးရွာများတွင် ယခင်က အများအပြားစိုက်ပျိုးကြသော်လည်း ယခုနှစ်တွင် ကွမ်းရွက်စိုက်ပျိုးသူနည်းပါလာကြောင်း သိရသည်။

မိုးဟိန်း(မြိတ်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၅-၁၁-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၈၅၀၀၀-၆၄၄၇၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၈၄၈၀၀-၆၄၄၅၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၆၅-၉၇၅	ကျပ်
ဥရောပ	တစ်ယူရို	၁၃၂၈-၁၃၄၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၃	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၂-၃၀. ၈	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၃-၁၅. ၈	ကျပ်
တရုတ်	တစ်ယွမ်	၁၅၈-၁၆၅	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၅-၃၀၉	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၁၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၅၀၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၀၀၀-၃၁၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၂၉၀၀-၄၂၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၃၈၀၀-၅၉၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၅၀၀-၂၄၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၃၀၀-၁၃၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၇၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နွေဆန်	တစ်အိတ်	၁၈၄၀၀
၂။ ပေါ်ကွဲ	တစ်အိတ်	၂၁၅၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၆၀၀၀-၂၉၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၉၅
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၇၅၀-၁၁၅၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၅၀-၁၉၅၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၇၅-၁၂၀၀
၉။ အာလူး (အောင်ပန်း)	တစ်ပိဿာ	၄၂၀-၅၇၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၂၀၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၂၇၀၀-၃၃၀၀
၁၂။ သကြား	တစ်ပိဿာ	၁၀၅၀-၁၂၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ကျန်းမာရေးမှုအသင်း ညီလာခံ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၅

မြန်မာနိုင်ငံ ကျန်းမာရေးမှုအသင်း၏ (၁၁) ကြိမ်မြောက် ညီလာခံ(၂၀၁၃)ကို ဒီဇင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်(ရန်ကုန်) အစည်းအဝေးခန်းမ၌ကျင်းပမည်ဖြစ်ရာ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်အသီးသီးတို့မှ ညီလာခံကိုယ်စားလှယ်များ၊ လေ့လာသူများ စုံညီစွာ တက်ရောက်ကြရန် ကျင်းပရေးကော်မတီက ဖိတ်ကြားထားသည်။

(သတင်းစဉ်)

(၁၉)ကြိမ်မြောက် ပေါင်းတည်မြို့၊ သီတဂူရှမ်းမလေး ဓမ္မသဘင် အလှူတော်မင်္ဂလာအထူးတရားပွဲ

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့၊ ဈေး(၁)ရပ်ကွက်၊ ဘုရားကြီးလမ်း၊ ရှမ်းမလေး ကုန်မျိုးစုံစတိုးပိုင်ရှင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရှင် ဒါယကာ ဒါယိကာမ ဦးဂျန္တကီး-သုဓမ္မသီဂီ ဒေါ်သိန်းရင် မိသားစုတို့၏ သီတဂူရှမ်းမလေး ဓမ္မသဘင်အလှူတော်မင်္ဂလာ အထူးတရားပွဲကို ဘုရားကြီးလမ်း ရှမ်းမလေးကုန်မျိုးစုံစတိုးဆိုင်ရှေ့၌ ကျင်းပမည်ဖြစ်၍ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၈ ရက် (သောကြာနေ့)ည သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ(D-Litt,Ph.D)၊ နိုဝင်ဘာ ၉ ရက်(စနေနေ့)ည အရှင်ခေမိန္ဒ(စစ်ကိုင်း-ခင်မကန်)၊ နိုဝင်ဘာ ၁၀ ရက်(တနင်္ဂနွေနေ့) ည ဓမ္မဒူတ ဒေါက်တာအရှင်ဝိမလ၊ နိုဝင်ဘာ ၁၁ ရက်(တနင်္လာနေ့)ည သီတဂူဒေါက်တာ အရှင်ဣန္ဒာစရိယ၊ နိုဝင်ဘာ ၁၂ ရက်(အင်္ဂါနေ့)ည သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ ဆရာတော်ကြီးများမှ ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ပါသည်။

အမှားပြင်ဆင်ချက်

၄-၁၁-၂၀၁၃ ရက်စွဲပါ စာမျက်နှာ ၁၂ တွင် ရှေ့နေ ဦးသန်းထိုက်စိုး၏ ကန့်ကွက်ကြော်ငြာတွင် အိမ်အမှတ် ၁၈ ဟုခေါ်တွင်သော အလျား ၃၇ ပေ×အနံ ၁၃၅ ပေအစား အလျား ၇၃ပေ×အနံ ၁၃၅ပေဟု ပြင်ဆင်ဖတ်ရှုပါရန်။

ထိမ်းမြားမင်္ဂလာဆုတောင်းလွှာ

၂၇-၁၀-၂၀၁၃ ရက်တွင် ပဲခူးမြို့ သီရိဟံသာ မင်္ဂလာခန်းမ၌ ကျင်းပအပ်သော မောင်ဝေဖြိုးမင်း-မတင်မိုးရီတို့၏ မင်္ဂလာပွဲမှသည် နောင်နှစ်တစ်ရာတိုင် ပျော်ရွှင်ချမ်းမြေ့သော အိမ်ထောင်မှုတစ်ခု အတူတည်ဆောက်နိုင်ကြပါစေ…

မင်္ဂလာမောင်နှံနှင့်တကွ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော ဖက်ရှင်ဒီဇိုင်နာ ဒေါ်မိုးမိုးကြည် ပဲခူးတို့အား အထူးကျေးဇူးတင်ရှိလျက်-

ဦးညီညီအောင် (မင်္ဂလာအခမ်းအနားမှူး ပဲခူး)

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးလင်းဝင်းသိမ်း ၁၂/ကမရ(နိုင်)၀၁၄၄၈၆ ပိုင်ဆိုင်သော E-၁၀၂၄၊ တော်ဝင်သီရိကွန်ဒို၊ ၉ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နှင့် သက်ဆိုင်သော (၁) တိုက်ခန်းရောင်းချခြင်းသဘောတူညီချက်စာချုပ်၊ (၂) စည်းကမ်းလိုက်နာဆောင်ရွက်ရန် ဝန်ခံကတိစာချုပ်များ ခရီးသွားစဉ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။

ဦးလင်းဝင်းသိမ်း

ဖုန်း-၀၁-၅၅၂၉၇၇၊ ၀၉-၄၃၁၆၄၃၇၈

မွေးနေ့ဆုပန်လွှာ

ချစ်ညီလေး စွမ်းထက်နောင်(မန်နေဂျင်းဒါရိုက်တာ၊ True Brother Co.,Ltd.)၏ ၆-၁၁-၂၀၁၃ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် အမျိုး၊ ဘာသာ၊ သာသနာအကျိုး သယ်ပိုးနိုင်သည့် သားကောင်းရတနာဖြစ်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

အစ်ကိုကြီး - ဗိုလ်ကြီးမျိုးမြင့်သူ(ငြိမ်း)-ဒေါ်အိန္ဒြေဦး
တူမကြီး - ကေဇင်မျိုးမြင့် (Pre II-ILBC)
တူမငယ် - ရွှမ်းသစ္စာမျိုးမြင့်
ညီလေး - ဘုန်းကျော်ဇော

သွေးသည်အသက်

အများသိစေရန်ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နိဗ္ဗိန္ဒလမ်း၊ အမှတ် ၅၉၀နေ ဒေါ်သန်းသန်းမြင့် ၁၂/အစန(နိုင်)၀၃၅၁၆၈က အများသိစေရန် ကြေညာအပ်ပါသည်။ လွန်ခဲ့သော နှစ်နှစ်ကျော်ခန့်က စင်ကာပူနိုင်ငံတွင် အလုပ်သွားရောက်လုပ်ကိုင်သူ ဦးစမျိုးမင်းစိုးမှ ကျွန်မမောင်အရင်းတော်စပ်ပြီး ဒေါ်စန္ဒာလင်းနှင့် ချစ်သူများဖြစ်ခဲ့၍ မြန်မာပြည်ပြန်ရောက်သည့်အခါ အတူတကွနေထိုင်ရန်အတွက် ၄င်းတို့နှစ်ဦးရရှိသည့်ငွေကြေးဖြင့် စုပေါင်းပြီး မော်ဘီမြို့နယ်၊ သန္တေပင်ကျေးရွာအုပ်စု၊ ထိန်စွန်းကျေးရွာရှိ အလျား×အနံ (၃၂၅×၁၂၇)ပေ အကျယ်အဝန်းရှိ ဥယျာဉ်ခြံမြေ တစ်ကွက်ကို ဒေါ်စန္ဒာလင်းအဒေါ်ဖြစ်သူ ဒေါ်ခင်ဌေးအမည်ဖြင့် ဝယ်ယူထားခဲ့ရာမှ ဒေါ်ခင်ဌေးကွယ်လွန်သည့်အခါ ဒေါ်စန္ဒာလင်းသည် စင်ကာပူမှ ပြန်လည်ရောက်ရှိပြီး ထိုမြေကွက်ကို ဦးစမျိုးမင်းစိုး သိရှိသဘောတူညီချက်မရှိဘဲ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ကန့်ကွက်ပါကြောင်း ၃၀-၁၀-၂၀၁၃ ရက်စွဲပါ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၏ ကောင်စစ်ဝင်ရှေ့တွင် ဦးစမျိုးမင်းစိုး နိုင်ငံကူးလက်မှတ် MA-145622 က အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၆၁/၂၀၁၃ ဖြင့် လွှဲအပ်ထားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သန်းသန်းမြင့် ၁၂/အစန(နိုင်)၀၃၅၁၆၈
အမှတ် ၅၉၀၊ နိဗ္ဗိန္ဒလမ်း၊
နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးကျော်မင်း ၃/မဝတ(နိုင်)၀၀၄၄၁၀နှင့်ဒေါ်ခင်ဝင်း ၃/မဝတ(နိုင်)၀၀၄၃၉၇ တို့၏သား မောင်ဇင်မျိုးမင်း ၃/မဝတ(နိုင်)၀၂၃၄၉၉သည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်သည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်ပြီး၄င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို မိဘနှစ်ပါးမှ တာဝန်မယူကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ဦးကျော်မင်း-ဒေါ်ခင်ဝင်း

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်ဟိန်းဝဏ္ဏမောင် ၁၂/သဃက(နိုင်)၁၅၁၄၀၇သည် မိဘကို ကိုယ်ထိလက်ရောက်စော်ကား၍ စိတ်ဆင်းရဲအောင်အမျိုးမျိုးပြုလုပ်နေပါသဖြင့် ၅-၁၁-၂၀၁၃ ရက်မှစ၍ (သွာနုတ္တ)သားအဖြစ် အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၄င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဦးမောင်မောင်အုန်း ၁၂/သဃက(နိုင်)၀၀၆၂၅၇

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

၂၇ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

ကွင်းဖွင့်ဖလားတင်းနစ်ပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၅

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၃ ခုနှစ် ကွင်းဖွင့်ဖလား တင်းနစ်ပြိုင်ပွဲ 2013 Season's Opening Tennis Tournament ၏ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၂ ရက်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲများအပြီး သက်တန်းအလိုက်ပြိုင်ပွဲများ၌ ဆုရရှိသူများအား မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အမှုဆောင်များက ဆုကြေးငွေနှင့် ဆုတံဆိပ်များကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာသန်းဌေးက အမျိုးသား၊ အမျိုးသမီး အလွတ်တန်းနှစ်ယောက်တွဲပြိုင်ပွဲ (Mixed Double တွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယ ရရှိကြသူများကိုလည်းကောင်း၊ အမှုဆောင် ဦးဇေယျာသူရမွန်က အမျိုးသားအလွတ်တန်းနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယ ရရှိသူများကိုလည်းကောင်း၊ အမှုဆောင် ဦးမျိုးသူရက အမျိုးသားအလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယ ရရှိသူများကိုလည်းကောင်း ဆုတံဆိပ်များနှင့် ဆုကြေးငွေများပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းက အမျိုးသားအသင်းလိုက်ပြိုင်ပွဲ (Inter Club)တွင် ပထမ My Friend အသင်း၊ ဒုတိယ Excellent Unity အသင်း၊ ပူးတွဲတတိယရရှိကြသော Chin United အသင်းနှင့် အိုလံပစ် (က)အသင်းတို့အား ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ပြီး ပထမရရှိသော My Friend အသင်းကို တံခွန်စိုက်ဆု ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) တင်စိုး(မြန်မာ့အလင်း)

လူမှုစီးပွားအားကစားအချပ်ပိုတွင် ကြော်ငြာထည့်နိုင်

အားကစားဝတ်စုံ၊ အားကစားပစ္စည်း၊ ဆုတံဆိပ်၊ ဆေးဝါးစသည့် ကြော်ငြာများကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ဝေသည့် မြန်မာ့အလင်း လူမှုစီးပွားအားကစားအချပ်ပိုတွင် ထည့်သွင်းခြင်းဖြင့် အောင်မြင်မှုရယူပါ။

မြန်မာဂေါက်သီးရိုက်အားကစားသမားများ တစ်ဦးချင်းရွှေတံဆိပ်ဆု မျှော်မှန်းထား

နေပြည်တော် နိုဝင်ဘာ ၅

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်အနေဖြင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိအောင် ကြိုးစားလျက်ရှိကြောင်း၊ အနည်းဆုံး တစ်ဦးချင်း ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ရန် ကြိုးစားနေကြောင်း မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ အထွေထွေမန်နေဂျာ ဦးအောင်မျိုးကျော်က ပြောကြားသည်။

"ကျွန်တော်တို့ ဂေါက်သီးအားကစားသမားတွေအနေနဲ့ ဒီပြိုင်ပွဲမှာ ဆုရအောင် ကြိုးစားသွားမှာပါ။ အသင်းလိုက်အနေနဲ့ အနည်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုတွေထဲက တစ်ဆုဆုတော့ ရမှာပါ။ အိမ်ရှင်အားသာချက်ပေါ်မူတည်ပြီး ရွှေတံဆိပ်ဆုလည်း ရနိုင်ပါတယ်" ဟု ဦးအောင်မျိုးကျော်က ဆက်လက်ရှင်းပြသည်။

"ပြိုင်ပွဲမှာတော့ အမျိုးသားပြိုင်ပွဲရော အမျိုးသမီးပြိုင်ပွဲပါ ကစားမှာဖြစ်ပါတယ်။ အမျိုးသားပြိုင်ပွဲအတွက် လေးဦးနဲ့ အရန်တစ်ဦး ရွေးချယ်လေ့ကျင့်နေပါတယ်။ အမျိုးသမီးပြိုင်ပွဲအတွက်တော့ သုံးဦးယှဉ်ပြိုင်ခွင့်ရှိမှာဖြစ်ပြီး အရန်တစ်ဦးနဲ့ စုစုပေါင်းလေးဦး လေ့ကျင့်နေပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လေ့ကျင့်ပေး

မြန်မာ ဂေါက်သီးအားကစားသမားများအား ပြည်ပနည်းပြများ လာရောက် လေ့ကျင့်ပေးနေသည့်အပြင် ပြည်တွင်းနည်းပြနှစ်ဦးကလည်း နေပြည်တော် Gold Camp တွင် လေ့ကျင့်ပေးနေကြောင်း သိရသည်။ အမျိုးသားပြိုင်ပွဲအတွက် ရွေးချယ်လေ့ကျင့်ပေးလျက်ရှိသော အားကစားသမားများမှာ ရဲထက်အောင်၊ မျိုးဝင်းအောင်၊ မောင်မောင်ဦးနှင့် သိန်းနိုင်ဦးတို့ ပါဝင်သည်ဟု ဆိုသည်။ အမျိုးသမီးပြိုင်ပွဲအတွက် ယဉ်မေမျိုး၊ မေဦးခိုင်၊ ဇင်မာနွယ်နှင့် အေးအေးအောင်တို့အား လေ့ကျင့်ပေးလျက်ရှိသည်။

လာမည့် ဆီးဂိမ်းဂေါက်သီးရိုက်အားကစားပြိုင်ပွဲများကို နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှိုင်ရယ်မြန်မာ ဂေါက်ကွင်း၌ ဒီဇင်ဘာ ၁၅ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာဂေါက်သီးရိုက်အားကစားသမားများ အမျိုးသားများအနေဖြင့် ဆီးဂိမ်းမတိုင်မီ ချင်းမိုင်၌ နိုဝင်ဘာ ၁၁ ရက်တွင် ကျင်းပမည့်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မောင်ရွှေရိုး



လှိုက်လှဲစွာဝမ်းမြောက်ကြိုဆိုခြင်း

IKBZ Insurance (အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံလုပ်ငန်း) ၏

စစ်ကိုင်းတိုင်းရုံးချုပ် ကို ၄.၁၁.၂၀၁၃ ရက်နေ့တွင်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ ၌ အောင်မြင်စွာဖွင့်လှစ်ခဲ့ခြင်းအတွက်

အထူးဂုဏ်ယူဝမ်းမြောက်ကြိုဆိုပါကြောင်း နှင့် တိုးတက်အောင်မြင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းအပ်ပါသည်။

- ကုန်သည်၊ ပွဲစားစက်ပိုင်များအသင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့။
- စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့။

နိုင်ငံတကာအားကစားသတင်း

အင်္ဂလန်ကမ္ဘာ့ဖလားမရနိုင်ဟု နည်းပြဟောင်းအဲရစ်ဆင်ပြောကြား

အင်္ဂလန်အသင်းသည် လာမည့်နွေရာသီတွင် ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဖလားဆွတ်ခူးရန် အခွင့်အလမ်းမရှိကြောင်း နည်းပြဟောင်း ဆဗင်ဂိုရန်အဲရစ်ဆင်က ပြောကြားလိုက်သည်။

အသက် ၆၅ နှစ်ရှိ ဆွီဒင်နိုင်ငံသား အဲရစ်ဆင်သည် ယခုအခါ တရုတ်စူပါလိဂ်အသင်း ကွမ်ကျိုး R&F အသင်းတွင် နည်းပြလုပ်နေသည်။ ၎င်းသည် ၂၀၀၂ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်တို့တွင် အင်္ဂလန်အသင်းကို ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်တက်နိုင်သည်အထိ ပို့ပေးနိုင်ခဲ့သည်။ “ကျွန်တော့်အနေနဲ့ ပြောရရင်တော့ အင်္ဂလန်အသင်း လာမယ့်ကမ္ဘာ့ဖလားမှာ ဖလားရမယ်မထင်ပါဘူး။ အဲ-ဒါပေမယ့် ၂၀၁၈ ရုရှားမှာဆိုရင်တော့ ဖြစ်ကောင်းဖြစ်နိုင်ပါလိမ့်မယ်၊ အင်္ဂလန် လူငယ်ကစားသမားအများအပြားရှိနေတာကြောင့် ၂၀၁၈ ကမ္ဘာ့ဖလားဆိုရင်တော့ ဖြစ်နိုင်ပါတယ်”ဟု အဲရစ်ဆင်က ဘီဘီစီရေဒီယိုသို့ ပြောကြားသည်။

အက်သလက်တီကိုက ဘာစီလိုနာကိုဖိအားပေး

စပိန်လာလီဂါတွင် အက်သလက်တီကိုက ဘီဘာအိုကို နှစ်ဂိုးပြတ်ဖြင့် နိုင်လိုက်ခြင်းကြောင့် ထိပ်ဆုံးရောက်ဘာစီလိုနာကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။

အက်သလက်တီကိုအတွက် ဒီယေဂိုကော်စတာက ယခုနှစ်ရာသီအတွက် ၁၃ ဂိုးမြောက်အဖြစ် သွင်းယူပေးနိုင်ခဲ့သည်။ ပွဲစဉ် ၁၂ပွဲအနက် ၁၁ ပွဲမြောက်အဖြစ် အက်သလက်တီကိုတို့ အနိုင်ရလိုက်သည်။ အက်သလက်တီကိုအတွက် အဖွင့်ဂိုးကို ဒေးဗစ်ဗီလာက မြေမကျဘောဖြင့် သွင်းယူပေးလိုက်သည်။

ကော်စတာသည် စပိန်လာလီဂါထိပ်တန်းဂိုးသွင်းသမားစီရိုနယ်ဒိုနှင့် အပြိုင်ဂိုးသွင်းလာသည်ကိုတွေ့ရသည်။ ရီးရဲမက်ဒရစ်တို့ ပွဲစဉ် ၁၂အပြီး ဘာစီလိုနာနောက်မှ ငါးမှတ်ခွာလိုက်နေရသည်။ အက်သလက်တီကိုက ဘာစီလိုနာနှင့် တစ်မှတ်သာကွာသည်။ ဘာစီလိုနာ၏ ထိပ်ဆုံးနေရာကို အက်သလက်တီကိုက ခြိမ်းခြောက်လာသည်။

ATP Tour Final တင်းနစ်ပြိုင်ပွဲ အာဂျင်တီးနားမှ ဒယ်ပိုထရိုအဖွင့်ပွဲနိုင်

အာဂျင်တီးနားနာမည်ကြီး တင်းနစ်ကစားသမား မာတင်ဒယ်ပိုထရိုသည် လန်ဒန်မြို့၌ ကျင်းပသော ATP World Tour Final တင်းနစ်ပြိုင်ပွဲအဖွင့်ပွဲစဉ်တွင် ရစ်ချတ်ဂတ်စ်ကွက်ကို အနိုင်ရလိုက်သည်။ ကမ္ဘာ့အဆင့် ၄ ရှိ ဒယ်ပိုထရိုသည် အဆိုပါတင်းနစ်ပြိုင်ပွဲအုပ်စု (B)တွင် အဖွင့်ပွဲအနိုင်ရလိုက်၍ အုပ်စုကို ဦးဆောင်သူဖြစ်လာသည်။ နာမည်ကြီး ဂျိုကိုဗစ်နှင့် ရော်ဂျာဖက်ဒဲရားတို့ တစ်အုပ်စုတည်းကျပြီး အင်္ဂါနေ့တွင် ယှဉ်ပြိုင်လျက်ရှိသည်။ မိမိအနေဖြင့် အုပ်စုအဆင့်တက်ပြီးလျှင် ဂျိုကိုဗစ်နှင့် ဖက်ဒဲရားတို့ကိုလည်း အနိုင်ရအောင်ကစားနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း အာဂျင်တီးနားကစားသမား ဒယ်ပိုထရိုက ပြောကြားသည်။

ဖက်ဒရေးရှင်းဖလား အီတလီဆွတ်ခူး

ဖက်ဒရေးရှင်းဖလားအမျိုးသမီးတင်းနစ်ပြိုင်ပွဲတွင် အီတလီမှ ဆာရာအာရန်နီက ရုရှားတင်းနစ်မယ်အလီဆာကလေးဘာနိုဗာအား သုံးပွဲပြတ်ဖြင့် အနိုင်ရပြီး အီတလီနိုင်ငံအတွက် စတုတ္ထအကြိမ်မြောက် ဖလားဆွတ်ခူးသွားခဲ့သည်။

ကမ္ဘာ့နံပါတ်(၇)အဆင့်ရှိ အီတလီတင်းနစ်မယ် အာရန်နီသည် ၆-၁၊ ၆-၁ ဖြင့် ရုရှားတင်းနစ်မယ်ကို အနိုင်ရလိုက်သည်။ အီတလီက စနေနေ့အထိ နှစ်ပွဲပြတ်ဖြင့် ဦးဆောင်ခဲ့ပြီးနောက် နောက်ဆုံးပိုလ်လုပွဲတွင် အနိုင်ကစားခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် နာမည်ကြီး ရုရှားတင်းနစ်မယ်မာရီယာရှာရာပိုဗာ ပခုံးဒဏ်ရာရထားသဖြင့် မပါဝင်နိုင်ခဲ့ပေ။ ကွတ်ညက်ဆိုဗာနှင့်ပက်ထရိုဗာတို့လည်း နောက်ဆုံးပြိုင်ပွဲများအထိ မကစားနိုင်ခဲ့ပေ။ ရုရှားအမျိုးသမီး အသင်းတွင် နာမည်ကြီးတင်းနစ်မယ်များဒဏ်ရာရထားခြင်းနှင့် အနားယူကြခြင်းတို့ကြောင့် ဖလားနှင့် လွဲချော်ခဲ့ကြသည်။ အီတလီအမျိုးသမီးအသင်းသည် ဖက်ဒရေးရှင်းဖလားကို လေးကြိမ်မြောက်အဖြစ် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

ချန်ပီယံလိဂ် ပွဲစဉ်-၄

သီဟ

နိုဝင်ဘာ ၆/၇

ဇင်းနစ်	-	ပေါ်တို	ည ၁၁း၃၀
အက်သလက်တီကို	-	ဩစတြီးယားဝီအန်	နံနက် ၂း၁၅
အိုင်းယက်စ်	-	**ဆဲလ်တစ်**	နံနက် ၂း၁၅
ဘာစီလိုနာ	-	အေစီမီလန်	နံနက် ၂း၁၅
ဘေဆယ်	-	စတူအာဘူခါရက်စ်	နံနက် ၂း၁၅
ချယ်လ်ဆီး	-	ရှော်လ်ကေး	နံနက် ၂း၁၅
ဒေါ့မွန်	-	အာဆင်နယ်	နံနက် ၂း၁၅
နာပိုလီ	-	မာဆေး	နံနက် ၂း၁၅

ဘေဆယ် Vs စတူအာဘူခါရက်စ်

အုပ်စု(E)မှာ ဘေဆယ်က ပွဲစဉ်-၃အပြီး ရမှတ်လေးမှတ်နဲ့ အဆင့်သုံးမှာရှိနေပြီး အဆင့်နှစ် ရှော်လ်ကေးနဲ့ နှစ်မှတ်သာကွာပါတယ်။ စတူအာက ရမှတ် တစ်မှတ်နဲ့ ဇယားအောက်ဆုံးမှာ ရှိနေပြီး ပထမအကျော့ရလဒ်မှာ ၁-၁ နဲ့ သရေကျထားပါတယ်။ ဘေဆယ်ဟာ ဒီပွဲမှာ ရမှတ် သုံးမှတ်အပြည့်ယူပြီး ဂိုးအပြတ်သွင်းထားမယ်ဆိုရင် အဆင့်နှစ်ကို မျှော်မှန်းလို့ရပါတယ်။ သူ့အထက် နှစ်သင်း ချယ်လ်ဆီးနဲ့ ရှော်လ်ကေးဟာ ရမှတ်ခြောက်မှတ်အတူနဲ့ ထိပ်တိုက်တွေ့နေပါတယ်။ အိမ်ကွင်းအားသာချက်နဲ့ အမှတ်ပြည့်ယူပြီး ဂိုးပါပြတ်နိုင်လို့ ဘေဆယ်ကိုကြိုက်ပါတယ်။

နာပိုလီ Vs မာဆေး

အုပ်စု(F)မှာ မာဆေးကပွဲစဉ်-၃အပြီး တစ်မှတ်မှမရသေးဘဲ ဇယားအောက်ဆုံးမှာ ရှိနေပါတယ်။ နာပိုလီက ရမှတ်ခြောက်မှတ်နဲ့ အဆင့်သုံးမှာရှိနေပြီး အပေါ်နှစ်သင်းနဲ့လည်း အမှတ်တူနေပါတယ်။ ဒီပွဲမှာ မာဆေးဟာ အဖြည့်ခံပါ။ အုပ်စု(F)ရဲ့ ပွဲစဉ်-၄ဟာ အမှတ်တူအသင်းသုံးသင်း အားပြိုင်နေလို့ ကြည့်ကောင်းမယ့် အုပ်စုပြိုင်ပွဲပါပဲ။ ထိပ်ဆုံးနှစ်သင်းထိပ်တိုက်ဆုံနေလို့ နာပိုလီ ဒီအခွင့်အရေးကို အသုံးချမှာပါ။ အိမ်ရှင်လည်း ဖြစ်နေလို့ အမှတ်ပြည့်ယူပြီး အဖြည့်ခံ မာဆေးကို ဂိုးပြတ်သွင်းနိုင်ပါတယ်။

ဇင်းနစ် Vs ပေါ်တို

အုပ်စုG ရဲ့ အလယ်နှစ်သင်း ခြေစွမ်းပြမယ့်ပွဲပါပဲ။ ဇင်းနစ် ပွဲစဉ်-၃အပြီး ရမှတ် လေးမှတ်နဲ့ အဆင့်နှစ်မှာ ရှိပြီး ပေါ်တိုက သုံးမှတ်နဲ့ အဆင့်သုံးမှာ ရှိနေပါတယ်။ ဇင်းနစ်က အဝေးကွင်းမှာ ၁-၀ နဲ့ နိုင်ထားပြီး သူတို့နှစ်သင်းဟာ တစ်မှတ်ပဲကွာပါတယ်။ အိမ်ရှင်ဇင်းနစ်က ဒီပွဲမှာ အရှုံးခံလို့မဖြစ်ဘဲ အနည်းဆုံး သရေတစ်မှတ်ယူရင်တောင် အဆင့်နှစ်မှာ ရပ်တည်လို့ရလို့ အိမ်ကွင်းအားသာချက်နဲ့လည်း အမှတ်ပြည့်တောင် ရသွားနိုင်ပါတယ်။

နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာရက်မြတ်ဆုတောင်း

ချစ်ရပါသော ကျေးဇူးရှင်ဖေဖေ ဦးမောင်မောင်စိုး-မေမေ ဒေါ်အေးအေးမေ(သိန်းသန်းကျော်စတိုး)တို့၏ ၆-၁၁-၂၀၁၃ ရက်တွင်ကျရောက်သော နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာရက်မြတ်မှသည် နှောင်နှစ်ပေါင်းများစွာတိုင် ချစ်သား၊ ချစ်သမီး၊ ချစ်မြေးများနှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် ရွှေလက်မြဲမြဲတွဲလျက် လောကီ၊ လောကုတ္တရာနှစ်ဖြာသောအကျိုးကို ဆောင်ရွက်ရန် သက်ဆုံးတိုင် အောင်မြင်သောနေ့ရက်များကို ရရှိပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

သားကြီး - ဗိုလ်ကြီးပြည့်ဖြိုးမောင်-မမြင့်စကားဝါလွင်(မြစ်ကြီးနား)
သမီးကြီး - မစိုးယုမေ(ခေတ္တ အင်ဒိုနီးရှား)
သားငယ် - မောင်နန္ဒကျော်(ခေတ္တ အီတလီ)
သမီးငယ် - မရွှန်းလဲ့မေ(အဆင့်မြင့်ကွန်ပျူတာတက္ကသိုလ်)
ချစ်မြေးများ - မောင်ဘုန်းပြည့်ထက်(ခ)လပြည့်၊ မောင်အာကာဘုန်းပြည့်(ခ)အဲဏီ

ပညာရေးတက္ကသိုလ် (၁၉၇၄-၁၉၇၉) သူငယ်ချင်းများ၏ စတုတ္ထအကြိမ်ဘုံကထိန်ပွဲ ဖိတ်ကြားလွှာ

ပညာရေးတက္ကသိုလ်(B.Ed) ၁၉၇၄-၁၉၇၉ သူငယ်ချင်းများ၏ စုပေါင်းဘုံကထိန်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက်ကြွရောက်ပါရန် ခင်မင်ရင်းနှီးစွာ စေတနာရှေ့ထား ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၁၀-၁၁-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉ နာရီ
ကျင်းပမည့်နေရာ - ဇမ္ဗူရတနာကျောင်း၊ ဂန္ဓမာလမ်း၊ ရွာသစ်၊ ထောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ်
စုရပ် - ကိုနေဝင်းသော်-မခင်ချိုချိုတို့နေအိမ် ၂၉၊ အခန်း ၆၀၁၊ ရှိုင်းတာဝါ၊ ဂျိုးဖြူလမ်း၊ အောင်ဆန်းကွင်းအနီး။ (နံနက် ၆ နာရီအရောက် လာခဲ့ကြပါ။)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(သန်လျင်)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(လက်ခုပ်ကုန်း)တို့တွင် အောက်ဖော်ပြပါလုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **နည်းပညာတက္ကသိုလ်(သန်လျင်)**
ဆရာ/ဆရာမဆောင် ပေ(၁၃၂×၄၅×၁၂) ခြောက်ခန်းတွဲတစ်လုံး၊ RC ဆောက်လုပ်ခြင်းလုပ်ငန်း(လျှပ်စစ်မီးသွယ်ခြင်းနှင့်ရေသန့်အပါအဝင်)

(ခ) **အစိုးရနည်းပညာအထက်တန်းကျောင်း(လက်ခုပ်ကုန်း)**
နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာတစ်ထပ်၊ သံကူကွန်ကရစ်အဆောက်အအုံ ပေ(၄၈×၄၉) တစ်လုံးဆောက်လုပ်ခြင်း၊ (လျှပ်စစ်မီးသွယ်ခြင်းနှင့် ရေသန့်အပါအဝင်)

၂။ တင်ဒါတင်သွင်းလိုသည့်ကုမ္ပဏီများသည် ဦးစီးဌာနမှ သတ်မှတ်ထားသော လုပ်ငန်းစံနှုန်း ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲ တွက်ချက်တင်ပြရန်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် (Profile)တင်ပြရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၃၀-၁၀-၂၀၁၃ ရက်မှ ၁၅-၁၁-၂၀၁၃ရက်အထိ နည်းပညာတက္ကသိုလ်(သန်လျင်) စီမံရေးရာဌာနတွင် ဝယ်ယူနိုင်ပါသည်။

၄။ တင်ဒါတင်သွင်းလိုသူသည် ဆရာ ဆရာမဆောင်၊ ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာတစ်ထပ်ဆောက်လုပ်ခြင်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေး ပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။

၅။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
နည်းပညာတက္ကသိုလ်(သန်လျင်)
ဖုန်း-၀၉-၈၆၀၂၄၄၃၊ ၀၉-၈၆၀၂၀၅၃၊ ၀၉-၄၂၀၁၂၆၂၃၆

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆၊ လူနေရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ် ၁၇၃၊ နေမျိုးကျော်ခေါင်လမ်းရှိ နှစ် ၆၀ ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် ဦးဝင်းကိုစိုး ၁၂/မဂဒ(နိုင်)၀၆၆၂၂၁၊ မြေငှားစာချုပ်အမှတ် (၈၅/၂၀၀၄)၊ အမှုတွဲအမှတ်/နေ့စွဲ(ရပသ/သစ်/၅၂/၂၀၀၄) ၁၀-၃-၂၀၀၄ ကိုင်ဆောင်သူအမည်ဖြင့် တည်ရှိသော နှစ်၆၀ ဂရန်မြေကွက်ဖြစ်ပါသည်။ အကျယ်အဝန်းအားဖြင့် (အလျားပေ ၆၀ × အနံ ပေ၆၀)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧက၊ စတုရန်းပေ ၃၆၀၀ရှိပြီး အဆိုပါမြေကွက်အား ဦးရဲကြည်အောင် ၁၂/လမန(နိုင်) ၀၄၂၉၀၉ မှ အရပ်ကတိစာချုပ်အရ ပိုင်ဆိုင်ပြီး ဦးရဲကြည်အောင်မှ ပြန်လည်ရောင်းချမည်ဖြစ်ရာ ကျွန်မ၏မိတ်ဆွေမှ အဆိုပါမြေကွက်အား ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ရာ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ဥမ္မာ LL.B (တရားလွှတ်တော်ရှေ့နေ)၊ ၁၂/မရက(နိုင်)၀၂၇၃၁၅
ဖုန်း-၀၉-၅၀၂၉၅၆၆

အကျိုးများလို့ ဆေးစွမ်းထက် ကျန်းမာစေသော ကွမ်းရွက်

အိန္ဒိယနိုင်ငံမှ သုတေသနပညာရှင်တွေက ကွမ်းရွက်ကို အစိမ်းရောင်ရွှေလို့တင်စား ခေါ်ဝေါ်ကြပါတယ်။ ဘာကြောင့်လဲဆိုရင် ကွမ်းရွက်မှာ အံ့သြဖွယ်ရာ များပြားတဲ့ အာဟာရတန်ဖိုးတွေ ပါဝင်ကြောင်း ရှာဖွေတွေ့ရှိခဲ့လို့ပါပဲ။ ကွမ်းပင်ကို မြန်မာနိုင်ငံအနှံ့အပြားမှာ စိုက်ပျိုးနိုင်ပါတယ်။ ၎င်းကို အနုစား၊ အလတ်စား၊ အကြမ်းစားနဲ့ အရိုင်းစားဆိုပြီး လေးမျိုး ခွဲခြားထားပါတယ်။ ကွမ်းရွက်မှာ ဖန်၊ ခါး၊ ပူစပ်တဲ့အရသာရှိတဲ့အတွက် နှုတ်မြိန်စေပါတယ်။ ဒ့ါအပြင် သလိပ်ကြေ၊ လေနိုင်ပြီး ခွန်အားကိုလည်း တိုးပွားစေပါတယ်။

ကွမ်းရွက်မှာ ရေဓာတ်၊ အသားဓာတ်၊ အဆီနဲ့ သတ္တုဓာတ်တွေအပြင် အမျှင်ဓာတ်၊ ကစီဓာတ်၊ ဗီတာမင်အေ၊ စီ၊ ဘီ၊ ကယ်လ်စီယမ်၊ ကာရိုတင်း၊ ရိုင်ဘိုဖလေဗင်၊ နိုင်ယာစင်၊ သိုင်ယာမင်းနဲ့ သံဓာတ်စတဲ့ အာဟာရဓာတ်တွေ ပါဝင်တယ်လို့သုတေသနပြုချက်များအရ သိရပါတယ်။ ကွမ်းရွက်ခြောက်ရွက်မှာပါဝင်တဲ့ ဗီတာမင်နဲ့ သတ္တုဓာတ်တွေဟာ နွားနို့ ၃၀၀ စီစီမှာပါတာနဲ့ ပမာဏချင်း တူညီတယ်လို့ ဆိုပါတယ်။

ကွမ်းရွက်ညှစ်ရည်နဲ့ ပျားရည်ကို တိုက်ပေးရင် ကလေးများမှာဖြစ်တဲ့ အစာမကြေ၊ လေပွ၊ ဝမ်းသွားပြီး ဖျားနာတဲ့ ဝေဒနာပျောက်ကင်းပါတယ်။ ၎င်းညှစ်ရည်ကို နွားနို့နဲ့သောက်ရင် မီးယပ်ကြောင့်ဖြစ်တဲ့ စိတ္တဇရောဂါ ပျောက်ကင်းတယ်လို့ဆိုပါတယ်။ မျက်စိနာ၊ မျက်စိကိုက်ရောဂါတွေအတွက် ကွမ်းရွက်ညှစ်ရည်နဲ့ မျက်စဉ်းခတ်ပေးနိုင်ပါတယ်။ ကွမ်းရွက်ညှစ်ရည်ကို ချင်းပြုတ်ရည်နဲ့ရောပြီး သိန္ဓောဆားအနည်းငယ် ထည့်သောက်ပေးရင် ချောင်းဆိုး၊ ပန်းနာနဲ့ ရင်အောင့် ရင်ကယ်ရောဂါတွေကို ပျောက်ကင်းစေပါတယ်။ အပူလွန်ပြီး ဖျားနာနေရင် ကွမ်းရွက်ကို ချင်း၊ ထန်းလျက်နဲ့ ဆားထည့်ပြုတ်ပြီး သောက်ပေးနိုင်ပါတယ်။

ကလေးများ နှာစေးနေတဲ့အခါမှာလည်း ကွမ်းရွက်မီးကင်ပြီး ငယ်ထိပ်မှာအုန်းဆီဆွတ်ပြီး ကပ်ထားပေးရင် သက်သာ ပျောက်ကင်းတယ်လို့ မြန်မာဆေးကျမ်းတွေမှာ ဖော်ပြထားတာ တွေ့ရပါတယ်။

ကွမ်းရွက် ၁၀ ရွက်ကို ပါးပါးလှီးပြီး ရေဆူဆူဖန်ခွက်တစ်ခွက်ထဲမှာ ၁၀ မိနစ်ခန့်ထားပြီး သောက်ပေးရင် ကိုယ်နံ့ကောင်းပြီး သွားနဲ့ သွားဖုံး ကျန်းမာတယ်လို့ဆိုပါတယ်။ အစာစားပြီးနောက် ကွမ်းရွက်စားရင် ခံတွင်းကောင်းပြီး အစာကြေပါတယ်။ ဘာကြောင့်လဲဆိုရင် ကွမ်းရွက်မှာ ပါဝင်တဲ့ ဂုဏ်သတ္တိတစ်ခုက အူလမ်းကြောင်းလှုပ်ရှားမှုကို ကောင်းမွန်စေပြီး အစာခြေဖျက်တဲ့ အင်ဇိုင်းတွေ ကောင်းစွာ အလုပ်လုပ်နိုင်အောင်

ကူညီပေးလို့ပါ။ ကွမ်းရွက်မှာ ဆီးသွားစေတဲ့ သတ္တိရှိတာကြောင့် ဆီးချုပ်၊ ဆီးနည်းတဲ့အခါမျိုးမှာ ကွမ်းရွက်ရည်ကို နွားနို့နဲ့ ရောပြီး သကြားထည့်သောက်သုံးပေးပါ။ အသက်ရှူ လမ်းကြောင်းဆိုင်ရာ ရောဂါတွေအတွက်ဆိုရင်တော့ ကွမ်းရွက်ကို မုန်ညင်းဆီဆွတ်ကာ အပူအနည်းငယ်ပေးပြီး ရင်ဘတ်ပေါ် ကပ်ထားပေးနိုင်ပါတယ်။

အာရုံကြော အားနည်းတဲ့ ဝေဒနာရှင်တွေအနေနဲ့ ကွမ်းရွက်ညှစ်ရည်ကို ပျားရည်ရောပြီးတစ်နေ့ နှစ်ကြိမ်သောက်ပေးရင် ပျောက်ကင်းတယ်လို့ဆိုပါတယ်။ ကွမ်းရွက်မှာ နှလုံးခုန်နှုန်းကို စည်းချက်ညီစေတဲ့ ဂုဏ်သတ္တိ ပါရှိပါတယ်။ နှလုံးရောဂါဝေဒနာရှင်တွေအနေနဲ့ ကွမ်းရွက်ကို ရေအနည်းငယ်စွတ်ပြီး နှလုံးနေရာမှာ ကပ်ထားပေးရင် နှလုံးအောင့်တဲ့ ဝေဒနာကို သက်သာစေမှာပါ။ ဓာတ်မတည့်မှုကြောင့် ယားယံတဲ့အခါမှာလည်း ကွမ်းရွက်နဲ့ ကုသနိုင်သလို ၎င်းမှာပါတဲ့ အမျှင်ဓာတ်တွေက သန်ကောင်၊ တုတ်ကောင်တွေကို သေစေနိုင်တဲ့ အာနိသင်ရှိတယ်လို့ သိရပါတယ်။ ခေါင်းကိုက်တဲ့အခါ နားထင်မှာ ကွမ်းရွက်ကပ်ပေးပါ။ ကွမ်းရွက်ရဲ့ အေးမြတဲ့သတ္တိက ခေါင်းကိုက် သက်သာစေမှာပါ။ ခါးနာရင်၊ အဆစ်အမျက်များ နာကျင်ကိုက်ခဲရင် ကွမ်းရွက်ကိုအပူပေး၊ အုန်းဆီဆွတ်ပြီး နာတဲ့နေရာမှာ ကပ်ထားပေးရင် ရောင်ရမ်းမှုသက်သာပြီး နာကျင်မှု ပျောက်ကင်းစေတယ်လို့ ဆိုပါတယ်။

ကွမ်းရွက်ဟာ နို့တိုက်မိခင်တွေ ရင်သားရောင်ရမ်းတာ၊ အဖြူဆင်းတာ စတဲ့ကိစ္စတွေမှာ အသုံးပြု ကုသလို့ရတဲ့ ဆေးတစ်ခွက်ဆိုလည်း မမှားပါဘူး။ ၎င်းဟာ ဗက်တီးရီးယားနဲ့ မှိုကြောင့်ဖြစ်တဲ့အရေပြားရောဂါတွေကို ပျောက်ကင်းစေပါတယ်။ ထိခိုက်ရှနာဝေဒနာတွေအတွက် အနာပေါ်မှာ ကွမ်းရွက် နေ့တိုင်းကပ်ပေးရင် နှစ်ရက်အတွင်း ပျောက်ကင်းတယ်လို့ ဆိုပါတယ်။ ကွမ်းရွက်ကပ်လို့မရတဲ့နေရာတွေမှာ အနာဖြစ်ရင်တော့ ကွမ်းရွက်ညှစ်ရည် ထည့်ပေးနိုင်ပါတယ်။ အပူပေးပြီး ကြက်ဆူဆီ သုတ်လိမ်းထားတဲ့ ကွမ်းရွက်ကို မွေးကျွတ်နာနဲ့ အနာစိမ်းတွေပေါ်မှာ မကြာခဏ လဲလှယ်ပြီး ကပ်ထားပေးရင် မွေးကျွတ်နာ (သို့) အနာစိမ်းက ပေါက်သွားပါလိမ့်မယ်။

ကွမ်းရွက်မှာ ကစီဓာတ်ကို ခြေဖျက်နိုင်တဲ့ အင်ဇိုင်းများလည်း ပါရှိပါတယ်။ အဆုတ်ထိခိုက်မှုဝေဒနာတွေမှ သက်သာစေပြီး အေးမြတဲ့အာနိသင်နဲ့ ကင်ဆာကို ပျောက်အောင်ကုသနိုင်တဲ့ ဓာတ်ပစ္စည်းတွေ ပါဝင်ပါတယ်။ အထူးသဖြင့် သွေးကင်ဆာရောဂါကို ပျောက်ကင်းစေနိုင်မယ်လို့ သုတေသနပညာရှင်တွေက မျှော်လင့်ထားကြပါတယ်။ လိပ်ခေါင်းရောဂါဝေဒနာ ခံစားနေရသူများအနေနဲ့ ၎င်း ဒွာရပေါက်မှာ ကွမ်းရွက်ကပ်ပေးရင် ခံစားနေရတဲ့ ဝေဒနာများမှ သက်သာစေတယ်လို့ ဆိုပါတယ်။

ဆေးဖက်ဝင်တဲ့ ကွမ်းရွက်ကို ကွမ်းသီး၊ ဆေးရွက်ကြီး၊ ထုံးစသည်ဖြင့် ရောစပ်ပြီး ကွမ်းယာအဖြစ် စားသုံးမယ်ဆိုရင်တော့ အန္တရာယ်ကို လက်ယပ်ခေါ်နေသလို ဖြစ်လာမှာပါ။ ကွမ်းယာစားသုံးခြင်းဟာ မူးယစ်ဆေးသုံးသလိုပဲ စွဲလမ်းစေတယ်လို့ ဆိုပါတယ်။ ကွမ်းယာထဲမှာ ထည့်သုံးတဲ့ ဆေးတွေနဲ့ အခြား ပါဝင်ပစ္စည်းတွေကြောင့် ကင်ဆာရောဂါဖြစ်နိုင်ပါတယ်။ အထူးသဖြင့် ပါးစပ်၊ နှုတ်ခမ်း၊ သွားဖုံး၊ လျှာစတဲ့ ခံတွင်းကင်ဆာတွေအဖြစ်များတာ တွေ့ရပါတယ်။ အခုအခါမှာ ကွမ်းစိုက်တောင်သူတွေက ပိုးသတ်ဆေးဖျန်းပြီး စိုက်ပျိုးကြတဲ့အတွက်ကြောင့် ကွမ်းရွက်ကိုအသုံးမပြုခင် ရေစင်စင်ဆေးဖို့လည်း လိုအပ်ပါကြောင်း အသိပေး ရေးသားတင်ပြလိုက်ပါတယ်။

ဇင်ဇင်မင်းလွင်

ဆောင်းပါးနှင့် နယ်သတင်း

တလင်းပျောက်စနစ်ဖြင့် ရိတ်သိမ်းခြွေလှေ့ ခြင်းဆောင်ရွက်နိုင်သော ခေတ်မီရိတ်သိမ်းခြွေလှေ့စက်(Combine Harvester)များအား စက်မှုဝန်ကြီးဌာန၌ လက်ငင်းငွေချေစနစ်အပြင် အရစ်ကျငွေပေးချေမှုစနစ်ဖြင့်လည်း ဝယ်ယူသုံးစွဲနိုင်ကြောင်း အသိပေးကြေညာခြင်း

၁။ နိုင်ငံတော်၏လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်မှုလယ်ယာစနစ်မှစက်မှုလယ်ယာစနစ်သို့ ပထမအဆင့် ပြုပြင်ပြောင်းလဲရာတွင်၊ တောင်သူလယ်သမားများ၏ လက်ငင်းလိုအပ်ချက်အတွက် ခေတ်မီ ရိတ်သိမ်းခြွေလှေ့စက်(Combine Harvester)များအား စက်မှုဝန်ကြီးဌာနနှင့် တောင်ကိုရီးယားနိုင်ငံသို့ ပူးပေါင်းထုတ်လုပ်ခဲ့ရာ၊ စက်များကိုဖြန့်ဖြူးရန် အသင့်ရှိနေပြီးဖြစ်ကြောင်း သိရှိရသည်။

၂။ စက်မှုဝန်ကြီးဌာနတွင် မြင်းကောင်ရေ ၇၅ ကောင်အား ၂၀၀ စီးနှင့်မြင်းကောင်ရေ ၈၅ ကောင်အား ၂၀၀ စီး စုစုပေါင်း ၄၀၀ စီး အသင့်ထုတ်လုပ်ပြီး တိုင်းဒေသကြီး/ပြည်နယ်များအလိုက် လိုအပ်ချက်ရှိနေသော ဒေသများသို့ လက်ငင်းငွေချေစနစ်ဖြင့်လည်းကောင်း၊ အရစ်ကျငွေချေစနစ်ဖြင့်လည်းကောင်း ဖြန့်ဖြူးပေးရန် အသင့်ရှိနေပြီး၊ ယခုအခါ မိုးစပါးရာသီရိတ်သိမ်းရန် အချိန်မီ ဆက်သွယ်ဝယ်ယူအသုံးပြုနိုင်ရေး ကြေညာထားရှိပြီးဖြစ်ကြောင်း သိရှိရသည်။

၃။ တောင်သူလယ်သမားများအနေဖြင့် ရိတ်သိမ်းခြွေလှေ့စက်ကို အသုံးပြုခြင်းအားဖြင့် စပါးအထွက်နှုန်း ပိုမိုကောင်းမွန်လာစေမည့်အပြင် တစ်ဧကလျှင် အလေအလွင့် ၁၀ တင်းနှုန်းထက်မက လျော့နည်းသက်သာသွားစေပြီး စပါး၏အရည်အသွေးကိုလည်း ပိုမိုတိုးတက်ကောင်းမွန်စေမည့် အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်သည်။

၄။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စက်မှုဝန်ကြီးဌာနသို့ ဆက်သွယ်ဝယ်ယူဖြန့်ဖြူးအသုံးပြုခြင်းဖြင့် ဒေသအလိုက် စပါးထုတ်လုပ်မှု ပိုမိုတိုးတက်စေရုံမျှမက နောက်တစ်သီးစိုက်ပျိုးရန်အတွက်လည်း မြေပြုပြင်ချိန်လုံလောက်စွာ ရရှိစေနိုင်သည့်လက်ငင်းအကျိုးကျေးဇူး ရရှိစေနိုင်မည်ဖြစ်သည်။

၅။ စက်မှုဝန်ကြီးဌာနအနေဖြင့် လိုအပ်သော After Sale Service များ ဆောင်ရွက်ပေးသွားမည့်အပြင်၊ Spare Part များ ရရှိရေးအပါအဝင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ညှိနှိုင်းချက်အရ သိရှိရသည်။

၆။ သို့ဖြစ်ပါ၍ တောင်သူလယ်သမားများအတွက် လက်ငင်းလိုအပ်လျက်ရှိနေသော ရိတ်သိမ်းခြွေလှေ့စက်များ (Combine Harvester) ဖြန့်ဖြူးရန် အသင့်ဖြစ်နေပြီးဖြစ်ပါသဖြင့် စက်မှုဝန်ကြီးဌာနသို့ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
အထွေထွေရောဂါကုဆေးရုံကြီး၊ လှိုင်လင်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ အထွေထွေရောဂါကုဆေးရုံကြီး၊ လှိုင်လင်မြို့တွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော လူနာများအတွက် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များနှင့်ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက ၄-၁၁-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံးသို့ လာရောက်၍လည်းကောင်း၊ ဖုန်း-၀၈၁-၃၀၀၁၀၊ ၀၈၁-၃၀၀၁၂ တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၃။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**

စတင်ရောင်းချမည့်ရက် - ၄-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၁-၁၁-၂၀၁၃ ရက် ညနေ ၄ နာရီ

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ဆေးရုံအုပ်ကြီး
အထွေထွေရောဂါကုဆေးရုံကြီး၊ လှိုင်လင်မြို့၊ ဖုန်း-၀၈၁-၃၀၀၁၂

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးမြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တောင်ကြီးမြို့၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ဆေးကုသပေးနိုင်ရန် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံများစတင်ရောင်းချမည့်ရက်** - ၂၉-၁၀-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၈-၁၁-၂၀၁၃ ရက်၊ ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၁၂၁၁၀၄

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ် (ကျိုင်းတုံ)အတွက် ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာ သံကူကွန်ကရစ် (၁၃၂'×၄၅'×၁၂') ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၄-၁၁-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၃-၁၂-၂၀၁၃ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို နည်းပညာတက္ကသိုလ်(ကျိုင်းတုံ) ဖုန်း-၀၉-၅၂၅၁၅၅၁နှင့် ၀၉-၃၆၁၆၉၁၆၉တို့တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရှမ်းပြည်နယ်၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၏ ပြည်နယ်၊ မြို့နယ် အဆောက်အအုံများ ဆောက်လုပ်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ပြည်နယ်ရုံးဆောက်လုပ်ခြင်း ပေ(၄၀×၃၀×၁၂) အုတ်ညှပ်တစ်ထပ်(တောင်ကြီး) (၁)ရုံး
(ခ) မြို့နယ်ရုံးဆောက်လုပ်ခြင်း ပေ(၃၀×၂၀×၁၂) အုတ်ညှပ်တစ်ထပ်(ရွာငံ၊ ရပ်စောက်၊ သီပေါ၊ လောက်ကိုင်) (၁)ရုံးစီ
(ဂ) ဝန်ထမ်းနေအိမ်ဆောက်လုပ်ခြင်း ပေ(၄၀×၁၈×၁၂)အုတ်ညှပ်တစ်ထပ် (၅)လုံး တောင်ကြီး(၃)လုံး၊ လားရှိုး(၁)လုံး၊ ကျိုင်းတုံ(၁)လုံး

တင်ဒါပုံစံရောင်းချမည့်ရက် - ၆-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၅-၁၂-၂၀၁၃ ရက်၊ ညနေ ၄ နာရီ
အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်ရက် - ၁၀-၁၂-၂၀၁၃ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီ

၂။ တင်ဒါပုံစံနှင့်အသေးစိတ် တင်ဒါစည်းကမ်းချက်များကို ရုံးချိန်အတွင်း ဖုန်း-၀၈၁-၂၁၂၂၇၁၂သို့ စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
ဗိုလ်ချုပ်လမ်း၊ သစ်တောရပ်၊ တောင်ကြီးမြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနအောက်ရှိ ခုတင် (၁၅၀) နှစ်ရုံ၊ ခုတင် (၁၀၀) သုံးရုံ၊ ခုတင် (၅၀) ငါးရုံ၊ ခုတင်(၂၅) (၁၁)ရုံတို့အတွက် ဆေးဝါးနှင့်ဆေးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၁-၁၁-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၄-၁၂-၂၀၁၃ရက် ညနေ ၄း၃၀နာရီ

၃။ တင်ဒါစည်းမျဉ်းများနှင့် ဆေးပစ္စည်းစာရင်းကိုရုံးချိန်အတွင်းစုံစမ်းနိုင်ပါသည်။

တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာန
လားရှိုးမြို့၊
ဖုန်း-၀၈၂-၂၃၀၁၃၊ ၀၈၂-၃၀၃၈၇

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

အလင်းရောင် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

မြစ်ကြီးနား နိုဝင်ဘာ ၅

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း မတည်ငွေကျပ် ငါးသိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၄၇၄၅၀၀ စုစုပေါင်း ကုန်ကျငွေကျပ် ၁၉၇၄၅၀၀ ဖြင့် ဆောက်လုပ်ခဲ့သော အလျား ၂၄ပေ၊ အနံ ၁၈ပေ၊ အမြင့် ၁၁ ပေရှိ မြစ်ကြီးနားမြို့နယ် နန်းကွေ့ကျေးရွာအုပ်စု ပြည်ထောင်ကျေးရွာ အလင်းရောင်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် စာကြည့်တိုက်၌အသုံးပြုရန် ပစ္စည်းနှင့်သုတ၊ ရသစာအုပ်များကို အလှူရှင်များက ပေးအပ်လှူဒါန်းခဲ့ကြသည်။

(ခရိုင် ပြန်/ဆက်)

မိုင်းအန္တရာယ်ကင်းဝေးစေရေး အသိပညာပေးသင်တန်းဖွင့်

ခန္တီး နိုဝင်ဘာ ၅

မိုင်းအန္တရာယ်ကင်းဝေးစေရေး အသိပညာပေးသင်တန်းကို နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီက ခန္တီးမြို့ အခြေခံပညာအထက်တန်းကျောင်း ကျန်စစ်သားခန်းမ၌ ကျင်းပရာ မြို့ပေါ်ရပ်ကွက်များရှိ တည်းခိုခန်းနှင့် စားသောက်ဆိုင်ပိုင်ရှင်များ၊ မြို့မဈေးသူဈေးသားများ၊ သဘော်ဆိပ်ရှိ ရေယာဉ်ပိုင်ရှင်များနှင့် လုပ်သားများတက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ခရိုင်ရဲမှူး ဒုတိယရဲမှူးကြီးတင့်ဆွေကမိုင်း/ဗုံးစသည့် ပေါက်ကွဲစေတတ်သော ပစ္စည်းများနှင့် ပတ်သက်၍လည်းကောင်း၊ ဗုံးပေါက်ကွဲမှုဖြစ်စဉ်များကိုလည်းကောင်း၊ ဖြစ်ပေါ်လာပါက ပြည်သူများလိုက်နာဆောင်ရွက်ရမည့် အချက်အလက်များကိုလည်းကောင်း ဆွေးနွေးပို့ချခဲ့ပြီး ခန္တီးမြို့ နယ်မြေခံတပ်မှ ဗိုလ်ကြီးအေးမြင့်ချိုက မိုင်းအန္တရာယ်ကင်းဝေးစေရေး သိသင့်သိထိုက်သည်များကို ရှင်းလင်းပို့ချကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကုန်းဖောက်သံကူကွန်ကရစ်တံတား ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ

မြိတ် နိုဝင်ဘာ ၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စု အင်းလေးမြိုင်ရပ်ကွက် သုခလမ်းမကြီးထိပ်တွင် အရှည်ပေ ၁၀၀၊ အကျယ် ၁၄ ပေနှင့် လူသွားလမ်းတစ်ဖက်သုံးပေစီရှိသော ကုန်းဖောက်သံကူကွန်ကရစ် တံတားကို လေးလဖြင့် အပြီးတည်ဆောက်မည်ဖြစ်၍ အောက်တိုဘာ ၂၆ ရက်က စ၍ တံတားတည်ဆောက်ရန် သံကူကွန်ကရစ်တိုင်များ ပြုလုပ်ခဲ့ပြီး နိုဝင်ဘာ ၂ ရက် နံနက် ၇ နာရီတွင် အဆိုပါတံတား ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပသည်။

အဆိုပါတံတား ပန္နက်တင်မင်္ဂလာအခမ်းအနားတွင် မြိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြိတ်တောင်ကျေးရွာ လမ်းဖွံ့ဖြိုးရေးအဖွဲ့၊ မြိတ်တောင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းတို့က ပန္နက်တိုင်ကွန်ကရစ်လောင်းပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် မြိတ်တောင်လမ်းဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးက တံတားတည်ဆောက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ အဆိုပါတံတားကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်း နယ်စပ်ရေးရာရန်ပုံငွေကျပ် သိန်း ၉၅၀ ဖြင့် လေးလအပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

မိုးဟိန်း(မြိတ်)

သချိုင်းမြေနေရာအသစ်ရရှိရန် ပြည်သူများမျှော်လင့်

ဗန်းမော် နိုဝင်ဘာ ၅

ဗန်းမော်ခရိုင် မန်စီမြို့သည် ၁၉၆၅ ခုနှစ်မှစတင်၍ ဆိုင်ဝမ်ကတောင်၊ ကဝါးခစသော ကျေးရွာများကိုစုစည်းပြီး မြို့တစ်မြို့အဖြစ် သတ်မှတ်ခဲ့ရာ ယနေ့အချိန်တွင် မြို့ပေါ်လူဦးရေ တစ်သောင်းကျော်ခန့်ရှိသည်ဟု သိရသည်။ မန်စီမြို့ ဗုဒ္ဓဘာသာ သုသာန်သချိုင်းမြေသည် တစ်ဧကခန့်သာကျယ်ဝန်း၍ ကောင်ရာရပ်ကွက်နှင့် ဂျိန်းဖော့မြေရပ်ကွက် လူနေအိမ်များကြားတွင် တည်ရှိနေပြီး အုတ်ဂူများနှင့် မြေပုံများ ကျပ်တည်းနေသည်မှာ နှစ်အတန်ကြာနေပြီဟု ဒေသခံများ၏ ပြောပြချက်အရ သိရသည်။

သို့ဖြစ်ပါ၍ မရှိမဖြစ်လိုအပ်သော သုသာန်မြေနေရာသစ်ကို ခွင့်ပြုလက်မှတ်ပေးနိုင်ပါရန် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းသို့ အပြုသဘောဆောင်၍ တင်ပြလိုက်ရပါသည်။

လူပိုး(မန်စီ)

လျှော်ဒဏ်သင့် ရွှေရပ်တော်ဘုရားစေတီတော် ပြုပြင်တည်ဆောက်ရန် အလှူငွေထည့်ဝင်လှူဒါန်း

စဥ့်ကူး နိုဝင်ဘာ ၅

၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်က လှုပ်ခတ်ခဲ့သည့် လျှော်ဒဏ်ကြောင့် ပြိုလဲပျက်စီးခဲ့သော စဥ့်ကူးမြို့ ရွှေရပ်တော်မြတ်စွာဘုရား စေတီတော်ကြီး ဘက်စုံမွမ်းမံပြုပြင်ရန် အလှူငွေပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၃၁ ရက်က မန္တလေးမြို့ ၈၇ လမ်း ၁၉-၂၀ လမ်းကြား အကွက်အမှတ် ၁၂၃နေ အလှူရှင် ဒေါ်မာမာနွယ်၏နေအိမ်၌ ကျင်းပသည်။

လှူဒါန်းရာတွင် အလှူရှင်ဒေါ်မာမာနွယ်က လှူဒါန်းရသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ရွှေရပ်တော်မြတ်စွာဘုရားကြီး၏ အဝင်စောင်းတန်းမုခ်ဦး အသစ်ပြန်လည်တည်ဆောက်ရန်အတွက် အလှူငွေကျပ် ၁၅ သိန်းကို ပေးအပ်လှူဒါန်းရာ ဘုရားဂေါပကအဖွဲ့မှ ဦးသန်းမြင့်နှင့် ဦးတင်အုံးတို့က လက်ခံယူခဲ့ကြောင်း သိရသည်။

(၄၃၃)

မိုင်းအန္တရာယ်နှင့် မှူခင်းကျဆင်းရေးဟောပြော

မော်လူး နိုဝင်ဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးနယ်မြေရဲတပ်ဖွဲ့စခန်းရုံး၌ အောက်တိုဘာ ၃ ရက် မွန်းလွဲ ၁ နာရီက မိုင်းအန္တရာယ်ကင်းရှင်းရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဆွေးနွေး

အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် မော်လူးနယ်မြေရဲတပ်ဖွဲ့ စခန်းမှူး ရဲအုပ်အေးမင်းသိန်းက နယ်မြေလုံခြုံရေးနှင့် လုံခြုံရေးဆိုင်ရာ သတင်းအချက်အလက် အကြောင်းအရာများနှင့် ပေါက်ကွဲစေတတ်သောမိုင်းအမျိုးအစား အကြောင်းကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မိုင်းနှင့်ပတ်သက်၍ ဆောင်ရန်ရှောင်ရန်နှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊ မိုင်းအန္တရာယ်ရှိနိုင်သည့်နေရာများဖြစ်သည့် လူစည်ကားရာ စည်ပင်သာယာဈေး၊ မီးရထားဘူတာရုံ၊ တည်းခိုခန်း၊ မော်တော်ကားဂိတ်၊ ဒေသတွင်းစေတီပုထိုးများ (သမိုင်းဝင်ဒီပင်္ကရာ စေတီတော်)တွင် လုံခြုံရေးကင်မရာများ တပ်ဆင်ရန်လိုအပ်ကြောင်း အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

နီတိုး

တနင်္သာရီလေသာတောင်၌ နဂါးရုံဘုရား တည်ထားကိုးကွယ်

မြိတ် နိုဝင်ဘာ ၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့ရှိ လေသာတောင်တော်ပေါ်၌ နဂါးရုံဘုရားတစ်ဆူကို မြို့နယ်သံဃနာယက အတွင်းရေးမှူး ဘဒ္ဒန္တဇောတိကအမှူးပြု၍ အောက်တိုဘာ ၂၂ ရက် နံနက် ၈ နာရီ ၄၅ မိနစ်က စ၍ ဆရာတော်အရှင်သူမြတ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူနှင့် အလှူရှင်ခုနစ်ဦးတို့က မြေသန့်စင်အုတ်ဖိနပ်ချ၍တည်ထားကိုးကွယ်ခဲ့ရာ ယခုအခါ ပြီးစီးတော့မည်ဖြစ်သည်။ အဆိုပါ နဂါးရုံဘုရားတွင် နဂါးအမြင့် ၉ ပေ၊ ဗုဒ္ဓဆင်းတုတော် ဉာဏ်တော် ၃၈လက်မ၊ ဘုရားရင်ပြင် အကျယ် ၁၀ ပေ ပတ်လည်၌ရှိပြီး နဂါးခေါင်း အနောက်တောင်ဘက်သို့ ပူဇော်၍ တည်ထားကိုးကွယ်မည်ဖြစ်ကြောင်း သိရသည်။

မိုးဟိန်း(မြိတ်)

ဥပဒေအောက်တွင်း နေထိုင်ခြင်း ဘေးရန်ကင်းကွာ စိတ်ချမ်းသာ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အစိုးရနည်းပညာအထက်တန်းကျောင်း(လှိုင်ကော်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ အစိုးရနည်းပညာအထက်တန်းကျောင်း(လှိုင်ကော်)ရှိ နှစ်ထပ်စာသင်ဆောင် ခြံစည်းရိုး ၁၀၅၀ ပေ ပြန်ကာခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၃၁-၁၀-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း(လှိုင်ကော်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၆-၁၁-၂၀၁၃ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ အသေးစိတ်တွက်ချက်မှု (BQ/Estimate) နှင့်အတူ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရနည်းပညာအထက်တန်းကျောင်း(လှိုင်ကော်) ဖုန်း-၀၈၃-၂၂၉၃၆ တွင် စုံစမ်းနိုင်ပါသည်။

အစိုးရနည်းပညာအထက်တန်းကျောင်း(လှိုင်ကော်)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ တည်ဆောက်ရေးစီမံကိန်းများသို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် စတုတ္ထသုံးလ (၂၀၁၄ခုနှစ် ဇန်နဝါရီလမှ မတ်လ)အတွင်း စီမံကိန်းစခန်း ဂိုဒေါင်အရောက် တည်ဆောက်ရေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကွန်တိန်နာများ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၄-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၁၈-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၃၀ နာရီ

အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်-

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုဘုရားလမ်း၊ အမှတ် ၄၃၊ ခုနစ်လွှာA (ခေါင်းရင်းခန်း)ဟုခေါ်တွင်သည့် ဒေါ်ရင်မေ၊ ဦးတင်လှိုင်(ကွယ်လွန်)၊ ဒေါ်ရီရီမြင့်(ကွယ်လွန်)တို့ပိုင်ဆိုင်သောတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တိုက်ခန်းရောင်းကြေး တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ဒေါ်ရင်မေ ၁၂/စခန(နိုင်)၀၀၇၈၄၀ထံသို့ ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ချိုဝေဇင် LL.B, LL.M, D.B.L
တရားလွှတ်တော်ရှေ့နေ (စဥ်-၇၈၉၉/၂၀၁၁)
အမှတ် ၃၃(ဘီ)၊ အင်းလျားမြိုင်လမ်း၊ ခရေမြိုင်လမ်းသွယ်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၁၃၅၉၈၈

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/၃၊ မြေကွက်အမှတ် ၈၈၊ မြေကွက်တည်နေရာအမှတ် ၈၈၊ နဝဒေးလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးစံညိမ်းအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးစံညိမ်းကွယ်လွန်သဖြင့် ဒေါ်လှမြင့် TKA-၀၂၀၄၀၆ ၂၀၀၇ခုနှစ်တွင် ထုတ်ယူခဲ့သော ပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်မြေပုံကူး ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ဦးစံညိမ်း၏ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ဒေါ်လှမြင့်၏ အထွေထွေကိုယ်စားလှယ်လွှဲစာ ၁၅၁၁၂/၁၃ (၂၃-၈-၂၀၁၃) ရရှိသူ ဒေါ်ချန်ဂဲမန်း(ခ)လှလှဝင်းက အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၈၀၀၇၄ Honda C 90 Custom CMP M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းကိုကို ၉/အမဇ(နိုင်)၀၀၇၆၂၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ကမ္ဘာ့ဓာတ်မှန်ပညာနေ့

ခင်မောင်တင်(ဓာတ်ရောင်ခြည်)

"ဓာတ်ရောင်ခြည်" (Radiation) ဟူသော ဝေါဟာရကို ကြားရလျှင် လူတိုင်းကြောက်ကြသည်၊ ဓာတ်ရောင်ခြည်သည် အဆင်းမရှိ၊ အနံ့မရှိ၍ "ဓာတ်ရောင်ခြည်" မည်သည့်နေရာ၊ မည်သည့်အရပ်မှလာမည်ကို တွေး၍ ကြောက်ကြသည်မှာ သဘာဝကျပေသည်။

သို့သော် လူသားတိုင်းသည် ဓာတ်ရောင်ခြည်နှင့်လွတ်ကင်း၍ မရပါချေ။ လူတိုင်း၊ လူတိုင်း နေ့စဉ်နှင့်အမျှ ဓာတ်ရောင်ခြည်ထိခြင်းကို ခံနေရသည်။ ကျွန်ုပ်တို့အထိခံနေရသော ဓာတ်ရောင်ခြည်သည် အဆင့်နိမ့်ဓာတ်ရောင်ခြည် [Low level radiation] ဖြစ်ပြီး ကျွန်ုပ်တို့ ပတ်ဝန်းကျင်တွင်ရှိနေသည်။ ကျွန်ုပ်တို့စားသော အစားအသောက်၊ နေထိုင်သော မြေ၊ တိုက်တာအဆောက်အအုံ၊ ကျွန်ုပ်တို့ရှူရှိုက်နေသောလေနှင့် အာကာသဟင်းလင်းပြင်မှလာသော ကော့စမစ်ဓာတ်ရောင်ခြည်တို့ကို ကျွန်ုပ်တို့ ရှောင်လွှဲ၍ မရပါချေ။ သို့သော် သဘာဝဓာတ်ရောင်ခြည်များသည် လူကိုအန္တရာယ်ဖြစ်စေလောက်သည့် ပမာဏမရှိပါ။

ထို့ပြင် လူသားများ တီထွင်ဖန်တီးထားသော [Man Made Radiation]သည်လည်း ရှိပေသေးသည်။ ၎င်းဓာတ်ရောင်ခြည်များကို အသုံးပြု၍ ရောဂါရှာဖွေစမ်းသပ်ခြင်း၊ ရောဂါကုသခြင်းများ၊ လူသားတို့ကို အကျိုးပြုစွမ်းဆောင်မှုများပြုကြသည်။ တစ်ဖက်တွင် လူသားတို့အား အကျိုးပြုသကဲ့သို့ အခြားတစ်ဖက်တွင်လည်း ထိုဓာတ်ရောင်ခြည်များကို ဂရုမမူ၊ စည်းစနစ်ကျနစွာ အသုံးပြုခြင်းမရှိပါက ဆိုးကျိုးများ ခံစားရနိုင်ပါသည်။

ဆေးဘက်ဆိုင်ရာရောဂါရှာဖွေကုသမှုတွင် အဓိကအားဖြင့် အိပ်(စ်)ရောင်ခြည်နှင့် ဂမ်မာရောင်ခြည်တို့သည် ထင်ရှားလှသည်။ ၎င်းဓာတ်ရောင်ခြည်နှစ်မျိုးမှာ အိုင်းယွန်းဖြစ် ဓာတ်ရောင်ခြည် [Ionizing Radiation] များဖြစ်သည်။

အိပ်(စ်)ရောင်ခြည်ကို ဂျာမန်သိပ္ပံပညာရှင်ပါမောက္ခရွန်ဂျင် [Roentgen] က ၁၈၉၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ၎င်း၏ဓာတ်ခွဲခန်းတွင် ကက်သုတ်ရောင်ခြည်ကို စမ်းသပ်သုတေသနပြုလုပ်စဉ် အမှတ်မထင်ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ၎င်းအနေဖြင့် တွေ့ရှိသော ရောင်ခြည်မှာ မည်သည့်ရောင်ခြည်ဟူ၍ မသိရှိသည့်အတွက် အက္ခရာသင်္ချာတွင် မသိကိန်းကို 'X'နှင့်ထားလေ့ရှိရာမှာ ရွန်ဂျင်ကလည်း အမျိုးအမည်မသိသည့် ရောင်ခြည်ကို အလွယ်တကူပင် အိပ်(စ်)ရောင်ခြည် [X-ray] ဟု အမည်နာမပေးခဲ့သည်။

ပိုမိုထိရောက်

ရွန်ဂျင်၏ ကောင်းမှုကြောင့်ပင် လူ့ခန္ဓာကိုယ်တွင်း၌ ဖြစ်ပျက်နေမှုများကို ဖလင်ကားချပ်တွင် ပုံဖော်ကာ ဆေးကုသသောဆရာဝန်များက ကြည့်ရှုနိုင်ခဲ့သည့်အတွက် ဆေးကုသမှုမှာ ပိုမိုထိရောက်မြန်ဆန်ခဲ့သည်။

အိပ်(စ်)ရောင်ခြည်အသုံးပြု ဓာတ်မှန်စက်အမျိုးမျိုးကိုလည်း တီထွင်ခဲ့ကြပါသည်။ ယခင်ရိုးရိုးဓာတ်မှန်ရိုက်စက်မှနေပြီး လူသားများအတွက် ရောဂါရှာဖွေရာတွင် ပိုမိုတိကျသော ပုံရိပ်ဖော်မှုများပေးနိုင်ရန် ကွန်ပျူတာများကို တွဲဖက်ပေါင်းစပ်အသုံးပြုသော "လွှာခြင်းအလိုက်" ရောဂါရှာဖွေစက် Computerized Tomography [CT] စက်များလည်း ပေါ်ပေါက်ခဲ့သလို ရိုးရိုးဓာတ်မှန်ရိုက်ခြင်း [Analog Radiography System] မှ Digital Radiography System ဒစ်ဂျစ်တယ်ဓာတ်မှန်ရိုက်ကူးမှုများလည်း ဖန်တီးလာခဲ့ကြသည်။ ဒစ်ဂျစ်တယ်ဓာတ်မှန်ရိုက်ကူးမှုစနစ်အသုံးပြုလာသည့်အတွက် လူနာကို အကြိမ်ကြိမ်ဓာတ်မှန်ပြန်ရိုက်မှုလည်း လျော့နည်းစေသလို ဖလင်ကားချပ်သိမ်းဆည်းရာတွင်လည်း သက်သာသည်၊ လူနာများကို CD ခွေဖြင့် ပုံရိပ်များကို ကူးပေးနိုင်သည်။ PACS [Picture Archiving and Communication System] ထားရှိပါက အနည်းဆုံးလူနာတစ်ယောက်၏ ဓာတ်မှန်ပုံရိပ်များကို ငါးနှစ်ခန့်အထိ မပျောက်မပျက်သိမ်းဆည်းထားနိုင်သည်။ PACS ရှိခြင်းအားဖြင့် ဓာတ်မှန်ရိုက်ရန် စေလွှတ်လိုက်သော ဆရာဝန်ကြီးသည် ၎င်း၏လူနာ ၎င်းထံပြန်မလာမီ ကွန်ပျူတာမှနေ၍ လူနာ၏ဓာတ်မှန်ပုံရိပ်များကို ကြည့်ရှုနိုင်သည်။ အကယ်၍ လိုအပ်ပါက အခြားနိုင်ငံရှိ ဆေးရုံ၊ ဆေးကုသသောဆရာဝန်၊ ဓာတ်မှန်ဆရာဝန်များထံ Teleradiography စနစ်ဖြင့် အကူအညီများ၊ အကြံဉာဏ်များလည်း တောင်းခံနိုင်သည်။

အသုံးပြုလာ

ဤသို့ဓာတ်မှန်ရောင်ခြည်ကို အသုံးပြု၍ ရောဂါရှာဖွေမှု အဆင့်ဆင့်တိုးတက်လာသကဲ့သို့ ကင်ဆာရောဂါကုသမှုမှာလည်း Linear Accelerator စက်များ၊ Deep X-ray Unit, Superficial X-ray Unit များလည်း တီထွင်အသုံးပြုလာခဲ့ကြသည်။

အလားတူပင် ရေဒီယိုသတ္တိကြွပစ္စည်းများအသုံးပြုကာ ရောဂါရှာဖွေစမ်းသပ်မှု၊ ကုသမှုကဏ္ဍတွင်လည်း တိုးတက်ခဲ့သည်။

ဓာတ်မှန်ဆေးလောကတွင် မှတ်ကျောက်တင်ခံရသော ပုဂ္ဂိုလ်ထူးမှာ ပါမောက္ခရွန်ဂျင်ပင် ဖြစ်သည်။ ၎င်း၏ရှာဖွေတီထွင်မှုကို ဂုဏ်ပြုသောအားဖြင့် အိပ်(စ်)ရောင်ခြည်ကို ရှာဖွေတွေ့ရှိသော နိုဝင်ဘာ ၈ ရက်ကို **"ကမ္ဘာ့ဓာတ်မှန်ပညာနေ့"** "World Radiography Day" အဖြစ် သတ်မှတ်ကာ အစည်းအဝေးပွဲများ၊ စာတမ်းဖတ်ပွဲများ ကျင်းပခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်မှုပိုမိုကောင်းမွန်ရေး ဆေးဘက်ဆိုင်ရာ ဓာတ်ရောင်ခြည်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဓာတ်ရောင်ခြည်အသုံးပြုနိုင်ငံများတွင် ဆေးဘက်ဆိုင်ရာဓာတ်ရောင်ခြည်နည်းပညာရှင်အသင်းများ ဖွဲ့စည်းခဲ့ကြသည်။

ဖွဲ့စည်း

၁၉၅၃ ခုနှစ် ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာဓာတ်ရောင်ခြည်နည်းပညာကွန်ဂရက်မှ အပြည်ပြည်ဆိုင်ရာ ဓာတ်မှန်ဘက်ဆိုင်ရာကျွမ်းကျင်သူနည်းပညာရှင်များအသင်းကို ဖွဲ့စည်းခဲ့သည်။

၎င်းအဖွဲ့ကြီး၏အမည်မှာ "International Society of Radiographers & Radiological Technologists[ISRRT] ဟုခေါ်တွင်ခဲ့သည်။ ယခုအခါ အဖွဲ့ဝင် ၈၀ ကျော်ရှိသွားပြီဖြစ်သည်။ မြန်မာနိုင်ငံဆေးဘက်ဆိုင်ရာ ဓာတ်ရောင်ခြည်နည်းပညာရှင်များအသင်းသည်လည်း အဖွဲ့ဝင်နိုင်ငံဖြစ်သည်။ISRRT အဖွဲ့ကြီးမှ အဖွဲ့ဝင်နိုင်ငံများအား "ကမ္ဘာ့ဓာတ်မှန်ပညာနေ့" ကျင်းပကြရန် တိုက်တွန်းနှိုးဆော်ခဲ့သည်။ ယခုနှစ်ခေါင်းစဉ်မှာ "Radiographers Optimize Radiation Dose" ဟူ၍ပင်ဖြစ်သည်။

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၀ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည့် မြန်မာနိုင်ငံဆေးဘက်ဆိုင်ရာ ဓာတ်ရောင်ခြည်နည်းပညာရှင်များအသင်းကြီး၏ ဒုတိယအကြိမ်မြောက် နိုင်ငံတကာအစည်းအဝေးတွင် "World Radiography Day" ကို ဂုဏ်ပြုစာတမ်းများ ဖတ်ကြားကြမည် ဖြစ်ပေသည်။

ဒေသတွင်းသတင်း

မော်လမြိုင်မြို့နယ်လုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ထုတ်ပေး

မော်လမြိုင် နိုဝင်ဘာ ၅

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မြို့နယ်လုံးကျွတ်လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ထုတ်ပေးခြင်းအခမ်းအနားကို မော်လမြိုင်မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ရွှေမြိုင်ခန်းမ၌ နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီ မိနစ် ၄၀ က ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီးဒေါက်တာလှဦးက အမှာစကားပြောကြားပြီး ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ဦးကျော်စိန်ဝင်းက လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်လုပ်ငန်းအဆင့်ဆင့်နှင့် မွန်ပြည်နယ်အတွင်း မြို့နယ်လုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်ထုတ်ပေးပြီးစီးမှုအခြေအနေများကို အကျယ်တဝင့်ရှင်းလင်းတင်ပြသည်။ ထို့နောက် မော်လမြိုင်မြို့နယ်အတွင်းမှ ရပ်ကွက်/ကျေးရွာ ၂၅ အုပ်စု၊ ကွင်း/အကွက်ပေါင်း ၈၉ ခု၊ တောင်သူပေါင်း ၅၄၆၀၊ ဦးပိုင်ပေါင်း ၇၁၇၃ ကို တာဝန်ရှိသူများက လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များထုတ်ပေးခဲ့ကြောင်းသိရသည်။ **(အပေါ်ပုံ)လ/၀၁၂**

လူငယ်ယဉ်ကျေးလိမ္မာကျောင်းတည်တံ့ရေးဆွေးနွေး

ကျောက်မဲ နိုဝင်ဘာ ၅

ကျောက်မဲမြို့နယ် သံဃနာယကအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျောက်မဲမြို့အတွင်းတွင် ၁၉ နေရာနှင့် မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၄၅ ရွာတို့တွင် ဖွင့်လှစ်ထားသော လူငယ်ယဉ်ကျေးလိမ္မာကျောင်းများ ရေရှည်တည်တံ့ခိုင်မြဲနိုင်ရေးအတွက် ယဉ်ကျေးလိမ္မာညီလာခံဆွေးနွေးပွဲကို ကျောက်မဲမြို့ အောင်ဆုပန်ကျောင်းတိုက်၌ နိုဝင်ဘာ ၂ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ညီလာခံတွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဦးပညာဝံသက အဖွင့်သြဝါဒကထာမိန့်ကြားတော်မူပြီး မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်ဦးခေမက(အောင်ဆုပန်ကျောင်းတိုက်)၊ ရေဦးကျောင်းဆရာတော် ဦးဇာဂရနှင့် စာရေးဆရာဦးကျော်ဝင်းမောင်၊ ဦးစိုင်းမြင့်ဦး၊ ဒေါ်မာလာတို့ကအယူဝါဒမှန်ကန်ရေး၊ ပဋိပက္ခရှောင်ရှားရေး၊ ယဉ်ကျေးလိမ္မာတိုးတက်ရေး၊ လူကုန်ကူးမှုပပျောက်ရေး စသည့်အရေးလေးပါးကိုအဓိကထား၍ဆွေးနွေးသွားကြသည်။ ယင်းညီလာခံ၌ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့(လားရှိုး)မှ ဒုတိယရဲမှူးဒေါ်စန်းစန်းဌေးက လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသွားပြီး ရှမ်း၊ မြန်မာနှစ်ဘာသာဖြင့် ရိုက်နှိပ်ထားသော ပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဝေငှပေးကြသည်။

မောင်မောင်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြေညာအပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(က)	HDPE Pipe & G.I Pipe	1 Lot	မြန်မာကျပ်ငွေ
(ခ)	Submersible Pump အပါအဝင် မြေအောက်ရေလုပ်ငန်းသုံးပစ္စည်းများ	1 Lot	။
(ဂ)	Drag Bit, Rock Bit & DTH Hammer & Button Bit	1 Lot	။
(ဃ)	RG Water Drilling Rig Spare Parts	1 Lot	။
(င)	Flexible Pipe	40 Nos	။
(စ)	4" PVC Pipe	200 Nos	။
(ဆ)	Red Oxide	4000 gals	။

ပိတ်ရက်နှင့်အချိန် - ၂၀-၁၁-၂၀၁၃ ရက် ၁၅း၀၀နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ် ဝယ်ယူနိုင်ပါသည်-

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန(ရုံးချုပ်)
ထုတ်လုပ်ရေးနှင့်ဖြည့်တင်းရေးဌာနခွဲ
ရုံးအမှတ်(၅၀)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၁၂၉၅၊ ၀၆၇-၄၁၁၃၀၈

INVITATION FOR QUOTATION (IFQ)

THE DEPARTMENT OF RURAL DEVELOPMENT has received the Grant from the International Development Association for National Community Driven Development Project and wishes to purchase: Lot 1 Motorcycles 110-125 cc (27 Units) for Kanpetlet Township in Chin State, Lot 2 Motorcycles 110-125 cc (21 Units) for Namhsan Township in Shan State, and Lot 3- Motorcycles 110-125 cc (9 Units) for Kyunsu Township in Tanintharyi Region. The goods are required to be supplied within (3) three weeks from the date of issue of the Purchase Order, Interested qualified eligible suppliers are invited to obtain a copy of the Invitation for Quotation (IFQ) free-of-charge and further information can be obtained from the address given below:

U Myint Oo
Deputy Director General,
Department of Rural Development,
Ministry of Livestock, Fisheries and Rural Development,
Office No.14, Nay Pyi Taw,
Myanmar

Telephone & Fax:+95 67 409413
Website: www.drdmyanmar. org
Email addresses: drdmyanmar@gmail.com, kzaw.dda@gmail.com
Quotations must be delivered to the address mentioned above or before November 30, 2013.

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရွှေနံ့သာစံပြ၊ မြေကွက်အမှတ် ၂၂၅၊ မြေကွက်တည်နေရာအမှတ် ၂၂၅၊ ၆ လမ်း၊ ရွှေနံ့သာစံပြ၊ မင်္ဂလာဒုံမြို့နယ် ဦးသိန်းရွှေ HGU-၀၃၂၆၁၇ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးသိန်းရွှေ ကွယ်လွန်သဖြင့် ဒေါ်သိန်းရီ ၁၂/လကန(နိုင်)၀၅၄၂၅၉ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဃ)၊ မြေကွက်အမှတ် ၄၅၉၊ မြေကွက်တည်နေရာအမှတ် ၄၅၉၊ နွယ်နီ ၁ လမ်း၊ (ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးမောင်ကြီး အေဒီ-၀၀၀၆၈၇ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးမောင်ကြီး(မုဆိုးဖို) ကွယ်လွန်သဖြင့် ကတ္တိမ မွေးစားစာချုပ်အမှတ် ၄၁၂၁/၂၀၀၀ ဖြင့် မွေးစားခြင်းခံရသူ ဦးသန်းဦး ၁၂/ဥကမ(နိုင်)၀၃၀၆၃၁ က တစ်ဦးတည်းသော အမွေစားအမွေခံ ကတ္တိမသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းစာချုပ်ရန် အထွေထွေကိုယ်စားလှယ်လွှဲစာ(GP) အမှတ် ၉၂၀၄/၁၃ ဖြင့် ဦးလောင်ကျင်အိန်(ခ)ဦးစိန်လှ ၁၂/ဥကမ(နိုင်)၁၄၇၇၉၁မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း၊ ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်ပျဉ်းမနားမြို့နယ်၊ရန်အောင်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃၊ ဂုဏ်တန်မြောက်မြေကွက်၊ ဦးပိုင်အမှတ် ၂၆ᵇ၊ ဧရိယာ ၀ဒသမ ၀၆၁ဧကရှိ ဦးပုလေး (ပါ)၃ အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဦးခင်မောင်ဦး (ပါ)၂၊ ၉/ပမန(နိုင်)၀၂၅၁၃၈ (ဘ) ဦးပုလေးက ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး လက်ခံထားရန် မြေပုံ၊ ရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ပြင်ဆင်ဖတ်ရှုပါရန်

၆-၁၁-၂၀၁၃ရက် ဤသတင်းစာ၏ စာမျက်နှာကြော်ငြာ(ဂ) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၁၁) ဒေါ်သီတာအောင်၏ ဂရန်သစ်တွင် မြေအမည်ပေါက် ဗိုလ်မှူးထွန်းလှမြင့်အစား ဗိုလ်မှူးထွန်းလှဟု ပြင်ဆင်ဖတ်ရှုပါရန်။

မှုခင်းသတင်းနှင့်ကြော်ငြာ

စီမံကိန်းလုပ်သားများ စီးနင်းလာသည့်ယာဉ် ချောက်ထဲပြုတ်ကျ

နေပြည်တော် နိုဝင်ဘာ ၅

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် မြယာရွာအနီး ပြည်-တောင်ကုတ်ကားလမ်း မိုင်တိုင်အမှတ် (၅၈/၄)တွင် နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်က ပြည်မှတောင်ကုတ်သို့ မဟာဓာတ်အားလိုင်းတည်ဆောက်ရေး စီမံကိန်းလုပ်သားများကို တင်ဆောင်ပြီး ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်နေ နိုင်ကြီး (ခ) မောင်မောင်နိုင် (ခ) ကိုကိုနိုင် (၃၉နှစ်) မောင်းနှင်လာသည့် ၉၅/-- -ယာဉ်သည် ကားလမ်း ယာဘက်ရှိ ချောက်အတွင်း ပေ ၂၀၀ ခန့် အထိထိုးကျသွားခဲ့သည်။ အခင်းဖြစ်နေရာသို့ တောင်ပုံကြီး ရဲကင်းရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြယာကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြယာအခြေပြု တာဝါတိုင်လုပ်သားအဖွဲ့တို့ သွားရောက်ပြီး ယာဉ်ပေါ်တွင် လိုက်ပါလာသည့် နိုင်ကြီး (ခ) မောင်မောင်နိုင် (ခ) ကိုကိုနိုင်ပါ ၁၅ ဦးအား ချောက်အတွင်းမှကားလမ်းပေါ်သို့ ဆယ်ယူခဲ့ရာ ပြည်မြို့ အောင်ချမ်းသာရပ်ကွက်နေ အောင်မျိုးနိုင်(၃၀ နှစ်)ပါ ခုနစ်ဦးအား ညနေ ၃ နာရီ ၅ မိနစ်တွင် လည်းကောင်း၊ နိုင်ကြီး(ခ)မောင်မောင်နိုင်(ခ)ကိုကိုနိုင်ပါ ရှစ်ဦးအား ညနေ ၄ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ ကယ်တင်နိုင်ခဲ့ပြီး ၎င်းတို့တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် တောင်ကုတ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။ ယာဉ်မောင်းနိုင်ကြီး(ခ) မောင်မောင်နိုင်(ခ) ကိုကိုနိုင်အား တောင်ကုတ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ကိုရဲ

လင်းခေးမြို့တွင် အိမ်တစ်လုံး မီးလောင်မှုဖြစ်ပွား

လင်းခေး နိုဝင်ဘာ ၅

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့တွင် နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၁၂ နာရီခွဲက လူနေအိမ်တစ်လုံးတွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

ဖြစ်စဉ်မှာ လင်းခေးမြို့ တောင်ရွာရပ်ကွက် (ကွက်သစ်)တွင် နေထိုင်သူ ဒေါ်သီတာ၏ မိသားစုဝင်များအားလုံးသည် နိုဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီက ဘုရားရှိခိုးကျောင်းသို့ သွားရောက်ခဲ့ကြသည်။ ထို့နောက် ၎င်းတို့မိသားစု ဘုရားရှိခိုးကျောင်းမှပြန်အလာ မိမိတို့နေအိမ်မှာ မီးခိုးတလူလူဖြင့် မီးလောင်မှုဖြစ်နေသည်ကို လမ်းခုလပ်မှ မြင်တွေ့ရ၍ အိမ်နီးနားချင်း နီးစပ်ရာများအားအော်ဟစ်အကူအညီ တောင်းခံခဲ့ကြောင်း ဒေါ်သီတာမိသားစုက ပြောပြသည်။ အခင်းဖြစ်ရာနေရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက မီးသတ်ကားတစ်စီးဖြင့် အချိန်မီ မီးငြိမ်းသတ်နိုင်ခဲ့သဖြင့် မွန်းလွဲ ၁ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါမီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ ဥပဒေအရအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **စိုင်းဇော်လတ်(လင်းခေး)**

အမျိုးသမီးတစ်ဦး ကြိုးဆွဲချသေဆုံး

ကျောက်တံခါး နိုဝင်ဘာ ၅

ကျောက်တံခါးမြို့နယ် ဖဒိုရဲစခန်းမှ သုံးမိုင်ခန့်အကွာ အရှေ့မြောက်ဘက် ဆယ့်လေးရွာတဲစုတွင် အမျိုးသမီးတစ်ဦး ကြိုးဆွဲချသေဆုံးနေကြောင်း သတင်းရရှိသဖြင့် နိုဝင်ဘာ ၃ ရက် နံနက် ၇ နာရီက ဖဒိုရဲစခန်းမှ ဒုရဲအုပ်ဇင်မျိုးထိုက်နှင့် နယ်ထိန်းတပ်ကြပ်ချစ်ဝင်းတို့သွားရောက်စစ်ဆေးရာ ဒေါ်သန်းတင် (၆၈ နှစ်)သည် လယ်တဲနားရှိ သရက်ပင်ကိုင်းတွင် အစိမ်းရောင် ပလတ်စတစ်ကြိုး အရှည်ခုနစ်ပေခန့်နှင့်ချည်နှောင်ပြီး အမြင့်ကိုးပေခန့်တွင် ကြိုးတန်းလန်းနှင့် သေဆုံးနေကြောင်း သမီးဖြစ်သူ နော်အယ်ဒါး (၂၅နှစ်)က တွေ့မြင်ရသဖြင့် တဲအနီးပတ်ဝန်းကျင်ကို အကူအညီတောင်းခံပြီး ကြိုးကိုဓားဖြင့် ခုတ်ဖြတ်ခဲ့သော်လည်း သေဆုံးနေသောကြောင့် ဖဒိုတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပြီး ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်မဟုတ် ဖဒိုရဲစခန်းမှ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မိုလ်သိန်း(ဖဒို)

ရထားသံလမ်းပေါ်အိပ်ပျော်နေသည့် ကလေးငယ်သုံးဦး ရထားကြိတ်၍ နှစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

နေပြည်တော် နိုဝင်ဘာ ၅

နိုဝင်ဘာ ၃ ရက် နံနက် ၄နာရီ မိနစ် ၂၀က အမှတ်(၁)အဆန် ရန်ကုန်-မန္တလေးလူစီးစာပို့ရထားသည် သဃ်န်းကျွန်းမြို့နယ် သဃ်န်းကျွန်းဘူတာနှင့် ငမိုးရိပ်ဘူတာအကြား၊ မိုင်တိုင်အမှတ်(၄/၅-၆)ကြားတွင် ရထားသံလမ်းပေါ်၌ အိပ်နေသော ကလေးငယ်သုံးဦးကိုကြိတ်မိခဲ့ကြောင်းသတင်းအရ သဃ်န်းကျွန်းရထားရဲစခန်းမှတပ်ဖွဲ့ဝင်များ သွားရောက်ကြည့်ရှုစစ်ဆေးရာ (၁၀နှစ်) ခန့်ရှိ အမျိုးသားတစ်ဦးနှင့် (၁၅နှစ်)ခန့်ရှိ အမျိုးသားတစ်ဦးတို့မှာ အခင်းဖြစ်နေရာ၌ သေဆုံးပြီး (၉နှစ်)ခန့် အမျိုးသားတစ်ဦးမှာ ဒဏ်ရာများရရှိကြောင်း တွေ့ရှိရသဖြင့် သဃ်န်းကျွန်းစံပြ ဆေးရုံသို့ပို့ဆောင်ခဲ့သည်။

စုံစမ်းဖော်ထုတ်ချက်အရ ရထားဖြင့်ကြိတ်မိသေဆုံးသူ နှစ်ဦးမှာ သဃ်န်းကျွန်းမြို့နယ် နှင်းဆီကုန်း(က)ရပ်ကွက်နေသူများဖြစ်ကြသည့် ရှာဒိုခန်း(၁၃နှစ်) နှင့်ရဲထက်ကျော်(၁၄နှစ်)တို့ဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူမှာ သဃ်န်းကျွန်းမြို့နယ် ထန်းပင်ချောင် ရန်အောင်ရပ်ကွက်နေ မျက်ပြူး (ခ) ဆန်းထိုက်အောင်ဖြစ်ကြောင်းသိရှိရပြီး သဃ်န်းကျွန်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ကိုရဲ)

ကျိုင်းတုံမြို့တွင် ဆိုင်ကယ်နှင့် မော်တော်ယာဉ်ချိတ်မိ

ကျိုင်းတုံ နိုဝင်ဘာ ၅

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ် (၃)ရပ်ကွက် မြို့သစ်ရပ် ပန်းကမ္ဘာစိန်ပန်းနီနီစားသောက်ဆိုင်ရှေ့ ကျိုင်းတုံမြို့တွင်းနှင့် လေယာဉ်ကွင်းကားလမ်းမကြီးပေါ်၌ နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီခွဲခန့်က ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့ကြောင်းသတင်းအရ ကျိုင်းတုံမြို့ အမှတ် (၆၄) ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံးမှ ရဲအုပ်ကျော်ဇေယျနှင့်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြရာ ကျိုင်းတုံမြို့တွင်းဘက်မှလေယာဉ်ကွင်းဘက်သို့ ကျိုင်းတုံမြို့အမှတ်(၁၁) တပ်မတော်တန်းမြင့်လေ့ကျင့်ရေး သင်တန်းကျောင်းဝင်းအတွင်းနေ ယာဉ်မောင်း ဦးဇော်ဝင်း (၆၂နှစ်)မောင်းနှင်သည့် ဆိုင်ကယ်နှင့် အမှတ် (၄)ရပ်ကွက် နောင်ကွမ်ရပ် ကျိုင်းတုံမြို့နေ ယာဉ်မောင်း ကောတာချန်း(၂၆နှစ်) မောင်းနှင်သည့် ခြောက်ဘီးယာဉ် အမှတ် ၁ခ/. . တို့ ဘေးချင်းယှဉ် မောင်းနှင်နေကြစဉ် ဆိုင်ကယ်၏ ယာဘက်လက်ကိုင်ကို မော်တော်ယာဉ်၏ ဝဲဘက်ကိုယ်ထည်ဆီတိုင်ကီဖြင့် ချိတ်မိသဖြင့် ဆိုင်ကယ်မောင်းနှင်သူ ဇော်ဝင်းမှာ ကားလမ်းမကြီးပေါ်သို့ လဲကျသွားခဲ့ပြီး မော်တော်ယာဉ်၏ ဝဲဘက်နောက်ဘီးဖြင့် တက်ကြိတ်မိသောကြောင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

နိုင်နိုင်အောင်ဝေ

စိတ်ဝေဒနာရှင် ရေနစ်သေဆုံး

မိတ္ထီလာ နိုဝင်ဘာ ၅

မိတ္ထီလာမြို့တွင် ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ်ရွာသွန်းသဖြင့် ချောင်းမြောင်းများတွင် ရေစီးနေသည်။ မိတ္ထီလာကန်မှာလည်း ရေပြည့်နေသဖြင့် ရေကျော်ပေါက် ခုနစ်ပေါက်မှ ရေလွှတ်ပေးနေရသည်။ ထိုရေများသည် ချည်စက်အနောက်ဘက်ရှိ ဂုဏ်ကုန်းချောင်းထဲ ရေစီးသန်သန်ဖြင့် စီးဆင်းနေသည်။

အောက်တိုဘာ ၃၀ ရက်က မိတ္ထီလာမြို့နယ် တောမကျေးရွာအုပ်စု တောမကျေးရွာနေ စိတ်ဝေဒနာရှင် မောင်ကျော် (၃၆နှစ်)သည် ဂုဏ်ကုန်းချောင်းထဲ ရေဆင်းချိုးရာမှ ရေစီးအတွင်းမျောပါသွားခဲ့သည်။ အနီးရှိ လူများက မောင်ကျော်အား ဆင်းဆယ်သော်လည်း ရေစီးသန်သဖြင့် ဆယ်မရဘဲ ရေစီးအတိုင်း မျောပါသွားခဲ့ပြီး ရွှေတောင်ကျေးရွာအနီးတွင် အလောင်းကို ပြန်လည်ဆယ်ယူရရှိခဲ့ကြောင်း သိရသည်။

(ဝ၁၂)

ကွမ်းစားခြင်းအန္တရာယ် သတိပေးနှိုးဆော်ချက်

- ကွမ်းယာကို အမြဲမပြတ်စားခြင်း၊ ဝါးနေခြင်း၊ ငုံခြင်း၊
- ကွမ်းယာထဲတွင် ဆေးရွက်ကြီးထည့်၍စားခြင်း၊
- ကွမ်းယာထဲတွင် ဆေးရွက်ကြီးကိုအမျိုးမျိုးပြုပြင်ထားသောဆေးပေါင်း၊ နှပ်ဆေးထည့်၍စားခြင်းတို့ကြောင့် နှုတ်လုံးရောဂါ၊ သွေးတိုးရောဂါကဲ့သို့သော မကူးစက်နိုင်သော နာတာရှည်ရောဂါများ၊ ခံတွင်းကင်ဆာ၊ ပါးစောင်ကင်ဆာ၊ အသံအိုးကင်ဆာ၊ လည်ချောင်းကင်ဆာနှင့် ကင်ဆာရောဂါအမျိုးမျိုးတို့ ဖြစ်ပွားစေနိုင်ပါသည်။

ထို့ကြောင့် ကွမ်းစားခြင်းကို လုံးဝရှောင်ကြဉ်ကြပါရန် ကျန်းမာရေးဝန်ကြီးဌာနက နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ပါရာဒိုကား စားသောက်ဆိုင်ထဲ အရှိန်လွန်ဝင်ရောက်

မိတ္ထီလာ နိုဝင်ဘာ ၅

မိတ္ထီလာမြို့ ဈေးအနောက်ဘက် ရန်ကုန်-မန္တလေးကားလမ်းတွင် အောက်တိုဘာ ၃၁ ရက် ညနေပိုင်းက ပြည်သာယာတောင်ရပ်ကွက်နေ ထွန်းအောင်ကျော် (၃၇နှစ်) မောင်းနှင်သော ၂ဃ/. . ပါရာဒိုခဲရောင်ကားသည် အရှိန်မထိန်းနိုင်ဘဲ အေဝမ်းစားသောက်ဆိုင်ထဲဝင်သွားရာ စားပွဲ၊ ကုလားထိုင်များ တိုက်မိပြီးဆိုင်ထဲရှိ မသွယ်သွယ်ဇင်နှင့် ဒေါ်ခင်အုန်းမြင့်တို့အား ဝင်ရောက်တိုက်မိခဲ့သည်။ ပါရာဒိုကားက ဆိုင်ထဲဝင်ရောက်တိုက်မိသဖြင့် စားပွဲ ကုလားထိုင်များ ပျက်စီးဆုံးရှုံးပြီးမသွယ်သွယ်ဇင် (၃၅နှစ်) နှင့်ဒေါ်ခင်အုန်းမြင့် (၆၀နှစ်)တို့မှာ ဒဏ်ရာများရရှိသွားခဲ့သည်။

ယာဉ်တိုက်မှုကို အမှတ်(၂)ရဲခစန်းမှ တာဝန်မှူး ဒုရဲအုပ်မျိုးမင်းဦးက တရားလိုပြုလုပ်၍ ယာဉ်မောင်း ထွန်းအောင်ကျော်အား အမှုဖွင့်အရေးယူထားသည်။

တင်လှိုင်(မိတ္ထီလာ)

KBZ Bank Account No. 070 12 100 73 733

ကန့်ဘလူမြို့၊ မဟာရွှေစည်ကြီးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကြေညာ

နှစ်စဉ်ကျင်းပမြဲဖြစ်သော ကန့်ဘလူမြို့၊ မဟာရွှေစည်ကြီးစေတီတော်မြတ်ကြီး၏ စုဒ္ဒသမ(၁၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၁၃၇၅ ခုနှစ် တပို့တွဲလဆန်း ၇ ရက်မှ လပြည့်နေ့ (၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၆ရက်မှ ၁၄ရက်)အထိ ကျင်းပမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဇာတ်ရုံ၊ လက်ဝှေ့ရုံ၊ ရဟတ်ကြီးနေရာ၊ ဓာတ်ပုံဆိုင်များ၊ စက်ဘီး/ဆိုင်ကယ်အပ်ဌာန၊ လျှပ်စစ်မီးကန်ထရိုက်၊ ပုံကျဈေးကောက်ဆိုင်ခန်းများကို အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူများ သတ်မှတ်ရက်အမီ ဂေါပကအဖွဲ့ရုံးသို့ ဆက်သွယ် ဆောင်ရွက်နိုင်ပါရန် ကြေညာအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာမှာ-

မဟာရွှေစည်ကြီးစေတီတော်၊ ကန့်ဘလူမြို့

ဖုန်း-၀၇၅-၂၇၀၁၈၊ ၀၉-၆၄၆၆၂၃၈

နေ့ရက် - ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်

အချိန် - ညနေ ၁၆း၀၀ နာရီ

နေရာ - ဂေါပကအဖွဲ့ရုံးခန်း

ဂေါပကအဖွဲ့
မဟာရွှေစည်ကြီးစေတီတော်
ကန့်ဘလူမြို့.

ဖိတ်ကြားအပ်ပါသည်

ရေတပ်လေ့ကျင့်ရေးကျောင်း(ဆိပ်ကြီး)၊ ရေကြောင်းပညာသိပ္ပံကျောင်း(ဆင်မလိုက်)နှင့် ရေကြောင်းကောလိပ်တို့မှ ကုန်သွယ်ရေကြောင်းအရာရှိလောင်း သင်တန်းဆင်းခဲ့သော ကျောင်းသားဟောင်းများက သံဃာတော်မြတ်တို့အား ကထိန်သင်္ကန်းနှင့်တကွ ဆွမ်း၊ ခဲဖွယ်၊ လှူဖွယ်ဝတ္ထုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြကုန်သော ညီနောင်ရောင်းရင်းများအတွက် ရေစက်ချအမျှပေးဝေရန်နှင့် တတိယအကြိမ် သက်ကြီးကျောင်းသားဟောင်းကြီးများကန်တော့ပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ရာ ကျောင်းသားဟောင်းများတက်ရောက်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၀-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့)

အချိန် - နံနက် ၁၀း၀၀နာရီ

နေရာ - ကမ္ဘောဇကျောင်းတိုက်၊ ရတနာလမ်း၊ သာကေတ (၁၀)တောင်ရပ်ကွက်၊ ဆောက်လုပ်ရေးမှတ်တိုင်အနီး

ဆက်သွယ်ရန်-	**သိန်းဝင်း**	**ဖုန်း-၀၉-၅၀၃၆၇၄၀**
	ဇော်ဝင်း	**ဖုန်း-၀၉-၅၁၈၈၃၀၃**
	ကျော်စိန်ဝင်း	**ဖုန်း-၀၁-၇၀၃၈၃၄**
	ညီညီမောင်	**ဖုန်း-၀၉-၅၁၇၅၈၅၃**

ကျိုက္ကစံရွှေကျင်တိုက်သစ်စာသင်တိုက် (၄၁)ကြိမ်မြောက် ဘုံကထိန်သင်္ကန်းနှင့် စာအောင်ဆု ဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သဒ္ဓမ္မပဇ္ဇောတာရုံ၊ ကျိုက္ကစံရွှေကျင်တိုက်သစ်ကျောင်းတိုက်ကြီး၏ (၄၁)ကြိမ်မြောက် မဟာဘုံကထိန်ပွဲနှင့် စာချ၊ စာအောင်သံဃာတော်များအား ဆုဆက်ကပ်လှူဒါန်းပူဇော်ပွဲကို (၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ရက်) ၁၀-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ကြွရောက်ကြည်ညိုကုသိုလ်ယူကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ဝေယျာဝစ္စအမှုဆောင်အဖွဲ့.

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃စီ၅၊ မြေကွက်အမှတ် ၃၃ V၅၆၊ မြေကွက်တည်နေရာအမှတ်-၃၃၊ ၁၄၁ လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ် ဦးညွှန့်အောင်အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား အမည်ပေါက်ဦးညွှန့်အောင် (ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်အုံးမြင့် ၁၂/တမန(နိုင်)၀၄၉၁၅၇က ဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ၊ တိုက် ၁၉၊ အခန်း ၅၂ကို မူလအမည်ပေါက်ပိုင်ရှင် ဒေါ်လေးလေးနွယ်ထံမှ စာချုပ်စာတမ်းများဖြင့်ဝယ်ယူထားသူ ဒေါ်ဆိုင်းနန် ၁/ဝမန(နိုင်)၀၂၃၃၆၉က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

နယ်သတင်းနှင့်ကြော်ငြာ

ဟိုတယ်လုံခြုံရေးဆိုင်ရာ အခမ်းအနားကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၅

မွန်ပြည်နယ် မော်လမြိုင်မြို့ မြေနီကုန်းရပ်ကွက် မြို့ရှောင်လမ်းရှိ ရွှေမြင့်မိုရ်ထွန်းဟိုတယ်ခန်းမ၌ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဟိုတယ်လုံခြုံရေးဆိုင်ရာအခမ်းအနားကို အောက်တိုဘာ ၂၈ ရက် နံနက်၉နာရီကကျင်းပရာအခမ်းအနားသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုး၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေဝင်းနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ဟိုတယ်လုပ်ငန်းရှင်များ စုစုပေါင်း ၁၀၀ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုးက အဖွင့်အမှာစကားပြောကြားသည်မှာ မွန်ပြည်နယ်ရဲ့ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဟိုတယ်၁၇လုံး၊ တည်းခိုခန်းရှစ်လုံး၊ အခန်းစုစုပေါင်း ၈၁၁ခန်းရှိသည့်အတွက် ဧည့်သည်များလာရောက်သည့်အခါ အခက်အခဲမရှိ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ဟိုတယ်များ၊တည်းခိုခန်းများ၊ ထပ်မံတိုးချဲ့လျက်ရှိပြီးနိုင်ငံခြားသားဧည့်သည်များနှင့် ပြည်တွင်းဘုရားဖူးခရီးသွားများ အခက်အခဲမရှိ စီမံဆောင်ရွက်ထားရှိကြောင်း၊ မွန်ပြည်နယ်အတွင်း ၂၀၁၃ခုနှစ်ဇန်နဝါရီရက်မှအောက်တိုဘာ ၂၀ရက်အထိနိုင်ငံခြားဧည့်သည်ဝင်ရောက်မှုမှာ ၇၈၈၈၃ဦး ရောက်ရှိပြီး ပြည်တွင်းဘုရားဖူး ဧည့်သည် ၄၀၇၉၇ဦးရှိကြောင်း သိရသည်။ မွန်ပြည်နယ်အတွင်းသို့ နယ်စပ်ဂိတ်များဖြစ်သည့် မြဝတီပေါက်မှ Package Tourများ၊ Cycle Tourအဖွဲ့များ မဲဆောက်-မော်လမြိုင် Nok Air လေကြောင်းလိုင်းမှတစ်ဆင့်ဝင်ရောက်လာခြင်းများရှိသည့်အတွက် မကြာမီကာလတွင် နိုင်ငံခြားဧည့်သည်များ ဝင်ရောက်မှု များပြားလာမှာဖြစ်ပြီး ပြည်နယ်အတွင်းရှိဟိုတယ်များ၊တည်းခိုခန်းများ အဆင့်မြှင့်တင်ခြင်း၊ ထပ်မံတိုးချဲ့ဆောက်လုပ်ခြင်းများ ဆောင်ရွက်ဖို့လိုသလို လာရောက်တည်းခိုကြသည့် ဧည့်သည်များအတွက် လုံခြုံရေးနှင့် စောင့်ရှောက်မှုကို ယခင်ထက် ပိုမိုပြုလုပ်သွားရမှာဖြစ်ကြောင်းနှင့် မိမိဟိုတယ်နှင့် တည်းခိုခန်းများတွင်လာရောက်တည်းခိုသည့်အခါ လုံခြုံမှုနှင့် စောင့်ရှောက်မှုကို ပိုမိုပေးနိုင်ရန်အတွက် CCTV ကင်မရာများ တပ်ဆင်ခြင်း၊ X-ray walk through နှင့် Detector များသာမက မိုင်းရှာသည့်ခွေးများ ထားရှိဖို့လိုအပ်ကြောင်း မှာကြားပြီး ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းဗိုလ်က လုံခြုံရေးဆိုင်ရာများ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) လ/၀၁၂**

WY ဆေးပြားရောင်းချသူတစ်ဦးနှင့် နှစ်လုံးထီရောင်းချသူ နှစ်ဦးတို့ အား ဖမ်းမိ

မော်လမြိုင် နိုဝင်ဘာ ၅

မွန်ပြည်နယ် ၁၀မြို့နယ်အတွင်း နှစ်လုံးထီလောင်းကစားမှုများ ပပျောက်ရေးအတွက် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး မော်လမြိုင်ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့မှူးများ၏စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့နယ် မြိုင်သာယာနယ်မြေရဲစခန်းမှ နယ်ထိန်းဒုတိယရဲအုပ်ကျော်မင်းထွန်းနှင့် အဖွဲ့သည် ရပ်မိရပ်ဖအကူအညီဖြင့် မူးယစ်ဆေးဝါးရောင်းချနေကြောင်း သတင်းအရ အောက်တိုဘာ ၂၆ရက် ညသ၁ နာရီတွင် မော်လမြိုင်မြို့နယ် သီရိမြိုင်ရပ်ကွက်နေ(၉)ထပ်မြင့်သိန်း(ခ)ဝတုတ်(၃၄နှစ်)အိမ်သို့ တက်ရောက်ရှာဖွေရာ အိမ်အပေါ်ထပ်တွင် အမည်းရောင် ပလတ်စတစ်ဖြင့်ထုပ်ထားသည့် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၃ပြား အစိမ်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁ပြား၊ အဖြူရောင်ပလတ်စတစ်ဖြင့် ထုပ်ထားR စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား၂၉ပြား စုစုပေါင်း ဆေးပြား ၅၀ပြားကို ဖမ်းဆီးမိသည်။

ဖမ်းဆီးမှုနှင့်ပတ်သက်၍ မုပွန်နယ်မြေရဲစခန်းမှ မြင့်သိန်း(ခ)ဝတုတ်ကို အမှုဖွင့် အရေးယူထားသည်။

သံဖြူဇရပ်မြို့နယ် ရဲတပ်ဖွဲ့နှင့် ရဲအကူတပ်ဖွဲ့တို့သည်အောက်တိုဘာ ၂၄ ရက် ညနေ ၃ နာရီကသံဖြူဇရပ်မြို့၊ အောင်ဇေယျရပ်ကွက်၊ မြဟေဝန်လမ်းနေမဆန်းဖောင်(ခ) မသီတာစိုး(၂၉နှစ်)၏နေအိမ်သို့တက်ရောက်ရှာဖွေရာ စာရွက်စာတမ်း၊ လောင်းကြေးငွေများနှင့်အတူ ဖမ်းဆီးမိသဖြင့် အမှုဖွင့် အရေးယူထားသည်။

အလားတူ မွန်ပြည်နယ်ရဲတပ်ဖွဲ့၊ အကူတပ်ဖွဲ့ခွဲ၊ မှုခင်းအကူဌာနမှ ဒုရဲအုပ် စည်သူကျော်ဦးစီးသော တပ်ဖွဲ့ဝင်များနှင့် ဇေယျာသီရိမြို့နယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ရပ်မိရပ်ဖအကူအညီဖြင့် မော်လမြိုင် ငန်းတေး ရပ်ကွက်နယ်မြေ (၈) ငန်းတေးအလယ်တန်းကျောင်းလမ်း၌ အောက်တိုဘာ ၂၉ ရက် နံနက် ၁၁ နာရီတွင် သတင်းအရ စောင့်ဆိုင်းနေစဉ်ငန်းတေးလမ်းအတိုင်းမောင်းနှင်လာသော ၂၁ယ/... Dream 125 အမျိုးအစား ဆိုင်ကယ်အားမောင်းနှင်လာသူ ကျိုက်ဖွနဲ့ရပ်ကွက်၊ ဇီးကုန်းရပ်၊ ဝတ်ကြီးလမ်းနေ ဦးစန်းလွင်(၅၂နှစ်)အား ရပ်တန့်ရှာဖွေစစ်ဆေးရာ ဆိုင်ကယ်ဖင်ထိုင်ခုံအောက်အတွင်း ချဲထီလောင်းကစားရာတွင်အသုံးပြုသည့်စာရွက်စာတမ်းများ လောင်းကြေးငွေများနှင့်အတူ ဖမ်းဆီးမိသဖြင့် ဇေယျာသီရိနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၁၀၇)**

အောက်တိုဘာ ၃၁ ရက်က ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမိုးကျော်၏ ကြီးကြပ်မှုဖြင့် ဘုရားကြီးဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက်အပေါ်စားမီးသတ်စက်များဖြင့် မီးငြိမ်းသတ်စေရေးဇာတ်တိုက်လေ့ကျင့်ခြင်းကို ဒုဦးစီးမှူး(ဈေး)ဦးခိုင်လျှန်းထန်ဦးဆောင်၍ ဈေးတာဝန်ခံနှင့် ဈေးဝန်ထမ်းများ၊ဈေးအကျိုးဆောင်အဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်စဉ်။ (၁၂၁)

မီတာခနှုန်းထားများပြင်ဆင်ကောက်ခံရန်ကိစ္စရှင်းလင်းတင်ပြပွဲပြုလုပ်

ပဲခူး နိုဝင်ဘာ ၅

ပဲခူးတိုင်းဒေသကြီး လျှပ်စစ်ရုံးဝင်းအတွင်းရှိ ဇောင်းတူခန်းမ၌ မီတာခနှုန်းထားများ ပြင်ဆင်ကောက်ခံရန်အတွက် ရှင်းလင်းပွဲကို အောက်တိုဘာ ၂၈ ရက် နံနက် ၁၀ နာရီခွဲကကျင်းပရာပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးဘေဘီအုန်း၊လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအင်ဂျင်နီယာချုပ် ဦးအောင်မြင့်၊ တိုင်းဒေသကြီးအင်ဂျင်နီယာ ဦးစိန်အောင်နှင့် တိုင်းဒေသကြီး၊ခရိုင်မြို့နယ်အင်ဂျင်နီယာများ၊ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားတိုးတက်ဖြန့်ဖြူးရေး လုပ်ငန်းအင်ဂျင်နီယာချုပ် ဦးမြင့်အောင်က ရှင်းလင်းပြောကြားရာ မြန်မာနိုင်ငံအတွင်း ဓာတ်အားတိုးတက် ဖြန့်ဝေနိုင်ရေးအတွက် ဓာတ်အားနှုန်းထားအရေးပါမှု၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သော စက်ရုံအလိုက် ဓာတ်အားထုတ်လုပ်မှုတစ်ယူနစ်အတွက် ထုတ်လုပ်ကုန်ကျငွေ၊ အာရှဒေသအတွင်းနိုင်ငံများ၏ ဓာတ်အားကောက်ခံမှုနှင့် နှိုင်းယှဉ်ချက်၊လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြင်ဆင်ကောက်ခံမည့် ဓာတ်အားခနှုန်းထားများမှာ ဓာတ်အားတစ်ယူနစ်ကို အသုံးပြုနိုင်မှု၊ အခြားနိုင်ငံများတွင် မီတာခွန်ဝန်ဆောင်ခ (မီတာထိန်းသိမ်း စောင့်ရှောက်ခ)နှင့် အခြားစရိတ်များ ထည့်သွင်းကောက်ခံမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသော ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊လုပ်ငန်းရှင်များနှင့်သတင်းမီဒီယာများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ပြင်ဆင်ကောက်ခံသည့် မီတာခနှုန်းထားများကို နိုဝင်ဘာ ၁ရက်မှစတင်၍ အစိုးရဌာန (ရုံးသုံး) လက်ရှိ တစ်ယူနစ် ၃၅ကျပ် ပြင်ဆင် ၅၀ကျပ်၊ အစိုးရဌာန (စက်မှုသုံး) လက်ရှိတစ်ယူနစ်၃၅ကျပ်မှ ပြင်ဆင် ၁၀၀ကျပ်၊ အများပြည်သူ(အိမ်သုံး) ၁၀၀ယူနစ်အထိ လက်ရှိ ၃၅ ကျပ်၊ ယူနစ် ၁၀၀ကျော်ပါက တစ်ယူနစ် ၅၀ကျပ်၊ အများပြည်သူ (စက်မှုသုံး) ၅၀၀၀ ယူနစ်အထိ လက်ရှိ ၇၅ ကျပ်၊ပြင်ဆင်ကျပ်၁၀၀၊၅၀၀၀ယူနစ်နှင့်အထက် တစ်ယူနစ်ကျပ်၁၅၀ ပြင်ဆင် ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။ **(၁၁၀)**

ကြို့ပင်-ရွာသစ်ကြီး ကျေးလက်တံတားပြုပြင်

စဉ့်ကူး နိုဝင်ဘာ ၅

စဉ့်ကူးမြို့နယ် ကြို့ပင်-ရွာသစ်ကြီးသွား ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းပေါ်ရှိ တံတားမှာ မိုးသည်းထန်စဉ် တောင်ကျချောင်းရေတိုက်စားမှုကြောင့် လမ်းပန်းဆက်သွယ်သွားလာမှု ပြတ်တောက်မှုများဖြစ်ပေါ်ခဲ့ရာ ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလွင်နှင့် တာဝန်ရှိသူတို့သည် အောက်တိုဘာ ၃၁ ရက်က အဆိုပါတံတားသို့ သွားရောက်ကြည့်ရှုပြီး ချောင်းကူးကျေးလက်တံတားကို အမြန်ဆုံးပြန်လည်ကောင်းမွန်နိုင်ရေးကွင်းဆင်းပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၄၃၃)**

ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင်
သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး
မသိုးသင်္ကန်းပြိုင်ပွဲနှင့် ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲ

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီးဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပသော (၁၆)ကြိမ်မြောက် မသိုးသင်္ကန်းပြိုင်ပွဲ ရက်လုပ်ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲအား ၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ရက် (၁၆-၁၁-၂၀၁၃ရက်) စနေနေ့ ညနေ ၅ နာရီတွင် ရင်ပြင်တော်၌ ဖွင့်ပွဲအခမ်းအနားကျင်းပ၍ ဆက်လက်ရက်လုပ်ကာ ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ (၁၇-၁၁-၂၀၁၃ရက်) တနင်္ဂနွေနေ့ နံနက်အရုဏ်မတက်မီ ၄း၃၀ နာရီတွင် မြတ်စွာဘုရားရှင်အားရည်မှန်း၍ မသိုးသင်္ကန်းတော်များ ကပ်လှူပူဇော်ပါမည်။ နံနက် ၅း၁၅ နာရီတွင် မြတ်စွာဘုရားရှင်အားရည်မှန်း၍ အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး နံနက် ၆ နာရီတွင် ရေစက်ချ အနုမောဒနာတရား နာကြားကြပါမည်။

သဒ္ဓါကြည်လင်ပါရမီရှင်များအား မသိုးသင်္ကန်းရက်ပြိုင်ပွဲကြီးနှင့် ဆွမ်းတော်ကြီး ကပ်လှူပွဲကြီးသို့ ကြွရောက်အားပေးချီးမြှင့်၍ ကြည်ညိုသဒ္ဓါပွားများကာ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ကြပါရန် ဖိတ်ကြားအပ်ပါကြောင်းနှင့် မသိုးသင်္ကန်းအလှူနှင့် ဆွမ်းတော်ကြီးအလှူကုသိုလ်များ ပါဝင်လှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံးသို့ အချိန်မီဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန် ဖုန်းနံပါတ်များ - ၆၆၀၀၀၂၊ ၆၆၅၄၂၅

ဂေါပကအဖွဲ့
သီရိမင်္ဂလာကမ္ဘာအေးစေတီတော်

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်
ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း (၁/၂၀၁၃)

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေစင်ရွှေပြားရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်မည်ဖြစ်ပါသဖြင့် အောက်ပါလုပ်ငန်းများ လုပ်ကိုင်လိုသူများသည် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီနောက်ဆုံးထား၍ ဂေါပကအဖွဲ့ရုံးသို့ ချိပ်ပိတ်တင်ဒါတင်သွင်းနိုင်ပါသည်။

(၁) ၂"×၂" ရွက်ရေ (၁၀၀)ပါ မျက်ပါးရွှေဆိုင်း ၆၀၀၀ တင်သွင်းခြင်းလုပ်ငန်း
(၂) ရွှေမိုက်ဟောင်းများချွတ်ယူခြင်းလုပ်ငန်း၊
(၃) မျက်ပါးရွှေဆိုင်းကပ်ခြင်းလုပ်ငန်း
(၄) နှစ်ထပ်ငြမ်းဆင်ခြင်းလုပ်ငန်း

အသေးစိတ်သိရှိလိုပါက ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ဂေါပကအဖွဲ့
ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်
ဖုန်း-၂၉၂၁၆၉၊ ၂၀၁၇၆၄

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာကွက်သစ်၊ မြေကွက်အမှတ် ၁၆၈၃ အမည်ပေါက်ဦးလေးလေး ၁၂/လသန(နိုင်)၀၁၄၁၉၉ ၏မြေကွက်ကို ဝယ်ယူပိုင်ဆိုင်သူ ဦးကျော်မင်းသန်း ၅/မရန(နိုင်)၀၀၉၅၀၀က မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း) အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် တင်ပြလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

၁၆-၁၀-၂၀၁၃ရက်စွဲပါ မြန်မာ့အလင်းသတင်းစာမှ ကန်ထရိုက်တာ ဦးခင်မောင်ဌွေး ၁၂/ပဘတ(နိုင်)၀၀၀၈၂၂၊ ဦးတင်စိုး ၁၂/ဥကတ(နိုင်)၀၃၄၀၅၁နှင့် အများသိစေရန် ကြေညာခြင်းအပေါ် ပြန်လည်ကြေညာခြင်း

ဦးပြုံးရီ၏ညွှန်ကြားချက်အရ ဦးကျော်ကျော်မိုး(ဥပဒေဘွဲ့) အထက်တန်းရှေ့နေ၏ ကြေညာချက်အပေါ် အောက်ပါအတိုင်း ပြန်လည်ကြေညာအပ်ပါသည်။ ဦးပြုံးရီ အမည်ပေါက် နှစ် ၆၀မြေငှားဂရန်မြေကွက်ပေါ်တွင် အဆောက်အအုံသစ်ဆောက်လုပ်ရန်အတွက် ကန်ထရိုက်တာ ဦးခင်မောင်ဌွေး၊ ဦးတင်စိုးတို့သည် အဆောက်အအုံသစ်ကြီးဆောက်လုပ်ရန် မြေရှင်ဦးပြုံးရီနှင့် ၁၉-၃-၂၀၁၃ရက်တွင် ကတိစာချုပ်ချုပ်ဆိုခဲ့ပြီး ဆောက်လုပ်ရေးလုပ်ငန်းများ စတင်လုပ်ကိုင်နိုင်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြေစီမံခန့်ခွဲမှုဌာနတွင် စတင်ဆောင်ရွက်လျက်ရှိရာ မြေဂရန်တွင် အကျယ်အဝန်း(၃၃½ပေ×၆၀ပေ)ဟု ဖော်ပြထားသော်လည်း၊ မြို့မြေစာရင်းတွင် ပေ(၂၀×၆၀)သာရှိသည့်အတွက် ယင်းကိစ္စအပေါ် တရားဝင်ဖြစ်အောင် အဆင့်ဆင့် ဆောင်ရွက်နေရသည်ကို မြေရှင်ဦးပြုံးရီကိုယ်တိုင်နှင့် ၎င်း၏ရှေ့နေ ဦးကျော်ကျော်မိုးပါ သိရှိပြီးဖြစ်ပါလျက် ကန်ထရိုက်တာများနှင့် မြေရှင်တို့ချုပ်ဆိုထားသည့် ၁၉-၃ -၂၀၁၃ရက်စွဲပါ စာချုပ်ကို တစ်ဖက်သတ်ဖျက်သိမ်းလိုသည့်အတွက် တစ်ဖက်သက် ကြေညာခြင်းဖြစ်ပါသည်။ ကန်ထရိုက်တာများ၏တစ်ဖက်သက် ပျက်ကွက်မှုမဟုတ်သည့်အတွက်လည်း မြေရှင်ဦးပြုံးရီ၏ကြေညာချက်ကို လုံးဝလက်မခံအတည်မပြုပါကြောင်းနှင့် စာချုပ်အတိုင်းအတည်ပြု ဆောင်ရွက်နိုင်ရန် တရားစွဲဆိုမည်ဖြစ်ပါကြောင်း အများသိစေရန် ပြန်လည်ကြေညာအပ်ပါသည်။

ကန်ထရိုက်တာ ဦးခင်မောင်ဌွေးနှင့်ဦးတင်စိုးတို့၏ ညွှန်ကြားချက်အရ-
ဦးထိန်လင်း(B.Sc,H.G.P,R.L)
တရားလွှတ်တော်ရှေ့နေ၊ စဉ်-၃၃၈၀
အမှတ်(၉၀)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်) အမျိုးသားနေ့မိတ်ဆုံခရီးထွက်မည်

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)မှဦးစီး၍ အမျိုးသားနေ့တွင် ကျိုက်လတ်မြို့သို့ နေ့ချင်းပြန်ခရီးသွားရောက်ကာ သုခစာကြည့်တိုက်ဖွင့်ပွဲ၊ စာရေးဆရာ ဒါရိုက်တာဗိုလ်ကလေးတင့်အောင် ဦးဆောင်သည့် စာပေဟောပြောပွဲနှင့် အာစရိယပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါသည်။ (၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်) ၂၇-၁၁-၂၀၁၃ ရက် နံနက် ၆း၃၀ နာရီတွင် ရန်ကုန်မော်တင်ဆိပ်ကမ်းမှ သုံးထပ်ရေယာဉ်ဖြင့်ထွက်ခွာကာ ကျိုက်လတ်မြို့မှ ညနေ ၄ နာရီတွင် ပြန်လည်ထွက်ခွာပါမည်။ လိုက်ပါလိုသော မြို့နယ်သူ မြို့နယ်သားများနှင့် မိတ်ဆွေသင်္ဂဟများသည် အသွားအပြန်ရေယာဉ်စီးခ ကျပ် ၃၀၀၀နှုန်းဖြင့် ဦးမောင်ညိမ်း ဖုန်း-၀၉-၅၀၀၉၁၇၈၊ ဦးကျော်မြင့် ဖုန်း-၀၉-၅၁၃၃၈၂၉၊ ဦးသိန်းလွင် ဖုန်း-၀၉-၄၉၂၄၁၁၈၇၊ ဦးတင်စော ဖုန်း-၀၉-၅၁၈၄၇၈၅၊ ဦးအောင်ဆန်း ဖုန်း-၅၅၃၄၃၅ တို့သို့ ဆက်သွယ်၍ လက်မှတ်များ ဝယ်ယူနိုင်ပါသည်။

သုခစာကြည့်တိုက်အတွက် စာအုပ်များကို ၁၇-၁၁-၂၀၁၃ ရက် နံနက် ၉ နာရီတွင် အသင်းရုံး [အမှတ်(၉)၂-ဘီ၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်] တွင် လာရောက်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည် (၅၀၃)နှစ်ပြည့်ပွဲတော်ကြီး

ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည်(၅၀၃)နှစ်ပြည့်ပွဲတော်ကြီးကို ၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၄ရက်မှ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၇ရက် (မြန်မာသက္ကရာဇ် ၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ရက်မှ တန်ဆောင်မုန်းလပြည့်နေ့)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ မိတ်ဆွေများ၊ အဝေးရောက် တောင်ငူမြို့သူမြို့သားများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြပါရန် ဖိတ်မန္တကပြုအပ်ပါသည်။

ကေတုမတီ(တောင်ငူ)မြို့တည်နန်းတည် (၅၀၃)နှစ်ပြည့်ပွဲတော်
ကျင်းပရေးဦးစီးကော်မတီ၊ တောင်ငူမြို့

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ည၊ မြေကွက်အမှတ် ၇၁၁/ခ၊ မြေကွက်တည်နေရာအမှတ်-၇၁၁/ခ၊ ဝေဘာဂီလမ်း၊ (ည) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးငြိမ်းမောင် အိုင်အက်စ်အန်-၀၆၈၅၃၆အမည်ပေါက် နှစ် ၆၀ဂရန်မြေအားအမည်ပေါက် ဦးငြိမ်းမောင်က ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဗမာအေး၊မြေကွက်အမှတ်၁၇၂၊မြေကွက်တည်နေရာအမှတ် ၁၇၂၊ ဗိုလ်ချုပ်လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးသောင်းအမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးသောင်းကွယ်လွန်သဖြင့် ဒေါ်ကျင်လှ ၁၂/ဒပန(နိုင်)၀၂၄၉၀၅က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စတုတ္ထအကြိမ် ဝမ်းတွင်းမြို့နယ်အသင်း(ရန်ကုန်)၏ ကထိန်အလှူပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား ဖိတ်ကြားလွှာ

စတုတ္ထအကြိမ်မြောက် ဝမ်းတွင်းမြို့နယ်အသင်း(ရန်ကုန်)၏ ကထိန်အလှူပွဲ၊ အစိုးရဓမ္မာစရိယတန်းအောင်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၆ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ငါးထပ်ကြီးဘုရားလမ်း အောင်မြေသာယာဘုန်းကြီးကျောင်းဝင်းအတွင်းရှိ ဝမ်းတွင်းမြို့နယ်အသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါသည်။

အဆိုပါကထိန်အလှူပွဲနှင့်အတူ ၂၀၁၂-၂၀၁၃ အစိုးရဓမ္မာစရိယတန်းအောင် သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ၊ ၂၀၁၂-၂၀၁၃ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပမည်ဖြစ်ရာ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၂ရက်မတိုင်မီ အစိုးရဓမ္မာစရိယတန်းအောင်သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော အသင်းသူ အသင်းသားများ၏ သားသမီးများစာရင်းကို ပေးပို့ကြပါရန် အသိပေးအပ်ပါသည်။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၂ရက်မတိုင်မီ အမှတ် ၆၅၊ မင်းနန္ဒာလမ်း၊ သာကေတမြို့နယ် ဖုန်း-၀၁-၉၁၉၀၄၉၆၊ ၀၁-၂၉၁၄၄၁၊ ၀၉-၂၀၄၃၆၉၅၊ ၀၉-၈၆၀၁၂၄၀၊ ၀၉-၇၃၂၂၅၃၉၅တို့သို့ ဆက်သွယ်သတင်းပေးပို့နိုင်ပါသည်။

ဦးသန့်ဇော် B.Sc,ICQ,DA, DMP, MBA, ACCA (part)
LCCI I, II & III
23 Nov 2013
MYOB/Excel
ORION Business School
09 73154401, 09 5115997

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၁၁/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-083 (2013-2014)	Spare for CAT-D333C Lighting Set Engine	(11) Items	US$
(၂)	IFB-084 (2013-2014)	Spare for Main Air Compressor, Oxygen Generator [illegible] Oxygen Compressor	[illegible]	[illegible]
(၃)	IFB-085 (2013-2014)	Roller Chains and Sprockets	(18) Items	US$
(၄)	IFB-086 (2013-2014)	27/8" x 6.5 lb/ft J55 EUE Tubing	(5000) Mtr	US$
(၅)	IFB-087 (2013-2014)	Bearings and Seals for PZ-7 Rig Pump Ex NAT 55/1 Drilling Rig	(6) Items	US$
(၆)	IFB-088 (2013-2014)	Hydraulic Cathead and Hydraulic Cylinder	(5) Items	US$
(၇)	IFB-089 (2013-2014)	Skid Mounted Single Pump Cementing Unit (With Engine Driven)	(1) Unit	US$
(၈)	IFB-090 (2013-2014)	Welding Machine (400AMP) Mobile Type Diesel Engine Driven	(3) Units	US$
(၉)	IFB-091 (2013-2014)	Portable Welding Machine & Accessories (200AMP DC)	(4) Units	US$
(၁၀)	IFB-092 (2013-2014)	BOP Control Accumulator Unit	(1) Set	US$
(၁၁)	IFB-093 (2013-2014)	6x8 R Mixing Pump	(3) Sets	US$
(၁၂)	IFB-094 (2013-2014)	Stirred Fluid Loss Cell (Model-7120)	(1) Set	US$
(၁၃)	DMP/L-040(2013-2014)	Hydraulic Oil Light (Hol)	(270)Drums	Kyat
(၁၄)	DMP/L-041(2013-2014)	Gear Oil (PGO-140EP)(GL-5)	(300)Drums	Kyat
(၁၅)	DMP/L-042(2013-2014)	5KW Diesel Engine Driven Generating Set(3) Sets & 5HP 3Phase Induction Motor (1) No	(2)Items	Kyat
(၁၆)	DMP/L-043(2013-2014)	Telephone Cable(3)Items & Cordless Telephone	(1)Lot	Kyat

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂-၁၂-၂၀၁၃ ရက် ရုံးချိန်အတွင်း ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄) နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၉-၂၀၁၃ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၄) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ အမှတ်စဉ် (၁၃)တွင်ပါရှိသော တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း(၉)၊ မြေကွက် ၂၉၄အား ဒေါ်စမ်းစမ်းအေး+(၂)မှ အမည်ပြောင်းလျှောက်ထားလာခြင်းအား မြေကွက်အမှတ် ၆၀ ဟု မှားယွင်းဖော်ပြမိပါသဖြင့် မြေကွက်အမှတ်အမှန် ၂၉၄ ဟုပြင်ဆင်ဖတ်ရှုပါရန်။

ကြော်ငြာစာ

အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၃ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁၉၄
ကွယ်လွန်သူ ဦးမီရ်ဇာအလီရာဇာအစ္စဖန်နီ ကျန်ရစ်သော မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့်စပ်လျဉ်းသည့်အမှု

ဒေါ်သီတာ **လျှောက်ထားသူ**

မုံရွာမြို့၌နေထိုင်ခဲ့သော ကွယ်လွန်သူ အဘိုး ဦးမီရ်ဇာအလီရာဇာအစ္စဖန်နီ၏ အမွေထိန်းလက်မှတ်စာရရှိသူ ဒေါ်သီတာမှ **(၁)ယခင်** ရန်ကုန်တိုက်နယ်၊ မြို့မရပ်ကွက်၊ ဒုတိယတန်းစား ဘိုးဘွားပိုင်မြေကွက်၊ ဦးပိုင်အမှတ် ၁၉၊ အကွက်အမှတ် ၂၊ အကျယ်အဝန်း ၂၅ပေ×ပေ၅၀ရှိ မြေကွက်နှင့် ယင်းမြေကွက်တွင်ဆောက်လုပ်ထားသော ၃၁လမ်း၊ တိုက်အမှတ် ယခင် ၃၈၊ ယခု ၁၅၀ ခေါ်တွင်သော နှစ်ထပ်တိုက်အဆောက်အအုံ၊ **ယခု** ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆ဒီ/၂၊ ပဉ္စမတန်းစားမြေကွက် ၅၉၊ ဧရိယာအားဖြင့် ၂၅ပေ×ပေ၅၀ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၃၁)လမ်း၊ တိုက်အမှတ် ယခင် ၃၈၊ ယခု ၁၅၀ ခေါ်တွင်သော နှစ်ထပ်တိုက်အဆောက်အအုံ၊ **(၂)ယခင်** ရန်ကုန်တိုက်နယ်၊ မြို့မရပ်ကွက်၊ ဒုတိယတန်းစား၊ ဘိုးဘွားပိုင်မြေကွက်၊ ဦးပိုင်အမှတ် ၁၂၊ အကွက်အမှတ် အက်ဖ်-၁၊ အလျား ပေ ၆၀×အနံ၂၅ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆိပ်ကမ်းသာလမ်း၊ တိုက်အမှတ် ၁၄၉၊ သုံးထပ်ခွဲအဆောက်အအုံ၊ **ယခု** ကျောက်တံတားမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄ အက်ဖ်-၁၊ မြေကွက်အမှတ် (2nd Northern Quarter of V Class 12)၊ ဧရိယာ ၂၅ပေ×ပေ ၆၀ရှိ မြေပိုင်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆိပ်ကမ်းသာလမ်း၊ တိုက်အမှတ် ၁၄၉၊ သုံးထပ်ခွဲအဆောက်အအုံတို့ကို ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်းများအတွက် မြေပုံ၊ မြေရာဇဝင်ကူးယူခွင့်စသည့်အထွေထွေအရပ်ရပ် စီမံခန့်ခွဲမှုပြုလုပ်လိုကြောင်း လျှောက်ထားလာသည်ဖြစ်၍ ထိုလျှောက်ထားမှုကို ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၀ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃ရက်)၌ ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသောကြောင့် အထက်ဖော်ပြပါမြေ၌ အကျိုးစီးပွားတစ်ခုခုသက်ဝင်သည်ဟု အဆိုရှိသူတို့သည် ယင်းချိန်းဆိုသည့် ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၀ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃ရက်) မွန်းမတည်မီ ၁၀နာရီတွင် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိကနေရာတကျလွှဲအပ်ထားသူကိုယ်စားလှယ်တစ်ဦးဦးဖြင့်လည်းကောင်း၊ လာရောက်၍ ခိုင်လုံသော အထောက်အထားများတင်ပြကန့်ကွက်နိုင်ကြောင်း ဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ရန်ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်သီတာ၏လျှောက်ထားလွှာအပေါ် စစ်ဆေးကြားနာ၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် အောက်တိုဘာ ၃၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မိမိမော်)
ဒုတိယခရိုင်တရားသူကြီး (၇)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
အောင်မြေသာစံမြို့နယ်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၄၉

ဒေါ်ထားထားညို **နှင့်** ၁။ ဦးမောင်စိန်
၂။ ဦးဘညိန်း

တရားလို **တရားပြိုင်များ**

၁။ ဦးမောင်စိန် အမှတ် (၅၂)၊ ၁၃ လမ်း၊ ၈၀×၈၁လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ)၊ ၂။ ဦးဘညိန်း အကွက်(၆)၊ ၁၈×၁၉လမ်းကြား၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်ထားထားညိုက မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ် (၆)၊ ဦးပိုင်အမှတ် (၇၈၊၇၉)၊ (၂၁×၅၆)ပေအကျယ်အဝန်းရှိ မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် တရားလိုသာ တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၉ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စန်းစန်းရီ)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
အောင်မြေသာစံမြို့နယ်တရားရုံး

စီးပွားရေးကြော်ငြာ

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မိုးကုတ်မြို့နယ်တရားမရုံး၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၈

မစန်းရင် နှင့် မကြီးကြီး
တရားလို **တရားပြိုင်**

မိုးကုတ်မြို့၊ အောင်သုခရပ်အနောက်ပိုင်း၊ မိုးကုတ်မြို့နေ တရားပြိုင် မစန်းရင်(ဘ) ဦးပေါလှ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ မစန်းရင်က ငွေကျပ် ၃၄၃၅၂၀၀ိ/-(ကျပ်သုံးဆယ့်လေးသိန်း သုံးသောင်းငါးထောင်နှစ်ရာ)တိတိ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေ ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်မည့် တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၅ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် အောက်တိုဘာ ၃၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သီတာအောင်)
တွဲဖက်မြို့နယ်တရားသူကြီး
မိုးကုတ်မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မော်လမြိုင်မြို့နယ်တရားရုံး၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၅၅

ဒေါ်သီတာထွန်း(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးမြင့်ဆန်း)အမှတ်-၈၈၀၊ ကျိုက္ခမီလမ်း၊ ကြာအင်းရပ်၊ မော်လမြိုင်မြို့။ **နှင့်** ဦးသန်းငွေး အမှတ်-၁၈၊ ရန်မျိုးအောင်လမ်း၊ မြို့မ(၄)ရပ်ကွက်၊ မုဒုံမြို့နယ်။
တရားလို **တရားပြိုင်**

မုဒုံမြို့နယ်၊ မြို့မ(၄)ရပ်ကွက်၊ ရန်မျိုးအောင်လမ်း၊ အမှတ်-၁၈နေ တရားပြိုင် ဦးသန်းငွေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်သီတာထွန်း(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမြင့်ဆန်း)က "မြေကိုလက်ရှိဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု" ကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၅ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ ရက်) မွန်းမတည့်မီ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် အောက်တိုဘာ ၃၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ချိုလွင်)
မြို့နယ်တရားသူကြီး၊ မော်လမြိုင်မြို့နယ်တရားရုံး

အများသိစေရန် အသိပေးကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ ရတနာဇေယုံလမ်း၊ အမှတ် ၇၁နေ ဒေါ်ကျော့ရွှင်လန် ၁၃/လရန(နိုင်)၀၇၇၄၀၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

တာချီလိတ်မြို့၊ မကာဟိုခမ်းရပ်၊ မြို့ကွက်သစ်အပိုင်း(င)၊ အကွက်ကြီးအမှတ် ၃၊ ဦးပိုင်အမှတ် ၁၈၄၊ ဧရိယာ ၀ ဒသမ ၀၅၇ဧကနှင့် ဦးပိုင်အမှတ် ၁၈၈၊ ဧရိယာ ၀ဒသမ ၀၅၇ဧကရှိမြေကွက်နှစ်ကွက်အား ဒေါ်ကျော့ရွှင်လန်မှ တာချီလိတ်မြို့၊ မှတ်ပုံတင် စာချုပ်စာတမ်းရုံးတွင် မှတ်ပုံတင်အမှတ် RD-NO (156)၊ RD-NO (157) ဖြင့် တရားဝင်ဝယ်ယူပြီး ယနေ့အချိန်ထိ ဒေါ်ကျော့ရွှင်လန်အမည်ဖြင့် အမည်ပေါက် လက်ရှိပိုင်ဆိုင်သည့်မြေကွက်များ ဖြစ်ပါသည်။ မြေကွက်နှစ်ကွက်အား တရားဝင်ပိုင်ဆိုင်ပြီး နောက် ၂၀၀၀ ခုနှစ်မှစ၍ အုတ်တံတိုင်းကာရံပြီး ယနေ့အချိန်အထိ လက်ရှိရယူထားသော မြေကွက်များဖြစ်ပါသည်။

အဆိုပါမြေကွက်များအတွင်းသို့ မည်သူတစ်ဦးတစ်ယောက်မျှ ကျူးကျော်ဝင်ရောက်ခြင်း၊ ရောင်းချခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်း၊ အကျိုးဖျက်ဆီးခြင်း၊ အဆောက်အအုံသစ်ဆောက်လုပ်ခြင်းမပြုလုပ်ရန်နှင့် အကယ်၍ ပြုလုပ်ဆောင်ရွက်ပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းဇော်ဦး (စဉ်-၆၉၂၈/၀၁) **ဦးသော်ဝင်းနိုင် (စဉ်-၄၂၃၃/၁၃)**
တရားလွှတ်တော်ရှေ့နေ **အထက်တန်းရှေ့နေ**
အမှတ် ၁၅/၈၊ ကမ္ဘောဇလမ်း၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့၊
ဖုန်း-၀၈၁-၂၀၁၁၃၄၊ ၀၉-၄၂၈၃၄၀၂၅၇

ရောင်းချရန်ကြော်ငြာစာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃ ခုနှစ် တရားမဇာရီမှုအမှတ်-၁၆

ဒေါ်သန်းသန်းကြည် (အခွင့်ရကိုယ်စားလှယ် ဦးနေဝင်း) **နှင့်** ဦးသန်းဦး
တရားနိုင် **တရားရှုံး**

ယခင်ရန်ကုန်တိုင်းတရားရုံး ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၂၄၂၃ တွင် ရရှိခဲ့သော ဒီကရီအရ တရားရှုံးပိုင် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၅ရက် (၁၃၇၅ ခုနှစ် နတ်တော်လဆန်း ၃ရက်) နံနက် ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဉ့်ကူရပ်ကွက်၊ ရွှေကြီးလမ်း၊ အမှတ်(၄၇၂/ခ) (၃၈×၃၃)ပေရှိ မြေနှင့်နှစ်ထပ်တိုက်တစ်လုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၆၀၀။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

(၁) ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်များမှာ တရားနိုင်က တရားရုံးတော်သို့ တင်ပြချက်အရသိရှိရသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခု ပေါ်ပေါက်လာပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ ခုနှစ် အောက်တိုဘာ ၃၀ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်တင်မာ)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မိုးကုတ်မြို့နယ်တရားမရုံး၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၃

မမေဇင်ဦး **နှင့်** ၁။ ကိုဇော်မင်း ၂။ မကေဇင်
တရားလို **တရားပြိုင်များ**

မိုးကုတ်မြို့၊ အောင်သုခရပ် အနောက်ပိုင်း၊ မိုးကုတ်မြို့နေ တရားပြိုင် ၁။ ကိုဇော်မင်း၊ ၂။ မကေဇင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ မမေဇင်ဦးက ငွေကျပ် ၅၆၃၆၄၉၀ိ/-(ကျပ်ငါးဆယ့်ခြောက်သိန်း သုံးသောင်းခြောက်ထောင်လေးရာကိုးဆယ်)တိတိ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်မည့် တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၅ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် အောက်တိုဘာ ၃၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သီတာအောင်)
တွဲဖက်မြို့နယ်တရားသူကြီး
မိုးကုတ်မြို့နယ်တရားရုံး

အထွေထွေကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းကြောင်းကြေညာချက်

(၁)ဒေါ်အမာကြည် ၁၂/ရကန(နိုင်)၀၅၁၆၅၆၊ (၂)ဒေါ်အမာရီ ၁၂/ရကန(နိုင်)၀၅၁၇၄၇ တို့က ဒေါ်ခင်မာသီ ၁၂/ဒဂန(နိုင်)၀၂၀၈၁၇အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် ၁၄၃၅၆/၂၀၁၀(၁၀-၂-၂၀၁၀)ဖြင့် အထွေထွေကိုယ်စားလှယ် လွှဲအပ်ထားခြင်းကို ၃၁-၁၀-၂၀၁၃ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အမာကြည် **ဒေါ်အမာရီ**
ဖုန်း-၀၁-၅၄၄၃၅၀ **ဖုန်း-၀၁-၄၀၀၄၅၆**



ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၁၀-၂၀၁၃ ရက်ထုတ် ကြော်ငြာကဏ္ဍ စာမျက်နှာ ၄ ပါ စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းကြောင်း ကြော်ငြာတွင် ဗိုလ်ကြီး ထွန်းဝဏ္ဏ ၈/ပခန(နိုင်)၁၉၁၄၁၅အစား ၈/ပခက ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

၁။ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်လမ်း၊ မြေကွက်အမှတ် (ဒ-၃၀၃၇၆) မြေကွက်မှာ ဦးလှဦး ၁၄/ပသရ(နိုင်)၁၀၆၉၁၃အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ချထားပေးသော မြေကွက်ဖြစ်ပါသည်။

၂။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးလှဦး ၁၄/ပသရ(နိုင်)၁၀၆၉၁၃က အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များအား ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးမောင်မောင်သန့် ၁၂/တမန(နိုင်)၀၆၀၈၁၄
အမှတ် ၂၆/A၊ အဝေရာလမ်း၊ (၁၅)ရပ်ကွက်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

မခင်ချောစုဝေ(ဘ)ဦးမြင့်ဝေ ၁၂/ပဇတ(နိုင်)၀၃၀၁၆၀နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၄၈၈/၄၉၂နေ ဒေါ်မူမူဝင်း ၁၂/ပဘတ(နိုင်)၀၁၅၅၅၉၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဒေါ်မူမူဝင်း၏သား မောင်ဝဏ္ဏလင်းနှင့် မခင်ချောစုဝေတို့သည် လွန်ခဲ့သော လေးနှစ်ခန့်က နှစ်ဦးသဘောတူလက်ထပ်ခဲ့ကြပြီး မောင်ဝဏ္ဏလင်းသည် မခင်ချောစုဝေ၏ မိဘများ နေအိမ်သို့ သွားရောက်နေထိုင်ခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မူမူဝင်းက ကုန်ကျခံ၍ သားဖြစ်သူ မောင်ဝဏ္ဏလင်းအား နိုင်ငံခြားသင်္ဘောတွင် တာဝန်ထမ်းဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ သားဖြစ်သူ မောင်ဝဏ္ဏလင်းက မခင်ချောစုဝေသည် ၎င်း၏မိဘများနှင့်ဆက်ဆံရေး မပြေမလည်ဖြစ်နေ၍ မိခင် ဒေါ်မူမူဝင်း၏နေအိမ်တွင် ခေါ်ယူထားရန် အကြောင်းကြားလာပါသည်။ မခင်ချောစုဝေအား နေအိမ်တွင်လာရောက်နေထိုင်ရန်အကြောင်းကြားရာ မခင်ချောစုဝေသည် ၁၈-၁၀-၂၀၁၃ရက် နံနက်ပိုင်းတွင် ရောက်ရှိလာပြီး ညနေတွင် ပြန်လည်ထွက်ခွာသွားပါသည်။ ယနေ့အထိ မည်သည့်အဆက်အသွယ်မျှမရရှိတော့ပါ။ သို့ဖြစ်၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်မူမူဝင်း၏အစောင့်အရှောက်ကိုမခံယူဘဲ မိမိသဘောအလျောက်ထွက်ခွာသွားသော မခင်ချောစုဝေနှင့် ပတ်သက်၍ နောက်ပိုင်းဖြစ်ပေါ်လာသမျှ ကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ကြောင်း မခင်ချောစုဝေနှင့်အများသိစေရန် ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စောဝင်း(စစ်တွေ)၊ တရားလွှတ်တော်ရှေ့နေ
တိုက် ၂၇၄၊ အခန်း ၁၅၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၉-၅၁၈၇၀၃၃

၁၄-၁၀-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ
ဦးချစ်ဆန်း(တရားလွှတ်တော်ရှေ့နေ)
ဒေါ်သန်းသန်းဝင်း၊ ဒေါ်အိအိဖြိုး(အထက်တန်းရှေ့နေများ)၊ ဒေါ်စောရီတို့နှင့်

အများသိစေရန် ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသိန်းနိုင်စိုး ၁၂/အစန(နိုင်)၀၆၀၆၃၅၏ လွှဲအပ်ညွှန်ကြားချက်အရ ရှင်းလင်းကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ် ၇၇ တွင် နေထိုင်သူ လူကြီးမင်းတို့၏မိတ်ဆွေ ဒေါ်စောရီနှင့် ယခင်ကန်ထရိုက်တာ ဦးအေးထွန်းတို့သည် ကန်ထရိုက်တိုက်ဆောက်လုပ်မရသည်ကို သိရှိပါလျက် ထိမ်ချန်ကာ ကျွန်ုပ်မိတ်ဆွေအား ကန်ထရိုက်တိုက်ဆောက်လုပ်ရန် ဆောင်ရွက်၍ရပါကြောင်း ယုံကြည်အောင်ပြောဆိုကာ ၃-၁၂-၂၀၁၂ ရက်စွဲပါ ကန်ထရိုက်စနစ်သုံးထပ်တိုက်သစ်တစ်လုံး တည်ဆောက်ရန် မြေရှင်/အိမ်ရှင်နှင့် ကန်ထရိုက်တာတို့ တိုက်ခန်းအပေးအယူနှင့် ငွေပေးငွေယူကတိစာချုပ်ကို ဦးအေးထွန်း၏ရှေ့တွင်ပင် သဘောတူချုပ်ဆိုစေခဲ့ကြပါသည်။ ဒေါ်စောရီနှင့် ဦးအေးထွန်းတို့သည် ၉-၉-၂၀၁၂ ရက်စွဲပါ ကန်ထရိုက်စနစ်သုံးထပ်တိုက်သစ်တစ်လုံးတည်ဆောက်ရန် မြေရှင်၊ အိမ်ရှင်နှင့် ကန်ထရိုက်တာတို့ တိုက်ခန်းအပေးအယူနှင့် ငွေပေးငွေယူကတိစာချုပ်ကို ချုပ်ဆိုခဲ့ကာ ဒေါ်စောရီသည် ဦးအေးထွန်းထံမှ ငွေများလည်း လက်ခံရယူခဲ့ပြီးဖြစ်ပါသည်။

ဦးအေးထွန်းသည် ဒေါ်စောရီ ရယူထားသည့်ငွေအပါအဝင် စုစုပေါင်း ငွေကျပ် ၁၃၅၀၀၀၀၀ိ/- (ကျပ်တစ်ရာ့သုံးဆယ်ငါးသိန်းတိတိ)ကို ဦးသိန်းနိုင်စိုးထံမှ ပေးအပ်ရန် တောင်းဆိုခဲ့သဖြင့် ၁၁-၁၁-၂၀၁၂ ရက်စွဲပါ နှစ်ဦးသဘောတူလုပ်ငန်းလွှဲပြောင်းခြင်းစရန်ပေးစာချုပ်ဖြင့် ဦးသိန်းနိုင်စိုးက ၎င်းတောင်းဆိုသည့်ငွေကို ပေးချေရာ ဦးအေးထွန်း၊ ဒေါ်အေးအေးမာတို့က လက်ခံရယူခဲ့ကြပြီးဖြစ်ပါသည်။

ဒေါ်စောရီသည် ကန်ထရိုက်တိုက်ဆောက်လုပ်၍မရသည်ကိုသိရှိပါလျက် ၃-၁၂-၂၀၁၂ ရက်စွဲပါစာချုပ်အရ ၎င်းရရှိမည့်အခန်းကို ကာလတန်ဖိုးငွေကျပ် ၂၉၃၀၀၀၀၀ိ/-(ကျပ်နှစ်ရာ့ကိုးဆယ်သုံးသိန်းတိတိ)ဖြင့်ဦးသိန်းနိုင်စိုးအားဝယ်ယူစေပြီး ဦးသိန်းနိုင်စိုးထံမှ ရောင်းဖိုးငွေကိုလည်း လက်ခံရယူခဲ့ပြီးလည်း ဖြစ်ပါသည်။

ဦးသိန်းနိုင်စိုးမှ ကန်ထရိုက်တိုက်ဆောက်လုပ်ရန် စတင်ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်သဘောတူလက်မှတ်ရေးထိုးမပေးခြင်း၊ မြေပိုင်ဆိုင်မှုမရှင်းလင်းခြင်းတို့ကြောင့် ဆောင်ရွက်၍မရခဲ့ပါ။ ယင်းကိစ္စရပ်များကို ဒေါ်စောရီမှ ဖြေရှင်းဆောင်ရွက်ပေးခြင်းလည်းမပြုနိုင်ခဲ့ပါ။

ဦးသိန်းနိုင်စိုးမှ ကန်ထရိုက်တိုက်ဆောက်လုပ်ရန် မရနိုင်တော့သည်ကိုသိရှိ၍ ၃-၁၂-၂၀၁၂ ရက်စွဲပါ ကန်ထရိုက်စနစ်သုံးထပ်တိုက်သစ်တစ်လုံးတည်ဆောက်ရန် မြေရှင်/အိမ်ရှင်နှင့်ကန်ထရိုက်တာတို့ တိုက်ခန်းအပေးအယူ ငွေပေးငွေယူကတိစာချုပ်ကိုဖျက်သိမ်းပြီး မိမိထံမှရယူထားခဲ့သည့်ငွေများကို ပြန်လည်ပေးအပ်ရန် တောင်းဆိုခဲ့ပါသည်။

ဒေါ်စောရီသည် ဦးသိန်းနိုင်စိုးထံမှ ရယူခဲ့သည့်ငွေများကို ပြန်လည်ပေးအပ်နိုင်ခြင်းမပြုနိုင်သည့်အတွက် မိမိအားငွေကျပ် ၄၀၀၀၀၀၀ိ/-(ကျပ်သိန်းလေးဆယ်တိတိ)ကို ထပ်မံပေးစေပြီး မိမိရယူထားသည့် စုစုပေါင်းငွေကျပ် ၄၆၈၀၀၀၀၀ိ/-(ကျပ်လေးရာခြောက်ဆယ့်ရှစ်သိန်းတိတိ)ဖြင့်ပင် ဦးသိန်းနိုင်စိုးအား ဝယ်ယူစေကာ ၉-၇-၂၀၁၃ ရက်စွဲပါ မြေနှင့်အိမ်အပြီးအပိုင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး လက်ရောက်ပေးအပ်လွှဲပြောင်းရောင်းချခဲ့ပါသည်။

ရောင်းချသည့်မြေနှင့်အိမ်အပါအဝင် မြေနှင့်သက်ဆိုင်သည့်စာရွက်စာတမ်း၊ မြေပိုင်ဆိုင်မှုနှင့် ပတ်သက်၍ မိမိတစ်ဦးတည်းပိုင်ဆိုင်ပါကြောင်း ၉-၇-၂၀၁၃ ရက်စွဲဖြင့် ကျမ်းကျိန်ဆိုထားသည့် မှတ်ပုံတင်အမှတ် ၇၃၀၉/၂၀၁၃ ကျမ်းကျိန်လွှာကိုလည်း ပြုလုပ်ကာပေးအပ်ခဲ့ပါသည်။ သို့ဖြစ်၍ ဦးသိန်းနိုင်စိုးသည် ဒေါ်စောရီနှင့်သဘောတူချုပ်ဆိုထားသည့် ၉-၇-၂၀၁၃ ရက်စွဲပါ မြေနှင့်အိမ် အပြီးအပိုင်အရောင်းအဝယ်စာချုပ်ဖြင့် မိမိဝယ်ယူလက်ဝယ်ရရှိထားသည့် မြေနှင့်အိမ်ကို လွှဲပြောင်းရောင်းချခြင်းဖြစ်ပါသည်။ ဒေါ်စောရီထုတ်ဖော်ကြေညာသည့် ၂၀-၃-၂၀၁၃ ရက်စွဲပါ နှစ်ဦးသဘောတူမြေနှင့်အိမ်အရောင်းအဝယ်ကတိစာချုပ်အရ ရောင်းချခြင်းမဟုတ်ပါကြောင်း အလေးအနက် သိစေအပ်ပါသည်။

လူကြီးမင်းတို့၏မိတ်ဆွေ ဒေါ်စောရီသည် အမှန်တကယ်ဖြစ်ရပ်ကို ထိမ်ချန်ပြီးကြေညာခဲ့ခြင်းသာဖြစ်ပါသည်။ ဤကဲ့သို့ကြေညာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဦးသိန်းနိုင်စိုးအား များစွာထိခိုက်နစ်နာစေသည့်အပြင် ဂုဏ်သိက္ခာကိုလည်း ထိပါးစေပါကြောင်း လူကြီးမင်းတို့နှင့်တကွ အများပြည်သူသိရှိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးချစ်လွင် LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၄၄)
အခန်း ၂၊ မရမ်းကုန်းတရားရုံးရှေ့၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၉၂၅၉၈၇၃

လူမှုရေးကြော်ငြာ

ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ/စာသင်သံဃာတော် အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀×၆၇)အကျယ်အဝန်းရှိ ၃ $\frac{၁}{၂}$ ကျောင်းဆောင်သစ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီခွင့်ပြုချက်ဖြင့် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံပရိယတ္တိစာသင်တိုက်
ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆

ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
ကျောက်ဆည်ခရိုင်တရားရုံးတော်၌
၂၀၁၃ ခုနှစ် တရားမအထွေထွေမှုအမှတ်-၈
ကွယ်လွန်သူ ဒေါ်ဌေးဌေးမြင့်၏
ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

ကျောက်ဆည်မြို့၊ ဘောဂဝတီရပ်၌နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ဌေးဌေးမြင့်၏ ကျန်ရှိရစ်သောပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ခင်မမက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၁ ရက် (၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ဌေးဌေးမြင့်၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည်အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်ရှိလျှင်)ဆိုခဲ့သော ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၁ ရက် (၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော လျှောက်ထားသူ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်ခင်ဝင်း)
ဒုတိယခရိုင်တရားသူကြီး
ကျောက်ဆည်ခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ကျောက်ဆည်ခရိုင်တရားရုံးတော်၌
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၂၈

ဦးမင်းသိန်း **နှင့်** ဒေါ်တင်တင်ရီ
တရားလို **တရားပြိုင်**

ကျောက်ဆည်မြို့၊ ပေါက်တောရပ်၊ ဘောဂဝတီအုပ်စုနေ (ယခုနေရပ်လိပ်စာမသိသူ) တရားပြိုင် ဒေါ်တင်တင်ရီ သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲလိုမှုနှင့် ပစ္စည်းခွဲဝေရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၉ရက် (၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် အောက်တိုဘာ ၂၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်ခင်ဝင်း)
ဒုတိယခရိုင်တရားသူကြီး
ကျောက်ဆည်ခရိုင်တရားရုံး

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ လှိုင်သီရိအိမ်ရာရှိ တိုက်အမှတ် ၅၊ အခန်းအမှတ် ၅၀၂ ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်အောင်ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးမော်ခိုင်လင်း ၁၂/လမန(နိုင်)၁၂၁၁၇၀က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ**
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၊ မြေကွက်အမှတ် ၂၇၀၊ မြေကွက်တည်နေရာအမှတ် ၂၇၀၊ တော်ဝင်လမ်းသွယ် ၇၊ ရွှေပြည်သာ ဒေါ်တင်တင်ဝင်းအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်တင်တင်ဝင်း ကွယ်လွန်သဖြင့် ဦးဝေသန့်ဟိန်းမြင့်မောင်(ခ)မောင်မောင်ရဲထန် ၁၄/ကပန(နိုင်)၀၀၁၁၅၆က သေစာရင်း၊ တရားဝင်သားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

ဒေါ်ခင်ဌေးဖြူ

အသက်(၈၈)နှစ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ ဒုတိယဥက္ကဋ္ဌ၊ ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး - မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်နီနီဝင်း တို့၏ မိခင် ဒေါ်ခင်ဌေးဖြူသည် (၃၁. ၁၀. ၂၀၁၃)ရက် ကြာသပတေးနေ့ နံနက်(၁၀း၁၅) နာရီတွင် ရန်ကုန် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း-

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၊
ဥက္ကဋ္ဌ-ဒေါက်တာသန်းထွန်း+ဒေါ်မြသွေး(ကဲ့ကော်ရွှေပြည်)မိသားစု၊ ရန်ကုန်မြို့၊

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ သူရလမ်း၊ အမှတ် ၁၃၇၆ ဟုခေါ်တွင်သော နှစ်ထပ်တိုက်ခံနေအိမ်အဆောက်အအုံနှင့် ယင်းနေအိမ်တည်ရှိရာ အလျား ၁၉ ပေ၊ အနံပေ၉၀အကျယ်အဝန်းရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်များကို လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်းအဆိုပြုသူ ဦးခင်မောင်သော်-ဒေါ်ခင်သန်း (၎င်းတို့၏အထွေထွေကိုယ်စားလှယ်လွှဲစာရသူ၊ သားကြီး-ဦးဇေယျာလင်း)ထံမှ ဒေါ်မြမြခိုင်နှင့် ဒေါ်ချိုချိုခိုင်တို့က ဝယ်ယူရန်အတွက် တန်ဖိုးငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း တရားလွှတ်တော်ရှေ့နေ ဦးအေးနိုင်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအိမ်မြေအရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်လှဲ့လှဲ့ဝင်း LL.B	**ဦးအေးနိုင်**
ဒေါ်တင်ဇာကျော် LL.B, D.B.L, D.M.L	**LL.B, D.B.L, D.M.L, Advocate**
ဒေါ်ဖြူစင်ဝင်း LL.B, D.B.L	**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၀၈၇/၈၉)**
ဒေါ်မြနှင်းယု LL.B, D.B.L, D.M.L	**တိုက် ၁၃၂ (A)၊ အခန်း ၃ (ဒု-ထပ်)၊**
ဒေါ်ခင်ဇာနီဝင်း LL.B	**၃၃ လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊**
အထက်တန်းရှေ့နေများ	**ရန်ကုန်မြို့**
	ဖုန်း-၀၉-၇၃၀၃၂၃၄၃

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ဌေးဖြူ အသက် (၈၈)နှစ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးဌေးဦး-မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်းတို့၏မိခင် ဒေါ်ခင်ဌေးဖြူ အသက် (၈၈)နှစ် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကျုံပျော် အထက ကျောင်းသား ကျောင်းသူဟောင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဟန်ညွန့်

မန္တလေးတိုင်းတရားသူကြီး (ငြိမ်း)
ဦးတင်မောင်တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ရေးကော်မတီဝင်
အသက် (၇၁)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(F-29)၊ ၆၆ လမ်း၊ သရဖီလမ်းနှင့် ငုရွှေဝါလမ်းကြားနေ ဒေါ်စန်းမွေး၏ချစ်လှစွာသောခင်ပွန်း ဦးဟန်ညွန့် အသက် (၇၁)နှစ်သည် ၃၀-၁၀-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးတင်မောင် တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ရေးကော်မတီဝင်များနှင့်ရုံးအဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယိကာမကြီး

ဒေါ်သိန်းသိန်း

(မောင်ကြိုင် လက်ဖက်ရည်ဆိုင်)
အသက်(၆၃)နှစ်

သဃ်္ဃန်းကျွန်းမြို့နယ်၊၁၆/၃ရပ်ကွက်၊ မာလာမြိုင်လမ်း၊ အမှတ် ၄၀၂/ခနေ (ဦးကြိုင်-ဒေါ်ဘီ) (မောင်ကြိုင် လက်ဖက်ရည်ဆိုင်) တို့၏သမီး၊ ဦးနွဲ့-ဒေါ် သိန်းရှင်တို့၏သမီးချွေးမ၊ ဒေါ်စန်းစန်း၊ ဒေါ်ချိုချို၊ ဦးသောင်းညွန့်-ဒေါ်သန်းသန်းမိုး၊ ဦးအောင်မြင့်ထွန်း- ဒေါ်စံပယ်၊ ဦးလှဆွေ-ဒေါ်တင်တင်အေးတို့၏အစ်မ၊ (ဦးအေးမြင့်)၏ဇနီး၊ ဦးအောင်ဇော်မိုး-ဒေါ်နွယ်နီလှိုင်၊ ဦးကျော်စိုးမိုး-မဂျင်းမီ၊ ဦးငွေမင်းသိန်း၊ ဦးမျိုးမင်းအောင်-ဒေါ်စိုးစန္ဒာမိုးတို့၏မိခင်၊ မမိုးအိန္ဒြာအိအိခိုင်၊ မအိန္ဒြာထက်ထက်ခိုင်၊ မောင်အဂ္ဂဘုန်းခေါင်တို့၏ အဘွားသည် ၃-၁၁-၂၀၁၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၁၁-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၄၅နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယိကာမကြီး

ဒေါ်သန်းညွန့်

(ညွန့်စက်မှုလက်မှု ပင်နယန်လုပ်ငန်း)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၄/၂၅၊ စွန်းလွန်းဂူကျောင်းလမ်း၊ လမ်းသွယ်(၂)၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ (ဦးပါ-ဒေါ်အေးကြည်) တို့၏သမီးကြီး၊ (ဦးချွန်-ဒေါ်ကြည်)တို့၏ သမီးချွေးမ၊ ဦးသောင်း၏ဇနီး၊ ဦးထွန်း-ဒေါ်လှလှဌေး၊ (ဦးဝင်းထိန်)-ဒေါ်အေးကြည်မြင့်တို့၏အစ်မ၊ ဦးသောင်းတန် - ဒေါ်ဝင်းသန္တာ၊ ဦးသောင်းနိုင်-TAKAKO (ခေတ္တ- ဂျပန်)၊ ဦးသောင်းထိုက်၊ဦးသောင်းထွန်း-ဒေါ်ချယ်ရီစိုး၊ ဦးစိုးမိုးသောင်း၊ ဒေါ်မေသူတင့် တို့၏မိခင်၊ မောင်ဝင်းဘုန်းကျော်၊ မောင်ထက်မြတ်နိုင်တို့၏ အဘွားသည် ၄-၁၁-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၂၃နာရီတွင် ဗဟိုစည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၆-၁၁- ၂၀၁၃ ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဗိုလ်မှူးခင်ဦး (ငြိမ်း) (ကြည်း-၅၇၆၇)

ဂျပန်ခေတ်စစ်တက္ကသိုလ်ပထမပတ် (ယောနင်း) (စံပြကျောင်းသား)
လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)၊ နိုင်ငံ့ဂုဏ်ရည်ပထမဆင့်
ဒု-ညွှန်ကြားရေးမှူး (ငြိမ်း) လဝက
အသက် (၈၈)နှစ်

ရန်ကုန်မြို့နေ (ကျောင်းအုပ်ဆရာကြီး ဦးဘိုးကြွယ်-ဒေါ်အေးကြွယ်)တို့၏သားကြီး၊ ဒေါ်အေးနု-(ဦးဟန်ရှိန်)၊ (ဒေါ်လှကြည်)၊ ဒေါ်လှမြင့်၊ (ဒေါ်ခင်ညို)၊ ဒေါ်ခင်မာကြည်၊ ဒေါ်ခင်မာရီ၊ ဒေါက်တာခင်စန်းကြွယ်တို့၏အစ်ကိုကြီးသည် ၃-၁၁-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၂း၂၅ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၁-၂၀၁၃ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးတင်ဦး (တပ်မတော်ရေ-ငြိမ်း)

အသက်(၇၆)နှစ်

အမှတ် ၅၉၊ သုမင်္ဂလာ ၂လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ ကပ္ပိတန်ညီညီ-ဒေါ်တင်ဝင်းဝင်းသန်းတို့၏ဖခင်သည် ၃-၁၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်မှူးကြီးမိုးအောင်-ဒေါက်တာအေးခိုင်ညွန့်
တနင်္သာရီရေတပ်စခန်းဌာနချုပ်မှူး

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးတင်ဦး (တပ်မတော်ရေ-ငြိမ်း)

အသက် (၇၆)နှစ်

အမှတ် ၅၉၊ သုမင်္ဂလာ ၂ လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ ကပ္ပတိန်ညီညီ-ဒေါ်တင်ဝင်းဝင်းသန်းတို့ဖခင်သည် ၃-၁၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးရဲဝင်း
ရွှေသွေးကုမ္ပဏီလီမိတက်

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးခင်မောင်ဇော် (မုံရွာ)

အသက် (၅၄)နှစ်

အင်္ဂလိပ်စာနည်းပြ (ဖွဲ့ပညာ့ဗိမာန်) ၆ မိုင်ခွဲ၊ ရန်ကုန်မြို့ ဒေါ်ဌေးဌေးအောင် (Director Good Morning Asia Travel & Tours Co., Ltd.)၏ခင်ပွန်း ဦးခင်မောင်ဇော်သည် ၂-၁၁-၂၀၁၃ ရက် (စနေနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

မုံရွာဒေသကောလိပ်မှသူငယ်ချင်းများ

ခရစ်တော်၌အိပ်ပျော်ခြင်း

Salai Patrick Aung Naing Htwe
Technical Manager, Krannich Solar-USA
အသက်(၃၄)နှစ်

ရန်ကုန်မြို့၊အမှတ် ၆၈/၇က၊ ဦးမောင်မောင်ခြံလမ်းသွယ်၊ ကန်လမ်း၊ (၁၀) ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဦးနီလှအောင်)-ဒေါ်ဦးစိန်တို့၏သားငယ်၊ ကိုနိုင်ဦး-မမော်လီအောင်၊ မိုင်နီနီအောင်-**Kevin Conaty**၊ မိုင်ညီညီအောင်၊ မိုင်ဝါဝါအောင်တို့၏ညီ/မောင်၊ မိုင်ဖြူဖြူအောင်၏ အစ်ကိုသည် ၁-၁၁-၂၀၁၃ရက် နယူးယောက်စံတော်ချိန် နံနက်၁၁း၄၅နာရီတွင် 1 Cooper Plaza Camden, NJ08103 ဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

နောက်ဆုံးချိန်တွင် ကူညီပေးကြသော ဆေးရုံမှတာဝန်ရှိသူများ၊ မိတ်ဆွေသူငယ်ချင်းများ၊ Krannich -USA မှ ကုမ္ပဏီအကြီးအကဲနှင့် ဝန်ထမ်းများ၊ ဆုတောင်းပေးကြသော မိတ်ဆွေများအားလုံးအား ကျန်ရစ်သူမိသားစုမှ ကျေးဇူးအထူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဦးညွန့်ဝင်း

(ကြေးမုံသတင်းစာတိုက်၊ ကွန်ပျူတာဌာန)

အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ ၅လမ်း၊ အမှတ် ၄၉၁နေ ဒေါ်ငွေးငွေးစိန်၏ခင်ပွန်း ဦးညွန့်ဝင်းသည် ၄-၁၁-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

ဦးထွန်းကျော် (တောင်ကြီး)

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊အမှတ် ၁၂၀၆၊ စီဆောင်၊ ၁၂လွှာ၊ ပုလဲကွန်ဒို၊ ဗဟန်းမြို့နယ်နေ (ဦးဆန်လင်း - ဒေါ်နန်းအွေ့)တို့၏သား၊ (ဒေါ်နန်းဆော)၏ခင်ပွန်း၊ ဦးစိုင်းရီတစ် (Taunggyi Gems Master Co.,Ltd.)-ဒေါ်နန်းခမ်းမေ၊ ဦးစိုင်းစောခိုင်-ဒေါ်နန်းဆိုင်ဟောင် (စပယ်ဖြူ ဆေးဆိုင်၊ မန္တလေး)၊ ဦးတင်မောင်သိန်း(အကောက်ခွန်)-ဒေါ်နန်းကိန်ခမ်း၊ ဦးစိုင်းနေဝင်း-ဒေါ်နန်းစံခမ်းဦးတို့၏ဖခင်၊ မြေး ၁၂ ယောက်၊ မြစ်ငါးယောက်တို့၏ အဘိုးသည် ၄-၁၁-၂၀၁၃ရက် (တနင်္လာနေ့) ည ၈း၄၀နာရီတွင် UHC ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၈-၁၁-၂၀၁၃ရက်(သောကြာနေ့)နံနက် ၉နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ဝင်း

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊တိုက် E၊ အခန်း ၅၀၂၊ အောင်မင်္ဂလာလမ်းနေ (ဦးဘသန်း-ဒေါ်ခင်သန်း)တို့၏သမီး၊ (ဦးလှအောင်)၏ဇနီး၊ ဦးအေးလွင်-ဒေါ်လှလှဝင်း၊ (ဦးမြင့်ဦး)-ဒေါ်အေးအေးချို၊ ဦးဆန်းထွန်းအောင် - ဒေါ်အေးအေးပို၊ ဦးစိုးမြင့်အောင်၊ (ဦးနေဝင်းအောင်)၊ ဦးကျော်လင်းအောင်၊ (ဦးရဲဝင်းထွဋ်) တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၅-၁၁-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၇-၁၁-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အောင်မင်္ဂလာနေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ တိုက် E၊ အခန်း ၅၀၂၊ အောင်မင်္ဂလာလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးတင်ဝင်း(ခ)

ဦးမောင်ဝင်း (မုဒုံ)

(အေးရိပ်သာဆေးကုခန်း)

အသက်(၆၀)

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ လမ်း ၃၀၊ အမှတ် ၉၅၃နေ (ဦးကွန်ချွန်း - ဒေါ်ခင်ကြည်)တို့၏သား၊ (ဦးယုပိန်-ဒေါ်စိန်ပု)တို့၏သားသမက်၊ ဒေါ်ခင်ဆိုင်၏တူ၊ ဦးရှိုးတီ-ဒေါ်လှဝင်းတို့၏ညီ၊ ဦးမောင်မောင်၊ ဒေါ်အေးနွယ်တို့၏အစ်ကို၊ ဒေါ်စိန်ကြည်၏ခင်ပွန်း၊ ကိုရေချမ်း-မအေးအေးမာ၊ ကိုသန့်ဇင်ဦး-မစီစီမာ၊ ကိုမိုးမင်းအေး-မစန်းစန်းမြိုင်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၄-၁၁-၂၀၁၃ ရက်(တနင်္လာနေ့) ညနေ ၆း၄၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၆-၁၁-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးခင်မောင်ကျော်

အသက်(၄၄)နှစ်

မကွေးတိုင်းဒေသကြီး၊မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ကျောင်းတော်ရာကျေးရွာနေ(ဦးမြမောင်)-ဒေါ်တင်ရွှေတို့၏သား၊ ဒေါ်ထွေးယုံ၏ခင်ပွန်း၊ မောင်သူထူးဇော်၊ မောင်ဟိန်းမင်းသန့်တို့၏ ဖခင်သည် ၄-၁၁-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၃ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [လှိုင်မြို့နယ်၊ ရန်ကုန်-အင်းစိန်လမ်း၊(၁၃)ရပ်ကွက်၊ အမှတ် ၂၉ နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးထွန်းသင်

(ရေယာဉ်မှူး၊ ငြိမ်း)

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကော့လှာရွာ၊ မော်လမြိုင်မြို့နယ် (ဒို့တာဝန် မိသားစု၊ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)

အသက်(၈၅)နှစ်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အမှတ် ၁၄၊သီတဂူခြံ၊အင်ဂျင်နီယာလမ်း၊ အောင်သုခရပ်နေ (ဦးတူး-ဒေါ် မယ်ဘု)တို့၏သား၊ (ဒေါ်တင်မြ)၏ခင်ပွန်း၊ ဦးထွန်းလှ-ဒေါ်မြမြကြည်၊ ဦးအေးသောင်း-ဒေါ်မြင့်စိန်၊ ဦးငြိမ်းမောင်-ဒေါ်တင်သန်း၊ ဦးသန်းအောင်-ဒေါ်စန်းစန်းမော် (ဒို့တာဝန်မိသားစု အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ ဦးချစ်ခင်-ဒေါ်တင်သန်းဦး၊ ဦးတင်ထွန်းအောင်-ဒေါ်ချယ်ရီတို့၏ဖခင်၊ မြေး ၁၈ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘိုးသည် ၅-၁၁-၂၀၁၃ ရက် (အင်္ဂါနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကော့လှာကျေးရွာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးခင်မောင်ယဉ်

B.A, B.Ed.

(ကျောင်းအုပ်ဆရာကြီး၊ ငြိမ်း)

အသက်(၆၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်နေ (ဦးမောင်စိန်-ဒေါ်အေးချစ်) တို့၏သား၊ဒေါ်ပန်းသင်(ကျောင်းဆရာမ၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါ်ခင်လှကြည်၏ အစ်ကို၊ ပန်းခြံတာဝါ၊စမ်းချောင်းမြို့နယ်နေ ဦးသီဟ[2nd Engineer (FG)]-ဒေါ်အိဖြူစိုး(LL.B,Law)၊ ဘုရင့်နောင်အရာရှိရိပ်သာ၊ဗဟန်းမြို့နယ်နေ ဗိုလ်မှူး သန့်အောင်စိုး (တပ်မတော်-ရေ)-ဒေါက်တာသက်ဆုဝင်း (နေပြည်တော် ဆေးရုံ၊ ခုတင်-၁၀၀၀)၊ အမှတ် ၃၊ ကမာရွတ်ဘူတာရုံလမ်း၊ လှိုင်မြို့နယ်နေ ဦးညဏ်လင်းအောင်(ME,IT၊ ကထိက၊ စက်မှုနည်းပညာမြင့်တင်ရေး သင်တန်းဌာန၊ဘယ်လင်း၊ကျောက်ဆည်မြို့)တို့၏ ဖခင်၊ မောင်မြင့်မြတ်သီဟ၏အဘိုးသည် ၅-၁၁-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၉း၃၀နာရီတွင် အမှတ် ၁၈၊အခန်း ၉၀၃၊ ပန်းခြံတာဝါ၊စမ်းချောင်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၇-၁၁-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ကိုကျော်သူရညွှန့်(ခ) ဖိုးကျော်

အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၁)တိုးချဲ့ရပ်ကွက်၊ စီးပွား/ကူးသန်းဝန်ထမ်းအိမ်ရာ၊တိုက်၆၊ အခန်း ၂၄နေ ဦးညွှန့်ဖေ၊ ဒေါ်နီရာတို့၏သား၊ မစန္ဒာရာညွှန့် - ကိုသန်းကျော်ဦးတို့၏ မောင်၊ မယမုံနာညွှန့်-ကိုဝင်းဇေယျာသူတို့၏အစ်ကို၊မမြင့်မြတ်သန္တာကျော်၊မဆိုဖီယာဝင်းတို့၏ဦးလေးသည် ၄-၁၁-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၆း၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆-၁၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

အောက်မေ့ဖွယ်ရာ ဝတ်ပြုခြင်းကို ၉-၁၁-၂၀၁၃ရက် (စနေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်၌ ပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးအောင်နှင့်ဇနီး ဒေါ်တင်အုန်းမြင့် (အထပြ၊ ငြိမ်း)တို့၏ ချစ်လှစွာသောဖခင် ဦးကိုကိုသိန်း(ခ)ဦးကိုသိန်း(လ/ထ အမှုဆောင်အင်ဂျင်နီယာ၊ငြိမ်း) အသက်(၉၂)နှစ်သည် ၂-၁၁-၂၀၁၃ရက်(စနေနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်မြဝင်း
စက်မှုဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဦးကိုကိုသိန်း(ခ)ဦးကိုသိန်း (ညောင်တုန်းမြို့)

အသက်(၉၂)နှစ်

စက်မှုဝန်ကြီးဌာန၊ဒုတိယဝန်ကြီး ဦးမျိုးအောင်-ဒေါ်တင်အုန်းမြင့်တို့၏ဖခင် ဦးကိုကိုသိန်း(ခ)ဦးကိုသိန်း (ညောင်တုန်းမြို့)သည် ၂-၁၁-၂၀၁၃ရက် (စနေနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ငွေးဖြူ အသက်(၈၈)နှစ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ၊ ဟင်္သာတမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေးဦး - မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်းတို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်ခင်ငွေးဖြူသည် ၃၁-၁၀-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ထူးအောင်ညွှန့်-နိုင်မမ

ဦးချစ်ထွေး အသက်(၈၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ အမှတ် ၄၈၅၊ ကန်သာယာလမ်းနေ(ဦးဘဆစ်-ဒေါ်ရွှေဆယ်)တို့၏သား၊ (ဦးရှိန်-ဒေါ်ချစ်ချစ်)တို့၏သားသမက်၊ (ဦးချစ်ဆွေ)၊ (ဦးချစ်ဖေ)တို့၏ညီ၊ ဒေါ်ကြည်၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်(ငြိမ်း)(အထွေထွေမန်နေဂျာ၊ အောင်မြင့်မိုရ်မင်း အာမခံကုမ္ပဏီလီမိတက်၊ MEC)-ဒေါ်ကျင်ငွေးချစ်၊ ဦးသက်မင်း-ဒေါ်ဖြူဖြူဝင်း၊ ဒေါ်ငွေးငွေးဝင်း(ကထိက၊ အရှေ့တိုင်းပညာဌာန၊ ပုသိမ်တက္ကသိုလ်)၊ ဒေါ်လှလှဝင်း(လက်ထောက်ညွှန်ကြားရေးမှူး၊ အမျိုးသားလွှတ်တော်ရုံး၊ နေပြည်တော်)၊ ဒေါ်ကြည်ကြည်ဝင်းတို့၏ဖခင်၊မြေးငါးယောက်တို့၏အဘိုးသည် ၄-၁၁-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ

ဦးသိန်းအောင် (လားရှိုး)

ဒုအရာခံဗိုလ်(ငြိမ်း)

အသက်(၆၇)နှစ်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကြက်ဆူတောကျေးရွာနေ (ဦးအောင်ဆင့် - ဒေါ်ရှမ်း)တို့၏သား၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၀) ရပ်ကွက်၊အနော်ရထာလမ်း၊အမှတ် ၅၈၀ (က)နေ ဒေါ်စိန်မြင့်၏ခင်ပွန်း၊ ဦးအောင်သွင်ဦး-ဒေါ်အေးအေးကြိုင်၊ ကိုလှိုင်မင်းထွန်း၊မလှိုင်လှိုင်မြင့်(Y.C.D.C)၊ကိုမင်းသိန်း၊ မဝင်းဝင်းထွေးတို့၏ဖခင်၊ မောင်ငြိမ်းချမ်းဇော်၏အဘိုးသည် ၅-၁၁-၂၀၁၃ရက် (အင်္ဂါနေ့)နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၃ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ကြည်စုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)

ဦးစိုးသန်း (မြိတ်)

အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊မီးဒုံး ၄လမ်း၊တိုက်အမှတ် ၉၅/၅နေ ဒေါ်ငွေကျင်၏ခင်ပွန်းသည် ၄-၁၁-၂၀၁၃ရက် နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မြိတ်အသင်းနှင့်နေအိမ်မှကားများနံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ

ဦးဇော်လွင် (ညောင်ကျိုး)

လေ-၁၈၈၈၅၊အုပ်ချုပ်တပ်ကြပ်ကြီး(ငြိမ်း)

အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ နီဗ္ဗာန်လမ်း၊ တိုက်အမှတ် ၄၊ သုံးလွှာနေ ဦးတင်အေး - ဒေါ်ထွားစိန်တို့၏သား၊ ဒေါ်အေးသင်၊ ဒေါ်မြကြည်၊ ဒေါ်စိန်သွယ်၊ ဦးမြထွန်းတို့၏တူ၊ ဦးအောင်မြင့်-ဒေါ်ခင်ရီ၊ ဦးအေးကျော်-ဒေါ်အေးအေးမြင့်တို့၏ညီ၊ ဒေါ်ခင်ချို၏မောင်၊ ဦးအေးလွင်-ဒေါ်လဲ့လဲ့ခိုင်၊ ဦးအေးနိုင်-ဒေါ်လဲ့လဲ့ဝင်းတို့၏အစ်ကို၊ တူ၊ တူမ ကိုးယောက်တို့၏ဦးလေးသည် ၄-၁၁-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၁၁-၂၀၁၃ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီ တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ (လှိုင်မြို့နယ်၊ အမှတ် ၂၈၊ ရန်ကုန်-အင်းစိန်လမ်း နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးတင်မြင့်(အနောက်ရန်ကင်း)

အထက(၁)ရန်ကင်း

(ကျောင်းသားဟောင်း)

TRACTOR KING CO.,LTD.
(NEW GOLDEN LION AGENT)

အသက်(၅၄)နှစ်

ရန်ကုန်မြို့နေ[ဦးဝေါင်ဝေ(ခ)ဦးမောင်ဝီ - ရွှေချန်လျန်(ခ)ဒေါ်ငွေ]တို့၏ သားလတ်၊ တိုက်အမှတ် ၁၈၊အခန်း ၂၃၊ ရွှေအုန်းပင်အိမ်ရာ၊(၅)ရပ်ကွက်၊ အနောက်ရန်ကင်းနေ ဒေါ်ဝင်နီ၏ခင်ပွန်း၊ ဝေါင်တင်ဝင်း-လီအွပ်ငှတ်၊ (ဦးလှဝင်း)၊ ဝေါင်ရှုယိန်း-တန်မွန်စိန်၊ ဒေါ်လှလှစိန်-ဦးစွန်ကဲ၊ ဒေါ်အေးသန်း-(ဦးအောင်ရင်)၊ (ဦးတင်ရွှေ)၊ (ဦးတင်အောင်)၊ ဒေါ်သိန်းသိန်းရီ-(ဦးအောင်လင်း)တို့၏ အစ်ကို/မောင်/ညီ၊ မောင်စွမ်းပြည့်အောင် (Grade-IX, D, အထက-၂၊ ရန်ကင်း)၏ဖခင်သည် ၅-၁၁-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၈း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

မောင်ဝင်းကျော်ဇော(ခ)

မောင်လှဆန်းဦး

(ပါဝါကင်း ရုပ်ရှင်ထုတ်လုပ်ရေး)

အသက်(၃၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်း ၄လမ်း၊ အမှတ် ၁၁နေ ဦးတင်လှ(မြန်မာ့ရေနံ)-ဒေါ်စန်းရီ(သီရိမင်္ဂလာဈေး)တို့၏သား၊ မမင်းမင်းထက်၏အစ်ကို၊ မသော်တာအေး၏ခင်ပွန်းသည် ၅-၁၁-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၁း၃၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၇-၁၁-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ထီးတန်း ၄လမ်း၊ အမှတ် ၁၁ နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ပြုံး(ခ)

ဒေါ်ကြွက် (ဖျာပုံ)

မဟာစည်ယောဂီဟောင်း

အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၇) ရပ်ကွက်၊ ၂၃လမ်း၊ အမှတ် ၁၇-အေနေ (ဦးအိမ်ထိုင် - ဒေါ်စောငွေ)တို့၏သမီး၊ (ဦးချင်အိုင်)၏ဇနီး၊ ပဓာနနာယကဆရာတော် ဦးကစ္စာယန(U.S.A)၏မယ်တော်ကြီး၊ ဒေါ်ကျင်ဥ၊ ဦးဟန်သိန်း-ဒေါ်ကျင်သန်း၊ ဒေါ်ကျင်ငြိမ်းတို့၏မိခင်၊ မြေးသုံးယောက်၊ မြစ်လေးယောက်တို့၏အဘွားသည်၅-၁၁-၂၀၁၃ရက်(အင်္ဂါနေ့)နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယကာကြီး

ဦးခင်မောင်တင်(ခ)

Albert Aubrey

ဒု-ညွှန်မှူး၊ အကောက်ခွန်(ငြိမ်း)

(သံတွဲ-ပဲခူး)

အသက်(၈၀)

[ဦးအော်ဘရေး(ခ)ဦးဆံနီ-ဒေါ်မြရင်] တို့၏သားထွေး၊ (Dorise Koban)၏ ခင်ပွန်း၊ ကိုကျော်အောင်(ခ)နိုင်ဂျယ်(လ်)-နော်ဘဲစေး၊ မရှယ်ရယ်(ရ်)(ခ)မိရှယ် (USA)-Mr. Abelseth၊မစံပယ်(ခ)အီးဘွင်း(န်) YVONNE - Mr. Siclney (B.K)၊ မစန္ဒာ(ခ)မိစံ-ကျော်ဝင်း(USA)တို့၏ဖခင်၊ မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၄-၁၁-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယကာကြီး

ဦးခင်မောင်တင်(ခ)

Albert Aubrey

ဒု-ညွှန်မှူး၊ အကောက်ခွန်(ငြိမ်း)

(သံတွဲ-ပဲခူး)

အသက်(၈၀)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း၊ (၈)ရပ်ကွက်၊ အမှတ် ၃၃၊ မင်္ဂလာလမ်းနေ [ဦးအော်ဘရေး(ခ) ဦးဆံနီ-ဒေါ်မြရင်]တို့၏သားထွေး၊ ဒေါ်တင်တင်၏မောင်၊ (ဦးထွန်းတင်)၊ ဒေါက်တာဦးထွန်းအောင်(ဩစတြေးလျ) တို့၏ညီသည် ၄-၁၁-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ

ဦးဇော်လွင် (ညောင်ကျိုး)

လေ-၁၈၈၈၅

အုပ်ချုပ်တပ်ကြပ်ကြီး(ငြိမ်း)

အသက်(၅၂)နှစ်

ရန်ကုန်မြို့နေ ဦးတင်အေး-ဒေါ်ထွားစိန်တို့၏သား၊ ဦးရီရှောင်-ဒေါ်ကူးမွေး (ကျောက်စိမ်း မိသားစု)တို့၏ သားသမက်၊ လှိုင်မြို့နယ်၊ အမှတ် ၂၈၊ ရန်ကုန်-အင်းစိန်လမ်းမကြီးနေ ဒေါ်သိန်းသိန်း(အန်တီသိန်း အထည်ဆိုင်)၏ ခင်ပွန်း၊မအေးမြင့်မြတ်(TTC)၊ မဖူးပွင့်သန့်(TTC)တို့၏ဖခင်သည် ၄-၁၁-၂၀၁၃ရက်(တနင်္လာနေ့)နံနက်၆း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၃ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင်ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တအာလောက

နိုင်ငံတော် သံဃသမ္မုတိယ သံဃကိုယ်စားလှယ်
တိုင်းသံဃနာယကအဖွဲ့ဝင်(ဟောင်း)
ချောင်းတွင်း သုဓမ္မာပဝါရဏာဂိုဏ်း၏ ဒုတိယနာယက
သက်တော်(၇၆)နှစ်၊ သိက္ခာတော်(၅၇)ဝါ

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့၊ သလိပ်ကြီးကျေးရွာနေ ခမည်းတော် ဦးမြမောင်-မယ်တော် ဒေါ်မှင်တို့၏ ဒုတိယမြောက်သားရတနာ၊ ဖျာပုံမြို့နယ်၊ချောင်းတွင်းရွာ၊သီရိမင်္ဂလာသိမ်ကျောင်းတိုက်၏ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တအာလောက အရှင်သူမြတ်သည် (၁၃၇၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၆ရက်) ၂၅-၁၀-၂၀၁၃ရက် (သောကြာနေ့) ညနေ ၆း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ရက်) ၁၀- ၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးရှိ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

အန္တိမအဂ္ဂိဈာပနကျင်းပရေးကော်မတီနှင့်
တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တကောဝိဒ

သက်တော်(၆၄)နှစ်၊ သိက္ခာတော်(၄၄)ဝါ

ရန်ကုန်မြို့၊သွေးဆေးကန်တိုက်၊မဏိရတနာမိုးကုတ်ကျောင်း၌ သီတင်းသုံးတော်မူသော ဘဒ္ဒန္တကောဝိဒ(မိုးကုတ်ဓမ္မကထိက၊ ကမ္မဋ္ဌာနာစရိယ)သည်(၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလဆန်း၁ရက်) ၃-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၅း၀၈နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို(တန်ဆောင်မုန်းလဆန်း ၅ရက်) ၇-၁၁-၂၀၁၃ရက် (ကြာသပတေးနေ့)မွန်းလွဲ၁၂း၃၀နာရီတွင်ကျောင်းတိုက်မှရေဝေးသုသာန်သို့ပင့်ဆောင်၍ မွန်းလွဲ ၂နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းနှင့် ဆရာတော်အားရည်စူး၍ (တန်ဆောင်မုန်းလဆန်း ၇ရက်) ၉-၁၁-၂၀၁၃ရက် (စနေနေ့) နံနက် ၉နာရီမှ ၁၂နာရီအထိ ဆရာတော်၏ကျောင်းတိုက်တွင် တရားတော်နာရေစက်ချမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ဒါယိကာမ၊ ဓမ္မမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ
မဏိရတနာမိုးကုတ်ကျောင်း၊ သွေးဆေးကန်တိုက်၊ ဗဟန်း

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ နန္ဒမာလာ (သာသနတက္ကသီလ ဓမ္မာစရိယ)

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဧရာဝတီဆောင် ကျောင်းသားဟောင်း
အုတ်ဖိုမြို့၊ သန္တိသုခကျောင်းတိုက်၊ ပဓာနနာယကဆရာတော်
သက်တော်(၃၆)နှစ်၊ သိက္ခာတော်(၁၆)ဝါ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ ကုန်းသာရွာနေ ခမည်းတော် ဦးတင်ပု-မယ်တော် ဒေါ်ခင်သန်းတို့၏တတိယမြောက်သားရတနာ၊ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ ချမ်းမြသာမြေရပ်ကွက်၊ သန္တိသုခကျောင်းတိုက်၏ ပဓာနနာယက၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ဧရာဝတီဆောင် ကျောင်းသားဟောင်းဖြစ်သည့် ဆရာတော် ဘဒ္ဒန္တနန္ဒမာလာ အရှင်မြတ်သည် (၁၃၇၅ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၂ရက်) ၃၁-၁၀-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃း၅၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ရက်) ၇-၁၁-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ဈာပနအခမ်းအနားကျင်းပပူဇော်၍ မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိဈာပနကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းအား အသိပေးအပ်ပါသည်။

အန္တိမအဂ္ဂိဈာပနကျင်းပရေးကော်မတီနှင့်
တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်အေးကြည်(ခ)ဒေါ်လင်ရှုတင်

အသက်(၇၇)နှစ်

ဦးခင်ဇော်-ဒေါ်စန်းစန်းအေးတို့၏မိခင်ကြီး ဒေါ်အေးကြည်(ခ)ဒေါ်လင်ရှုတင် အသက်(၇၇)နှစ်သည် ၃၁-၁၀-၂၀၁၃ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ဦးသိန်းဝင်းဇော်-ဒေါ်တင်လတ်မင်း(ရွှေဗျိုင်းဖြူကုမ္ပဏီလီမိတက်)**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးသိန်းလွင် (ဒါရိုက်တာ၊ စိုးရတနာလင်းကုမ္ပဏီ)

ရွှေသာလျောင်းဘုရားဂေါပကအဖွဲ့ဝင်

အသက်(၆၁)နှစ်

ပဲခူးမြို့နေ (ဦးအောင်သန်း-ဒေါ်ပြုံးကြည်)တို့၏သား၊ (ဦးစံဖေ)-ဒေါ်နွဲ့တို့၏သားသမက်၊ ပဲခူးမြို့၊ ကလျာဏီရပ်ကွက်၊ ရွှေဂူလေးဘုရားလမ်းနေ ဒေါ်ဝင်းမြင့်၏ခင်ပွန်း၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရန်ကုန်-မန္တလေးလမ်း၊ အမှတ် ၂၀၉နေ ဦးစိုးလင်း(MD, နံ့သာဖြူကုမ္ပဏီ)-ဒေါ်ကြူမေလွင်(MD, စိုးရတနာလင်းကုမ္ပဏီ)၊ မချိုမေလွင်၊ မခိုင်မေလွင်၊ မောင်အောင်ဖြိုးလွင်-မဇာဇာလွင်တို့၏ဖခင်၊ မောင်အံ့ဘွယ်၊မမေထိပ်ထားခင်၊ မမေမြတ်နိုးခင်တို့၏အဘိုးသည် ၄-၁၁-၂၀၁၃ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၆-၁၁-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ပဲခူးမြို့၊ဥဿာမြို့သစ်၊ ရန်ကုန်-မန္တလေးလမ်း၊ အမှတ် ၂၀၉ နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

မနိုင်နိုင်ညွှန့် (LL.B၊ အထက်တန်းရှေ့နေ)

အသက်(၂၅)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေး/ငြိမ်းရပ်ကွက်၊ အင်လမ်း၊ အမှတ် ၁၃နေ ဦးသောင်းညွှန့်(တရားလွှတ်တော်ရှေ့နေ)-ဒေါ်သန်းသန်းမြင့်ဦးတို့၏သမီး၊ ဦးထွန်းညွှန့်-ဒေါ်မြဟန်၊ (ဦးစိုးမြင့်)-ဒေါ်သန်းလှ၊ ဦးမြင့်သိန်း-ဒေါ်ခင်လှိုင်တို့၏ မြေး၊ ဦးသောင်း-ဒေါ်ခင်မြဝင်း၊ ဦးခင်ညွှန့်-ဒေါ်လှလှငွေး၊ ဦးသိန်းအောင်-ဒေါ်ခင်အေးဝင်း၊ ဦးစိုးပိုင်အောင်-ဒေါ်ကြည်ကြည်ထွေးတို့၏တူမသည် ၄-၁၁-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၅း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး

ရှမ်းပြည်နယ်တစ်ခုလုံးဆိုလျှင် ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များထက် နယ်မြေကျယ်ပြန့်မှုအရ ဘတ်ဂျက်ပိုများပြီး အချိုးညီမှုရှိ

သတင်းစာမျက်နှာ ➤ ၇

ယနေ့ မာတိကာ

ကုန်စည်ပြပွဲ ပြင်ဆင်နေစဉ် ငြမ်းစင်အမြင့်မှ ဝန်ထမ်း နှစ်ဦးပြုတ်ကျ — စာ - ၁၀

ပြင်ဦးလွင်မြို့၏ သင်္ကေတ ရထားလုံးများစီးရေ ထက်ဝက်ကျော် လျော့နည်းလာ — စာ - ၁၁

အင်္ဂလန်ကမ္ဘာ့ဖလား မရနိုင်ဟု နည်းပြဟောင်း အဲရစ်ဆင်ပြောကြား — စာ - ၁၄

ဩစတြေးလျနိုင်ငံ ဘုရင်ခံချုပ် ရန်ကုန်မြို့ရောက်ရှိ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ကြိုဆိုနှုတ်ဆက်

ရန်ကုန် နိုဝင်ဘာ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း တို့၏ ဖိတ်ကြားချက်အရ ဩစတြေးလျခနေသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စ ကွင်တင်းဘရိုက်စ်နှင့်ခင်ပွန်း မစ္စတာ မိုက်ကယ်ဘရိုက်စ်တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၄ နာရီ မိနစ် ၄၀ တွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဩစတြေးလျ နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမင်းသိမ်းနှင့်ဇနီး၊ ရန်ကုန်မြို့ရှိ ဩစတြေးလျနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းမှတစ်ဆင့် ဧည့်သည်တော် ဩစတြေးလျခနေသဟာယနိုင်ငံ ဘုရင်ခံချုပ်နှင့် ခင်ပွန်းနှင့် ကိုယ်စားလှယ်အဖွဲ့သည် *စာမျက်နှာ ၅ ကော်လံ ၅* ❖

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး ဩစတြေးလျခနေသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စ ကွင်တင်းဘရိုက်စ်နှင့်ခင်ပွန်းနှင့် အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

စစ်တောင်းမြစ်ရေတက်၍ရေဘေးသင့်ပြည်သူများအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ထောက်ပံ့လှူဒါန်း

ပဲခူး နိုဝင်ဘာ ၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အောက်တိုဘာ ၂၈ ရက် ည ၉ နာရီခွဲမှစ၍ စစ်တောင်းမြစ်ရေသည် စိုးရိမ်ရေအမှတ် ၆၀၀ စင်တီမီတာသို့ရောက်ရှိခဲ့ပြီး အောက်တိုဘာ ၂၉ ရက် နံနက် ၆ နာရီခွဲတွင် ၆၂၄ စင်တီမီတာ၊ ညနေ ၆ နာရီခွဲတွင် ၆၄၂ စင်တီမီတာသို့လည်းကောင်း၊ အောက်တိုဘာ ၃၀ ရက် နံနက် ၆ နာရီခွဲတွင် ၆၇၀ စင်တီမီတာ၊ ညနေ ၆ နာရီခွဲတွင် ၆၇၇ စင်တီမီတာသို့လည်းကောင်း၊ အောက်တိုဘာ ၃၁ ရက် နံနက် ၆ နာရီခွဲတွင် ၇၀၂ စင်တီမီတာ၊ မွန်းလွဲ ၁ နာရီခွဲတွင် ၇၁၃ စင်တီမီတာ အမြင့်ဆုံးရေအမှတ်သို့ ရောက်ရှိခဲ့သည်။

စစ်တောင်းမြစ်ရေသည် နိုဝင်ဘာ ၁ ရက်မှစ၍ ရေပြန်လည်ကျဆင်းခဲ့ရာ နိုဝင်ဘာ ၂ ရက် နံနက် ၆နာရီခွဲတွင် ၆၈၇ စင်တီမီတာသို့လည်းကောင်း၊ နိုဝင်ဘာ ၃ ရက် နံနက် ၆ နာရီခွဲတွင် ၆၅၇ စင်တီမီတာသို့လည်းကောင်း၊ နိုဝင်ဘာ ၄ ရက် နံနက် ၆ နာရီခွဲတွင် ၆၀၀ စင်တီမီတာသို့လည်းကောင်း၊ ညနေ ၆ နာရီခွဲတွင် စိုးရိမ်ရေအမှတ်အောက် ၅၆၅ စင်တီမီတာသို့ အသီးသီးပြန်လည်ကျဆင်းခဲ့သည်။ နိုဝင်ဘာ ၅ ရက် နံနက် ၆ နာရီခွဲတွင် ရေအမှတ်မှာ ၅၃၄ စင်တီမီတာအထိ ကျဆင်းသွားခဲ့ပြီဖြစ်သည်။

အဆိုပါရေဝင်ရောက်မှုကြောင့် တောင်ငူခရိုင်၊ မြို့နယ်များအတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၈ အုပ်စု၊ အိမ်ထောင်စု ၁၃၆၇၄ စုမှ လူဦးရေပေါင်း ၄၉၈၄၈ ဦး *စာမျက်နှာ ၈ ကော်လံ ၁* ❍

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း တောင်ငူခရိုင်၊ မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

နေပြည်တော် နိုဝင်ဘာ ၅

နိုဝင်ဘာ ၄ ရက် ည ၁၁ နာရီ ၁၅ မိနစ် ၁၆ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်ဘက် ၆၂ မိုင် ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (သပိတ်ကျင်းမြို့၏အရှေ့ဘက် လေးမိုင်ခန့်အကွာ)ကိုဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှသတင်း ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ကြော်ငြာအချပ်ပိုလေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

ခရီးသွားပြည်သူများ ကြိုတင်သိရှိနိုင်ရန်အတွက် နိုဝင်ဘာ ၁၀ ရက်နေ့မှစ၍ ရထားအချိန်စာရင်းပြင်ဆင်ပြေးဆွဲမည်

နေပြည်တော် နိုဝင်ဘာ ၅

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် အမှတ်(၉) အဆန်/၁၄၁ အဆန် ကွင်းဆက်ရထားနှင့် အမှတ်(၁၄၂) အစုန်/၁၀ အစုန်ကွင်းဆက်ရထားတို့သည် ရန်ကုန်-ပျဉ်းမနား-ရွှေညောင်နှင့် ရွှေညောင်-ပျဉ်းမနား- ရန်ကုန် ခရီးစဉ်ပြေးဆွဲနေရာမှ နိုဝင်ဘာ ၁၀ ရက်နေ့မှစ၍ ရန်ကုန်- သာစည်- ရွှေညောင်ခရီးစဉ်နှင့် ရွှေညောင်-သာစည်- ရန်ကုန်ခရီးစဉ်သို့ အောက်ပါခရီးစဉ်အတိုင်း ပြေးဆွဲသွားမည်ဖြစ်ကြောင်း ခရီးသွားပြည်သူများ ကြိုတင်သိရှိနိုင်စေရန် အကြောင်းကြားအပ်ပါသည်-

ရထားအမှတ်	ခရီးစဉ်	ထွက်ချိန်	ရောက်ချိန်
အမှတ်(၉)အဆန်	ရန်ကုန်-သာစည်	၁၁း၀၀	၀၃း၃၀
အမှတ်(၁၀)အစုန်	သာစည်-ရန်ကုန်	၂၂း၀၀	၁၄း၄၀

စာမျက်နှာ ၉ ကော်လံ ၅ ✻

ဆီးဂိမ်းရွှေတံဆိပ်နှင့် မြန်မာနပန်း

သတင်း ➤ ညီမြတ်သော်တာ

ရန်ကုန် နိုဝင်ဘာ ၅

မြန်မာနိုင်ငံ နပန်းအဖွဲ့ချုပ်ကို လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်းက ဖွဲ့စည်းခဲ့သော်လည်း ပထမဆုံး နိုင်ငံတကာပြိုင်ပွဲကို ၂၀၁၁ ခုနှစ် (၂၆) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကျမှ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ပထမဆုံး နိုင်ငံတကာပြိုင်ပွဲတွင် မြန်မာနပန်းအဖွဲ့မှာ ရွှေတံဆိပ်ရယူနိုင်ခြင်းမရှိသော်လည်း ကြေးတံဆိပ်လေးခု ရယူနိုင်ခဲ့သည်။

နပန်းအားကစားနည်းမှာ အိုလံပစ်အားကစားနည်းတစ်ခု ဖြစ်သော်လည်း မြန်မာတို့နှင့်ထိတွေ့မှု အားနည်းနေသောကြောင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် မြန်မာနပန်းအဖွဲ့အနေဖြင့် ပိုမိုအားထုတ်ပြင်ဆင်နေလျက်ရှိသည်။ မြန်မာနပန်းအဖွဲ့မှာ တူရကီနိုင်ငံမှ နည်းပြဆရာများကို ငှားရမ်းလေ့ကျင့်ခဲ့သလို နိုင်ငံတကာပြိုင်ပွဲများကိုလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ဆီးဂိမ်းပြိုင်ပွဲတွင် နပန်းအားကစားနည်းမှ ရွှေတံဆိပ် ၂၁ ဆုချီးမြှင့်မည်ဖြစ်ပြီး အမျိုးသားပြိုင်ပွဲတွင် ၁၄တန်း၊ အမျိုးသမီးပြိုင်ပွဲတွင် ခုနစ်တန်း ထည့်သွင်းကျင်းပမည်ဖြစ်သည်။ တူရကီနည်းပြများဖြင့် ပြင်းပြင်းထန်ထန် လေ့ကျင့်နေသလို ပြည်ပနိုင်ငံများတွင်လည်း ကာလရှည် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ထားရာ ၂၀၁၁ ဆီးဂိမ်းပြိုင်ပွဲထက်စာလျှင် မြန်မာနပန်းကစားသမားများမှာ အများကြီးတိုးတက်လာသည်ကို တွေ့ရသည်။

စာမျက်နှာ ၅ ကော်လံ ၅ ●

အမြန်ရောင်းမည်

၂၅ ပေ×ပေ ၅၀၊ လုံးချင်းငါးထပ်တိုက်အသစ်၊ လေးထောင့်ကန်လမ်းမပေါ်၊ သဃ်န်းကျွန်း(ဘ၀မြင့်မှတ်တိုင်)။ [ဘဏ်၊ ဆေးရုံ၊ ကျောင်း၊ ဟိုတယ်လုပ်ရန် နေရာကောင်း] ဖုန်း-၀၉-၇၃၀၁၃၈၆၉

သာသနာရောင်ဝါထွန်းစေဖို့ သမ္မတ ကထိန် သင်္ကန်းများ ဝယ်ယူလှူဒါန်းကြပါစို့ ...

[illegible]

သမ္မတ ဆိုင်များအားလုံးတွင် ဈေးနှုန်းတစ်ပြေးညီ လက်လီ / လက်ကား ဝယ်ယူရရှိနိုင်ပါသည်။

မရမ်းတလင်းစာပေ

ဝင်းဇော်(သစ်တော)

ဆရာကြီးမင်းသိင်္ခ

အကျိုးစီးပွားဖြစ်ထွန်းစေသော

တားရော့

Major ... Minor ...

ဆက်သွယ်ရန် မရမ်းတလင်းစာပေ — ဖုန်း — ၀၁ ၅၄၃၂၉၇ ၊ ၀၉ ၇၃၀၀ ၂၉၆၅ E-mail : marantalin.books@gmail.com

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားဆရာမ ၃၂-ကြိမ်မြောက်သတိရခြင်းပွဲ ဖိတ်ကြားလွှာ

ကျင်းပမည့်နေ့ရက် — ၂၃-၁၁-၂၀၁၃ရက်(စနေနေ့)

ကျင်းပမည့်အချိန် — နံနက်(၉း၀၀)နာရီ

ကျင်းပမည့်နေရာ — ရန်ကုန်သူနာပြုတက္ကသိုလ်(ပင်မ) ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့။

[illegible]

ဖိတ်ကြားအလုပ်အမှုဆောင်အဖွဲ့

အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၃ခုနှစ် မတ်လတွင် ကျင်းပပြီးစီးခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲ၌ အထက(၁) ဒဂုံမြို့နယ်မှ ခုံအမှတ် (ဆဒဂ-၃၁၂)ဖြင့် ဝင်ရောက်ဖြေဆိုခဲ့သော ဦးမျိုးမြင့်-ဒေါက်တာချိုချိုဝင်းတို့၏သမီး မယဉ်ဝင်းမျိုးသည် ခြောက်ဘာသာဂုဏ်ထူးရရှိ၍ ရမှတ်ပေါင်း (၅၄၅)မှတ်ဖြင့် အောင်မြင်ပြီး ရန်ကုန်တိုင်းဒေသကြီးအဆင့် အဋ္ဌမဆု ရရှိသောကြောင့် အထူးချီးကျူး ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် အမြဲထူးချွန်ထက်မြက်သူတစ်ဦးဖြစ်စေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးထွန်းဝင်း-ဒေါ်မိမိခိုင်

ဦးမောင်မောင်ဝင်း-ဒေါ်သန်းသန်းဌေး

မြေကွက်ဝယ်လိုသည်

09 31589922

09 31268183

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဃ)၊ မြေကွက် အမှတ် ၉၉/ခ၊ မြေကွက်တည်နေရာ အမှတ် ၉၉/ခ၊ ဝေပုလ္လ ၃ လမ်း၊ (ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဦးစိန်ဝင်း (အေအေ-၀၉၂၀၃၈၊ ဒေါ်သန်းသန်းနွဲ့ (အန်/အိုကေအေ-၀၀၃၃၈၅) အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက်ဦးစိန်ဝင်း၊ဒေါ်သန်းသန်းနွဲ့တို့က ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကွန်ဒို/တိုက်ခန်း ရောင်းမည်

[illegible]

095779128 0931300955

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀နှင့် ၅)

ရှမ်းပြည်နယ်တရားလွှတ်တော်

၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၃

ကုမ္ပဏီလီမိတက်	နှင့်	၁။ ဒေါ်နော်ဝေဝေခိုင်
(၎င်းမှလွှဲအပ်ခြင်းခံရသူဦးကျော်ရှင်း)		၂။ ဦးနီရိမလကူမာရ်
တရားလို		တရားပြိုင်များ

(ယခင်)တာချီလိတ်မြို့၊ မကာအိုခမ်းရပ်ကွက်၊ မေဖလားဝါးကွင်း၊ သိပ္ပံလမ်း၊ အမှတ်(၂/၁၈၉)နေ ဒေါ်နော်ဝေဝေခိုင်နှင့် တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်၊ ဝန်ထမ်းကုန်း၊ အမှတ်(၆/၃၅)နေ ဦးနီရိမလကူမာရ် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဟိုတယ်နှင့်မြေအားပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာလိုမှုနှင့် စာရင်းရှင်းလင်းပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၅ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်အရ-
(ဥမ္မာတင်)
လက်ထောက်ညွှန်ကြားရေးမှူး
ရှမ်းပြည်နယ်တရားလွှတ်တော်

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဒဂုံစက်မှုဇုန်(၃)၊ ဟိန္ဒားလမ်း၊ ဆိုင်ခန်းအမှတ်(C/131)၊ ပေ၂၀×ပေ၃၀ကို ပိုင်ရှင်ဖြစ်သူ အာမိန်ဟူဆောင် AKB-၂၂၂၄၇၁ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စအတွက် ကန့်ကွက်လိုသူရှိပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမင်းဆွေ B.A, R.L
တရားလွှတ်တော်ရှေ့နေ (၁၇၇၀)
အမှတ်၈၃၊ အခန်း၁၄၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်အုပ်စု၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်/ငါးမွေးမြူရေးလုပ်ငန်း အထူးဇုန်(၁)၊ C-8 လမ်းတွင် တည်ရှိသော (က) ဦးသောင်းနိုင် ၁၂/မရက(နိုင်)၁၀၇၈၀၀ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အမှတ် (ဘီ-၄၅+၄၆)၊ ၂ယူနစ်၊ ၁၀ဒသမ၀၀၈ဧကနှင့် (ခ) ဦးရွှေသွေး ၇/တငန(နိုင်)၀၀၁၁၂၆ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အမှတ် (ဘီ-၄၇)၊ ၁ ယူနစ်၊ ၅ဒသမ၀၀၈ဧကတို့ကို အမည်ပေါက်များထံမှ ကျွန်မ မစန်းစန်းမြင့်(ခ)စံပယ်လှိုင်က အပြီးအပိုင်ဝယ်ယူပြီး တန်ဖိုးငွေများကိုပေးချေပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာတွင် ကျွန်မ၏အမည်သို့ ပြောင်းလဲမည့်ကိစ္စအား ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း မူရင်းစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေအပ်ပါသည်။

မစန်းစန်းမြင့်(ခ)စံပယ်လှိုင် ၁၂/သလန(ပြု)၀၀၁၆၅၇
အမှတ်၄၅၆၊ ဒုတိယထပ်၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ဖုန်း-၀၁-၃၈၅၇၁၀၊ ၀၉-၄၃၀၂၄၆၅၄

တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
အင်ဂျင်နီယာသင်တန်းသားများ
အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဘူးသူ (လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၈-၉-၂၀၁၃** ရက်နေ့မှ စတင်၍ **၃၀-၁၁-၂၀၁၃** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လည် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ပြင်ဦးလွင်မြို့ (တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၂၉-၁၂-၂၀၁၃** မှ **၃၀-၁၂-၂၀၁၃** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၆၅၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၆၆၀၀၀/-** ၊ တတိယနှစ် **ကျပ် ၆၇၀၀၀/-**ရရှိမည်။ ထို့အပြင် နိုင်ငံတော်မှ ခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး **ကျပ် ၃၀၀၀၀/-** အား ခံစားခွင့်ပြုသည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းပြီးဆုံးပြီးနောက်တပ်မတော်တွင် အနည်းဆုံး ၁၀ နှစ်တာဝန်ထမ်းဆောင်ရမည်။

ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၁၄ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၂၆-၉-၂၀၁၃ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၆-၁၂-၂၀၁၃ ရက်နေ့မှ ၁၄-၁၂-၂၀၁၃ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်။

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)။
(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓါတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း) အမှတ်(၁) အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ် လစာ ၅၅၀၀ဝိ /-ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ ၅၆၀၀ဝိ/-ကျပ်ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)အဖြစ် ခန့်အပ်ပေးမည်။[၎င်းအပြင် နိုင်ငံတော်မှခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀ဝိ/-) ခံစားခွင့်ပြုသည်။]

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့် /အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ ၊ စရိတ်များ ရရှိမည်-

	အဆင့်အတန်း	အခြေခံ လစာ	အရည်အချင်း လစာ	M.H.R.A	ပေါင်း
(က)	တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)	၇၄၀၀၀	၁၀၀၀	၅၀၀၀	၈၀၀၀၀
(ခ)	တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း)	၇၄၀၀၀	၁၅၀၀	၅၀၀၀	၈၀၅၀၀
(ဂ)	တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း)	၇၄၀၀၀	၂၀၀၀	၅၀၀၀	၈၁၀၀၀
(ဃ)	ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ)	၈၆၀၀၀	၂၀၀၀	၅၀၀၀	၉၃၀၀၀
(င)	အရာခံဗိုလ်(စာရေး/ကွန်ပျူတာ)	၉၂၀၀၀	၂၀၀၀	၅၀၀၀	၉၉၀၀၀

မှတ်ချက်။ (၁) နှစ်တိုးလစာကို ၂ နှစ်လျှင် ၁၀၀ဝိ/- နှုန်းဖြင့် ၅၀၀ဝိ/- အထိ ခံစားခွင့်ရှိသည်။
(၂) နိုင်ငံတော်မှခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀ဝိ/-) ခံစားခွင့်ပြုသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင် သော်လည်းကောင်း၊ ဘွဲ့မရ သေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများတွင်** မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

မှတ်ချက်။ အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

[illegible]

တသောင် အထက ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲ

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ တသောင်(အမက၊ အလက၊ အထက)၌ ပညာသင်ကြားပေးခဲ့ကြသော အငြိမ်းစားယူပြီး အသက် (၆၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီးတို့အား တပည့်ဟောင်းများမှ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို (၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်) ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက် (တနင်္ဂနွေနေ့)တွင် တသောင်အထက၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် တပည့်ဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကိုယ်တိုင် မပျက်မကွက်လာရောက်ဆင်နွှဲကြပါရန် နှိုးဆော်အပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန်

၁။ ဦးဝါယမ (ရန်ကုန်)	ဖုန်း-၀၉-၄၂၀၀၀၈၅၅၄
၂။ ကိုကျော်ဝဏ္ဏ(ရန်ကုန်)	ဖုန်း-၀၉-၄၂၀၁၃၀၉၃၆
၃။ ဒေါက်တာ တင်နောင်ဝင်း (မန္တလေး)	ဖုန်း-၀၉-၄၃၀၀၃၂၇၂
၄။ ကိုညီညီနိုင် (မန္တလေး)	ဖုန်း-၀၉-၉၁၀၁၆၉၇၀
၅။ ကိုစိုးလတ်(နေပြည်တော်)	ဖုန်း-၀၉-၄၂၈၁၂၀၂၂၂
၆။ ကိုမျိုးလွင် (နေပြည်တော်)	ဖုန်း-၀၉-၄၂၀၇၀၇၄၀၈
၇။ ကိုစောဝင်းခိုင် (စင်ကာပူ)	
၈။ မဒွေးဒွေးလင်း (စင်ကာပူ)	ဖုန်း-၀၆၅-၉၀၆၇၄၇၃၅
၉။ ကိုနေလင်း (မလေးရှား)	ဖုန်း-၆၀၁၁၂၈၂၇၀၆၁၄
၁၀။ကိုဌေးလင်း(တသောင်)	ဖုန်း-၀၉-၄၀၁၆၄၄၃၈၂
၁၁။ကိုမြတ်စိုးမင်း (တသောင်)	ဖုန်း-၀၉-၄၀၁၆၈၀၈၁၃

ကျင်းပရေးကော်မတီ

လက်ထပ်ပြီးစီးခြင်း

ပဲခူးတိုင်းဒေသကြီး၊ မုန်းမြို့၊ အမှတ် ၂ရပ်ကွက်နေ (ဦးထွန်းရွှေ)-ဒေါ်သန်းဌေးတို့၏သား၊ ဗိုလ်ကြီး အောင်မြသူနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အမှတ် ၅၂၂၊ ရဲစုကြီးရပ်ကွက် ဖွံ့ဖြိုးရေးလမ်းနေ (ဦးအောင်သန်း-ဒေါ်လွင်လွင်မော်)တို့၏သမီး၊ မသီတာလွင် (ဖူဂျီယာမ မီဒီယာ-မြန်မာနိုင်ငံ ဂီတအစည်းအရုံးအဖွဲ့ဝင်)တို့သည် ၂၄-၁၀-၂၀၁၃ ရက်တွင် (မှော်ဘီတရားရုံး)၊ ဒုတိယတရားသူကြီး ဒေါ်သီတာအေး(မဟာဥပဒေ)ရှေ့မှောက်တွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြပါသော မြဝတီရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ တပ်မှူးနှင့်ဇနီး၊ အရာရှိ အရာခံဝန်ထမ်းများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

ဗိုလ်ကြီးအောင်မြသူ-မသီတာလွင်

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ-၆၊ မြေကွက်အမှတ် ၁၀၆/က၊ မြေကွက်တည်နေရာ ၁၀၆(က)၊ လှိုင်မဉ္ဇူလမ်း၊ ၁၃ ရပ်ကွက်၊ ဦးတင်ဝင်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတင်ဝင်းထံမှ အရပ်ကတိအရောင်းစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးကျော်နိုင် ၁၄/ညတန(နိုင်)၁၂၆၀၉၇ က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ဝန်ခံကတိတို့တင်ပြပြီး ဂရန်သစ်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တိုက်ခန်းရောင်းမည်(ပွဲစားမလို)

- စမ်းချောင်း၊ လမ်းသန့်၊ နေရာကောင်း၊ ပေကျယ် (၂၅×၅၀)၊ ပဉ္စမထပ်၊ ပါကေး၊ ကြွေပြား၊ သံပန်း၊ ဆန်းရှိတ်၊ အိပ်ခန်းကျယ်(၂)ခန်း၊ ရှေ့/နောက်(ဝရံတာ)၊ မျက်နှာကြက်အလှဆင်ပြီး၊ ရေ၊ မီးပါ။ ပြင်ဆင်ပြီး၊ အသင့်နေတိုက်ခန်းကျယ်၊ ဝယ်သူသာ ဆက်သွယ်ရန်၊ ကျပ် ၅၉၅ သိန်း၊ ဖုန်း-၀၉-၄၄၉၀၀၂၈၆၅

ပြင်ဆင်ဖတ်ရှုပါရန်

၃-၁၁-၂၀၁၃ ရက်ထုတ် ဤသတင်းစာ ကြော်ငြာကဏ္ဍစာမျက်နှာ၂ပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ ရောင်းချရန်ကြော်ငြာတွင် ပစ္စည်းစာရင်း၌ပါသော လိပ်စာမှာ အမှတ် ၂၅/၁၇ အစား အမှတ် ၂၅/၂၇ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဇော်ဂျီလမ်း၊ အမှတ် ၁၉ နေ
(ဦးစိန်)-ဒေါ်နှင်းရွှေတို့၏သားငယ်၊ မောင်ထွန်းအောင်-မခင်သီတာထိုက်၊
မောင်ဇော်ဝင်း-မရည်မွန်ထိုက်တို့၏ ညီ

မောင်ဘဟန် B.Sc(Matchs).CP Badminton Coach New York USA

နှင့်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၀၉လမ်း၊ အမှတ် ၃၅နေ
(ဦးကျော်မြင့်)-လောကြူ(ခ)ကြာရှိကြူတို့၏ သမီးလတ်၊
မောင်သူရ-မချိုသဲဝါတို့၏ညီမ၊ မသဲစုဝေ၏အစ်မ

မမေသဲဝါ B.Sc(Physics)

တို့သည် ၃-၁၁-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် Western Park Royal Restaurant (Ground Floor Ballroom) ၌ နှစ်ဖက်သော မိဘများ၏ရှေ့မှောက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့် မောင်ဘဟန်-မမေသဲဝါ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ [illegible] ရပ်ကွက်၊ [illegible]၊ အမှတ် (၁၈)၊ ၃-လွှာ၊ ၁၃ ပေ x ၅၀ ပေ ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း
အများသိစေရန်ကြေညာချက်

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးချစ်ကိုကို	ဦး[illegible]	ဦးအောင်[illegible]
LL.B, H.G.P., Dip in Business Law, Dip in Applied Psychology, Dip in Maritime Law	LL.B	LL.B, WIPO (Switzerland)
[illegible]	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ

အမှတ် (၆၀)၊ [illegible] ဖုန်း - [illegible]

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ Yankin Housing Project 2010-2011 အိမ်ရာ၊ တိုက်အမှတ် (၅/၃)၊ အခန်းအမှတ် ၁၁၊ (ပထမထပ်)အခန်းကို မူလအမည်ပေါက်ပိုင်ရှင် ဦးကျော်စိုး ၁၂/မဂဒ(နိုင်)၀၀၆၉၄၈ထံမှ ဒေါ်ခင်ဘုန်းမြင့် ၇/ကပတ(နိုင်)၀၀၄၇၅၂က တရားဝင်စာချုပ်စာတမ်းဖြင့် ဝယ်ယူပြီးဖြစ်ပါသဖြင့် တိုက်ခန်းပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်အိမ်ရာ)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၊ မြေကွက်အမှတ် ၂၇၁၊ မြေကွက်တည်နေရာ အမှတ် ၂၇၁၊ တော်ဝင်လမ်းသွယ် ၇၊ ရွှေပြည်သာ ဒေါ်တင်တင်ဝင်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်တင်တင်ဝင်း ကွယ်လွန်သဖြင့် ဦးဝေသန်ဟိန်းမြင့် မောင်(ခ)မောင်မောင်ရဲထန် ၁၄/ကပန(နိုင်)၀၀၁၁၅၆ က သေစာရင်း၊ သားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပဲခူးတိုင်းဒေသကြီး၊ ဝမ်းဘဲအင်းကျေးရွာရှိ ကွင်းအမှတ် ၅၀၉၊ ဒေးစွန်ပါ ဦးပိုင်အမှတ် (၄၂) ဧရိယာ ၈ ဒသမ ၄၀ ဧက ခြံမြေနှင့် ပတ်သက်ဆက်နွယ်သော အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဝမ်းဘဲအင်းကျေးရွာရှိ ကွင်းအမှတ် ၅၀၉၊ ဒေးစွန်ပါ၊ ဦးပိုင်အမှတ် ၄၂၊ ဧရိယာ ၈ ဒသမ ၄၀ ဧက အကျယ်အဝန်းရှိသော ခြံမြေအား ၂၃-၆-၈၅ ရက်မှစ၍ ဦးစိုးလှကျော် ၁၂/သကတ(နိုင်)၀၃၇၆၇၂ (အင်တီယူ-၀၇၅၄၂၆)နှင့် ဇနီး ဒေါ်ခင်မာထွေး ၁၂/သကတ(နိုင်)၀၃၇၆၉၃ (အယ်အက်စ်အို-၁၀၇၃၉၄)တို့က ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းမပြုလုပ်ခဲ့ပါ၍ ၎င်းတို့၏ တရားဝင်သဘောတူခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်လွှတ်လှူဒါန်းခြင်း၊ အငှားချထားခြင်း၊ အာမခံတင်သွင်းခြင်း၊ အမည်ပြောင်းလျှောက်ထားခြင်းတို့ကို လုံးဝမပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ ခြံမြေနှင့်ပတ်သက်ဆက်နွယ်သော အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးစိုးလှကျော်နှင့်ဇနီး ဒေါ်ခင်မာထွေးတို့၏ တရားဝင်သဘောတူခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်လွှတ်လှူဒါန်းခြင်း၊ အငှားချထားခြင်း၊ အာမခံတင်သွင်းခြင်း၊ အမည်ပြောင်းလျှောက်ထားခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ခဲ့ပါက တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သန်းသန်းစိုး	**ဒေါ်ခိုင်ကျော့ကျော့လှိုင်**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**
စဉ်-၂၈၉၈	**စဉ်-၃၄၀၆၂**

တိုက်အမှတ် ၄၄၊ ပေ ၅၀ လမ်း၊ ၃ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၂၁၈၂၇၊ ၀၉-၄၃၁၂၄၅၉၄

အမည်မှန်

ညောင်လေးပင်မြို့နယ်၊ ကင်းမွန်ခြံ ကျေးရွာနေ မမြမြမွန် ၇/ညလပ(နိုင်)၁၆၃၁၈၈၏အမည်မှန်မှာ မမြတ်မြတ်မွန် ဖြစ်ပါသည်။

မမြတ်မြတ်မွန်

ဦးပြည့်စုံ ၇/ပတတ(နိုင်)၀၄၃၉၅၀ တရားလွှတ်တော်ရှေ့နေဒေါ်နှင်းနုထွေး၊ ဒေါ်သီတာဌေးအထက်တန်းရှေ့နေ ဒေါ်သူဇာထွေးတို့က၂၅-၁၀-၂၀၁၃ရက်ထုတ်ကြေးမုံနှင့် ၂၄-၁၀-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာများတွင် အများသိစေရန်ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်မြို့၊ ဟောင်လိတ်အုပ်စု၊ ဂေါက်ကွင်းလမ်းဆုံရှိ မြေဧရိယာ အကျယ်အဝန်း အလျား(၂၀၉'×အနံ၂၀၉')ရှိ မြေကွက်မှာ ၅-၄-၂၀၁၂ ရက်စွဲပါ အကျိုးတူ လုပ်ငန်းနှစ်ဦးသဘောတူကတိစာချုပ်ဖြင့် ဦးပြည့်စုံ ၇/ပတတ(နိုင်)၀၄၃၉၅၀နှင့် ဦးသိန်းသန်းဝင်းတို့အကျိုးတူလုပ်ငန်းလုပ်ကိုင်ရန် သဘောတူညီချက်အရ ဖော်ပြပါမြေကွက်ပေါ်တွင် ငွေရှင်ဦးသိန်းသန်းဝင်းက မြေတိုင်းတာခြင်း၊ ခြံစည်းရိုးကာရန်ခြင်း၊ တရားမဝင်ကျူးကျော်သူများအားရှင်းလင်းခြင်း၊ လူနေအိမ်ခန်းများဆောက်လုပ်ရန်အကွက်ရိုက်ခြင်း၊ မြေကွက်ညှိခြင်း၊ အဆောက်အအုံ ၃၂စုံ ဆောက်လုပ်ပြီးစီးပါက အဆောက်အအုံတစ်ဝက် (၁၆) စုံစီ ခွဲဝေခံစားရရှိကြရန်၊ မိမိခံစားခွင့်ရှိသော အဆောက်အအုံ(၁၆)စုံအတွက် မိမိစိတ်ကြိုက်ရောင်းချပိုင်ခွင့်များရှိကြောင်း နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြပါသည်။ ယင်းအပြင်လုပ်ငန်းအရ ဖော်ပြပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးပါဝင်ကြောင်း အထက်ပါစာချုပ်တွင် ရေးသားဖော်ပြချုပ်ဆိုခဲ့ကြပြီးဖြစ်ပါသည်။

သို့သော်လည်း အထက်ဖော်ပြပါ ၅-၄-၂၀၁၂ ရက်စွဲပါ နှစ်ဦးသဘောတူစာချုပ်မှာ ယနေ့တိုင် ဆက်လက်တည်မြဲနေပါလျက် ဦးပြည့်စုံ ၇/ပတတ(နိုင်)၀၄၃၉၅၀ က ၂၅-၁၀-၂၀၁၃ရက်စွဲဖြင့် ကြေးမုံနှင့် ၂၄-၁၀-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာများပါ အများသိစေရန်ကြေညာခြင်းမှာ ပြည့်စုံမှန်ကန်ခြင်းမရှိပါ၊ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသိန်းသန်းဝင်း ၂/ဖရဆ(နိုင်)၀၁၂၇၁၃နှင့် ဦးပြည့်စုံ ၇/ပတတ(နိုင်)၀၄၃၉၅၀တို့ နှစ်ဦးသဘောတူချုပ်ဆိုထားသောစာချုပ်ပါ စည်းကမ်းချက်၊ သဘောတူညီချက်များကို ဆန့်ကျင်လျက် ဖော်ပြထားခြင်းဖြစ်ပါသည်။ ထို့အပြင် အဆိုပါမြေကွက်ပေါ်တွင် အဆောက်အအုံဆောက်လုပ်ခွင့်စောင့်ဆိုင်းနေချိန်တွင် စာချုပ်ပါလုပ်ငန်းဆောင်ရွက်ရန် ငွေရှင်ဖြစ်သူ ဦးသိန်းသန်းဝင်းက တစ်ထပ်တိုက်ရိုး အဆောက်အအုံတစ်လုံး ဆောက်လုပ်ထားရှိပါသည်။ အထက်ဖော်ပြပါမြေကွက်ပေါ်ရှိ ပစ္စည်းအရပ်ရပ်မှာ ဦးသိန်းသန်းဝင်းပိုင်ငွေဖြင့် ဆောင်ရွက်လုပ်ကိုင်ထားခြင်းဖြစ်၍ လက်ရှိပိုင်ဆိုင်ခွင့်ရှိသူလည်းဖြစ်ပါသည်။ တစ်ဖန် အထက်ဖော်ပြပါမြေကွက်ကို ဦးမောင်ကုတ်မှ ဦးပြည့်စုံအား မှတ်ပုံတင်မထားသောမေတ္တာဖြင့်ပေးကမ်းခြင်းစာချုပ်ဖြင့် လုပ်ပိုင်ခွင့်ကိုသာပေးကမ်းထားခဲ့ခြင်းဖြစ်ကာ ယခုအခါမြေပေးကမ်းသူ ဦးမောင်ကုတ်မှာလည်း ကွယ်လွန်သွားပြီး ဖြစ်ပါသည်။ ကွယ်လွန်သူဦးမောင်ကုတ်၏ အမွေဆက်ခံသူများမှ ဥပဒေအရ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

ယခုအခါ အထက်ဖော်ပြပါ ၅-၄-၂၀၁၂ရက်စွဲပါ ဦးပြည့်စုံ ၇/ပတတ(နိုင်)၀၄၃၉၅၀ နှင့် ဦးသိန်းသန်းဝင်းတို့၏ အကျိုးတူလုပ်ငန်းနှစ်ဦးသဘောတူ ကတိစာချုပ်အရ အဆိုပါ မြေကွက်မှာ ဦးသိန်းသန်းဝင်း၏ လက်ရှိဖြစ်ပါသည်။ ဦးပြည့်စုံမှ ဦးသိန်းသန်းဝင်းအား အသိပေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း တစ်စုံတစ်ရာမျှမပြုလုပ်ဘဲ အထက်ပါအတိုင်းသတင်းစာများတွင် ထည့်သွင်းကြေညာခြင်းမှာ မိမိတို့ချုပ်ဆိုထားသည့် နှစ်ဦးသဘောတူ ကတိစာချုပ်ကို ဖောက်ဖျက်ခဲ့ပါသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးသိန်းသန်းဝင်းတွင် များစွာထိခိုက်နစ်နာမှုများ ဖြစ်ပွားစေခဲ့ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါဦးပြည့်စုံ၏ ၂၅-၁၀-၂၀၁၃ရက်စွဲပါ ကြေးမုံနှင့်မြန်မာ့အလင်းသတင်းစာများပါ အများသိစေရန်ကြေညာချက်မှာ မှန်ကန်ပြည့်စုံမှု မရှိပါကြောင်းနှင့် လိုအပ်ပါက ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးပြည့်စုံ ၇/ပတတ(နိုင်)၀၄၃၉၅၀ နှင့် အများသိစေရန် ပြန်လည်အသိပေးကြေညာအပ်ပါသည်။

ဦးရဲမြင့်	**ဦးကြည်ဖေစိန်**	**ဦးသိန်းသန်းဇော်**
B.A(law)LL.B	**B.A(law)LL.B**	**B.A(law)LL.B**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**	**အထက်တန်းရှေ့နေ**
စဉ်-၂၂၂၀	**စဉ်-၂၃၂၀**	**စဉ်-၁၈၃၈၀**

အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မြစ်ကြီးနားမြို့၊ အေးမြသာယာ (မြို့သစ်ကြီးရပ်ကွက်)၊ ကွင်း/အကွက်အမှတ် (၁၅/၂-၁ အုတ်ကျင်းအနောက်)၊ ဦးပိုင်အမှတ် ၉၂၊ မြေဧရိယာ ၀ ဒသမ ၁၈၄ ဧကရှိ နေအိမ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်၌ သီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဝင်းနိုင်စိုး KMDE-၀၁၅၂၄၅ အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၃၆၂၅ (v)/၁၉၈၉-၉၀အရ ၃၀-၆-၂၀၂၀ ရက်အထိ နှစ် ၃၀ မြေငှားဂရန် ထုတ်ပေးခဲ့ပြီးဖြစ်ရာ အဆိုပါမြေငှားဂရန်သည် ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်အား မိတ္တူကူးယူခွင့်ပြုရန် ဝယ်ယူထားသူ၏ အထွေထွေကိုယ်စားလှယ် ရရှိထားသူ ဦးစိုးစိုး ၁/မကန(နိုင်)၀၂၈၈၆၈ က တင်ပြတောင်းခံလျှောက်ထားလာပါသည်။

ယင်းမြေငှားဂရန် မိတ္တူကူးခွင့်လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာစာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်း၊ သတ်မှတ်ကာလအတွင်း ကန့်ကွက်သူများမရှိပါက ပျောက်ဆုံးသည်ဟု တင်ပြသော မြေငှားဂရန်မူရင်းကို ပယ်ဖျက်၍ မြေငှားဂရန်မိတ္တူကူးယူခွင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့